# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ဆောက်မည့် ကျောင်းဆောင်တော် ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ဆောက်မည့် ကျောင်းဆောင်တော် ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒနှင့် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏတို့ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗဟိုပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကိုစိုက်ထူ၍ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။


**ယနေ့ ဖ တ် စ ရာ**

MR CHRISTOPHER STAKER ၏ ပထမအကြိမ် လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ပထမနှင့် စတုတ္ထအချက် — ကန့်ကွက်လွှာ — စာ - ၆

ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ စံပြကျေးရွာများ ထူထောင်စို့ — ဆောင်းပါး — စာ - ၁၀

ကိုဗစ် - ၁၉ အလွန် လူငယ်တို့၏ အနာဂတ်အရေး — ဆောင်းပါး — စာ - ၁၆

# တရားမဝင် ကုန်သွယ်မှုနှင့်အတူ အကျင့်ပျက်မှုကိုလည်း ဖော်ထုတ်

တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍လည်းကောင်း၊ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများနှင့် ပတ်သက်၍လည်းကောင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ရန် တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး ကြေညာလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ဖွဲ့စည်းခဲ့သည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီသည် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် သတင်းများရရှိရေးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ အကျင့်ပျက်မှုများကိုပါ ဖော်ထုတ်နိုင်ရေးတို့အတွက် ယင်းကဲ့သို့ ကြေညာချက်များ ထုတ်ပြန်ခဲ့ခြင်းပင်ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ မဆုံးရှုံးစေရေး၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပေးရေး၊ စားသုံးသူပြည်သူလူထု အန္တရာယ်ကင်းရှင်းစေရေး၊ အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ဦးတည်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၈၄ နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများကို တားဆီးနေမှုနှင့် စပ်လျဉ်း၍ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (TRACIT)က ကမ္ဘာလုံးချီ တရားမဝင်ကုန်သွယ်မှုကိန်းညွှန်း မြန်မာနိုင်ငံအစီရင်ခံစာတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားလျက်ရှိသည့် တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုအပေါ်သာမက ဒေသတွင်းနှင့် ပေါင်းစည်းဆက်သွယ်ရေးကိုလည်း သိသိသာသာ စိန်ခေါ်လျက်ရှိသည်။ ယင်းအပြင် မြန်မာ့သဘာဝ ပတ်ဝန်းကျင်ကြွံခိုင်မှု (ဥပမာ-တရားမဝင်သစ်ခုတ်ခြင်း)နှင့် စားသုံးသူများဘေးကင်းရေး (အရက်တရားမဝင်ကုန်သွယ်မှု)၊ ကျန်းမာရေး အပေါ်တွင်လည်း ကြီးစွာသော အန္တရာယ်ပေးလျက်ရှိသည်ဟူ၍ သုံးသပ်ခဲ့သည်။

တရားမဝင်ကုန်စည်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်လာခြင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် အခြားဒေသများသို့ ဖြတ်ကျော်သွားခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြစ်ဒဏ်ပေးမှု နည်းပါးခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ စောင့်ကြည့်မှုနှင့် အကျင့်ပျက်မှုကို စောင့်ကြည့်သည့် လုပ်ဆောင်ချက်များ အားနည်းခြင်းတို့က မြန်မာနိုင်ငံအတွင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး မူဝါဒများ အကောင်အထည်ဖော်ရေးကို နှောင့်နှေးစေကြောင်း ဖြင့်လည်း ဖော်ပြထားသည်။ တရားမဝင်ကုန်သွယ်ခြင်းသည် နိုင်ငံတော်ကိုရော ပြည်သူလူထုကိုပါ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ ထိခိုက်ဆုံးရှုံးမှုဟုဆိုရာတွင် သာမန်မျှသာမဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တားဆီးပိတ်ဆို့သွားစေသည့် အဆင့်၊ ပြည်သူလူထုအပေါ်တွင်လည်း ကျန်းမာရေးထိခိုက်စေမှု၊ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးစေမှုမှသည် ဆင်းရဲနွမ်းပါးစေသည့် အဆင့်ထိ ထိခိုက်ဆုံးရှုံးမှုမျိုးကို ဆိုလိုသည်။

မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများရှိသော်လည်း အားရကျေနပ်ဖွယ်မရှိသေးကြောင်းနှင့် လိုအပ်ချက်များရှိသေးကြောင်း ဦးဆောင်ကော်မတီဥက္ကဋ္ဌက ပြောကြားထားရာ မြေပြင်တွင် ဆောင်ရွက်လျက်ရှိသည့် အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် ထိရောက်စွာ ဆောင်ရွက်ရေး၊ မိမိတို့၏ ဝန်ထမ်းများနှင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ပတ်သက်ဆက်နွှယ်မှုမရှိအောင် အလေးထား၍ ကြီးကြပ်ကွပ်ကဲရေးတို့ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် သတင်းရယူဖော်ထုတ်ရာတွင်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၃၅၀၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၅၆၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ ပုဏ္ဏားကျွန်းမြို့နှင့် ပေါက်တောမြို့တို့၌ဒေသခံပြည်သူ ၂၁၇၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၃၄၀၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၃၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၇-၂-၂၀၂၂) ညနေ ၆ နာရီအထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 2 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 3 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 4 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 5 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 6 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 7 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 8 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 9 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 10 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330 252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ကုန်းဘောင်ခေတ် အမျိုးသား အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် စာပို့ တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် နှစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ကုန်းဘောင်ခေတ် အမျိုးသား/အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုးအား **မတ် ၂ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၁ ရက် (ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီခွဲ**မှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။







အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **မတ် ၂ ရက်**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ကြီးများက မေတ္တာပို့ဂါထာတော်များ ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ရတနတ္တယပူဇာဂါထာတော်နှင့် မေတ္တာပို့လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများပူဇော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများက ရတနာပန္နက်တော်နှင့် ရွှေလက်ရိုက်တော်တို့ကို ပရိတ်နံ့သာရည်များ ပက်ဖျန်း၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်ချီးမြှင့်တော်မူကြပြီး အကူဘုရားဒါယကာများက ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်နှင့် ပရိတ်နံ့သာရည်ဖလားများကို ပင့်ဆောင်၍ တည်ဆောက်မည့် ကျောင်းဆောင်တော်ဝတ္ထုကံအား လက်ယာရစ် လှည့်လည်ပူဇော်ကာ သတ်မှတ်နေရာသို့ ပို့ဆောင်ကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗဟိုပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ ပန္နက်တော်စိုက်ထူပူဇော်သည့် ရှေးထုံးစဉ်လာ ကျမ်းဂန်တော်လာ အစဉ်အလာမြတ်များနှင့်အညီ နေရာယူကြပြီး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုတို့က သတ်မှတ်နေရာအသီးသီး၌ ရတနာပန္နက်တော်များကို စိုက်ထူပူဇော်ပြီး ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။



ဗုဒ္ဓဥယျာဉ်အတွင်း တည်ဆောက်မည့် ကျောင်းဆောင်။

*စာမျက်နှာ ၃ မှ*

ထို့နောက် သံဃာတော် အရှင်သူမြတ်များဦးဆောင်၍ “ဇယန္တော ဗောဓိယာ မူလေ” အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ယင်းနောက် ရှင်းလင်းဆောင်ဒ္ဒ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သစ်ပင်များအား မိုးမကျမီ အပြီးစိုက်ပျိုးရန်၊ မြန်မာမှုလက်ရာများကို စနစ်တကျဖြစ်စေရေး ရှေးမူလက်ရာများအားလေ့လာ၍ ဆောင်ရွက်ရန်၊ လုပ်ငန်းများ စနစ်တကျ ပြီးစီးစေရေး ဆောင်ရွက်ရန်နှင့် အခြား

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဉာဏ်တော်ကိုးပေရှိ ဆင်းတုတော်များကို CNC စက်ဖြင့် ထုဆစ်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရတနာပန္နက်တော် စိုက်ထူပူဇော်စဉ်။

**မင်္ဂလာအခမ်းအနား ကျင်းပ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ဆောက်မည့် ကျောင်းဆောင်တော် ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။



စာမျက်နှာ ၄ မှ

လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လိုအပ်သည်များ မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပိုင်း(၁)နှင့် အပိုင်း(၂)တို့အား ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ထွင်းထုပူဇော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဉာဏ်တော်ကိုးပေရှိ ဆင်းတုတော်များကို CNC စက်ဖြင့် ထုဆစ်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော် နမူနာပုံစံ။**

## ထူးခြားသည့် ညအပူချိန်များ

၂၇ - ၂ - ၂၀၂၂

ဟဲဟိုးမြို့
၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
၅ ဒီဂရီစင်တီဂရိတ်
မိုင်းယန်းမြို့
၅ ဒီဂရီစင်တီဂရိတ်
ကျောက်မဲမြို့
၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၆ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့
၆ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့
၆ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့
၇ ဒီဂရီစင်တီဂရိတ်

**မိုး/ဇလ**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၁၃၈၃ ခု၊ တပို့တွဲလဆုတ် ၁၂ ရက်**

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်**

၁။ လူမျိုးတုံးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်ကို ကျူးလွန်သည်ဟူသော စွပ်စွဲချက်ဖြင့် ဂမ်ဘီယာနိုင်ငံမှ OIC အဖွဲ့ ကိုယ်စားပြု၍ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ တွင် တရားစွဲဆိုခဲ့ပါသည်။

၂။ ဂမ်ဘီယာနိုင်ငံက ICJ သို့ ဒုတိယအကြိမ် ဦးတိုက်လျှောက်ထားမှုကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် နယ်သာလန်နိုင်ငံရှိ ICJ တရားရုံးတွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားလှယ် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျ ကိုယ်စားလှယ်အဖြစ် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆောင်ရွက်ခဲ့ပါသည်။

၃။ တရားရုံး ပထမနေ့ တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာနှင့်ပတ်သက်သည့် ကြားနာမှု၌ မြန်မာကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ အဖွင့်မိန့်ခွန်းတွင် မြန်မာနိုင်ငံကိုယ်စားပြုရှေ့နေကြီးများအနေဖြင့် တရားရုံး၏ရှေ့မှောက်မှာ တရားစီရင်ပိုင်ခွင့်မရှိကြောင်း၊ ဆိုင်ရာဥပဒေများဖြင့် တိကျစွာ ဆန်းစစ်ကိုးကား၍ တင်ပြလျှောက်လဲနိုင်ခဲ့သော ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များမှာ ကျေနပ်အားရဖွယ် တွေ့ရှိရပါသည်။

၄။ တရားရုံး၏ ဒုတိယနေ့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ နိဂုံးချုပ်မိန့်ခွန်း ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့၊ မြန်မာကိုယ်စားပြုရှေ့နေကြီးများ၏ လျှောက်လဲချက်များပါ ဂမ်ဘီယာနိုင်ငံက တင်သွင်းခဲ့သည့်အပေါ် တရားရုံးက စီရင်ပိုင်ခွင့် မရှိကြောင်းနှင့်၊ သို့မဟုတ် ဂမ်ဘီယာနိုင်ငံသည် တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း ကြေညာပေးရန် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားချက်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ကြိုဆိုထောက်ခံပါသည်။

၅။ ဤအမှုကိစ္စနှင့်ပတ်သက်၍ တရားမျှတမှုအတွက် မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကြိုးပမ်းကာကွယ်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးစီးသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံကိုယ်စားပြုရှေ့နေကြီးများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် ယင်းတို့နှင့် တစ်သားတည်း ရပ်တည်လျက်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်း၌ ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး သတ္တမအသုတ် (ပထမ)အကြိမ် ထိုးနှံ



**ပေါက်တော ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းတွင် ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ အသက် ၁၈ နှစ်နှင့်အထက် ဦးတည်အုပ်စု ပြည်သူများအား သတ္တမအသုတ် (ပထမ)အကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Covaxin (10 dose)ကို ယနေ့နံနက် ၉နာရီက ထိုးနှံခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

အဆိုပါ ကြိမ်နီပြင် IDP စခန်း၌ ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်စေတနာ့ဝန်ထမ်းများက လိုအပ်သည်များ ကူညီပေးခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ထိုသို့ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကိုကိုအောင်ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးကြပြီး ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သတ္တမအသုတ် (ပထမ)အကြိမ် ထိုးနှံပေးခြင်းကို ယနေ့တွင် ပေါက်တောမြို့နယ်ရှိ ကြိမ်နီပြင် IDP စခန်း၌ ခိုလှုံနေကြသော ပြည်သူစုစုပေါင်း ၁၈၃ ဦး လာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# Genocide Convention အရ လျှောက်ထားသောအမှု (ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် MR CHRISTOPHER STAKER ၏ ပထမအကြိမ် လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ပထမနှင့် စတုတ္ထအချက်



**နိဒါန်း**

ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများ ခင်ဗျာ၊

၁။ ပထမအကြိမ် ကြားနာမှုအပြီးမှာ ဒုတိယအကြိမ်ကြားနာမှုတွင် မည်သည့် ယခင်လျှောက်ထားချက်များကိုမှု ထပ်မံပြောကြားရန် မလိုကြောင်း ကျွန်တော်တို့ကို သတိပေးခဲ့ပါတယ်။

၂။ ယခုဒုတိယအကြိမ်တင်သွင်းမှုတွင် ကျွန်တော့်အနေဖြင့် ပထမနှင့်စတုတ္ထ ကနဦးကန့်ကွက်ချက်များကို ဦးစွာတင်ပြမှာဖြစ်ပါတယ်။ Professor Talmon အနေဖြင့် ဒုတိယကနဦး ကန့်ကွက်ချက်များကို တင်ပြမှာဖြစ်ပြီး အဲဒီနောက်မှာတော့ Professor Kolb က တတိယကနဦးကန့်ကွက်ချက်များကို တင်ပြမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ဖြစ်သူက မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်တင်သွင်းမှု နိဂုံးချုပ်မိန့်ခွန်းပြောကြားမှာ ဖြစ်ပါတယ်။

**အထွေထွေကိစ္စရပ်များ**

၃။ ဒါပေမယ့် ကျွန်တော်တို့ တစ်ဦးချင်းစီရဲ့ ကနဦးကန့်ကွက်ချက်များ မတင်သွင်းမီ ကျွန်တော့်အနေနဲ့ ဂမ်ဘီယာရဲ့ ပထမအကြိမ် နှုတ်ဖြင့်တင်သွင်းမှုမှ ထွက်ပေါ်လာတဲ့ အထွေထွေကိစ္စရပ် (၃) ခုကို ဦးစွာတင်သွင်းမှာ ဖြစ်ပါတယ်။

၄။ ပထမကိစ္စက ယခုကဲ့သို့ ဖြစ်ပါတယ်။ ပထမအကြိမ် တင်သွင်းမှုအတွင်းမှာ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်ဟာ တရားစီရင်ရေးနှင့် ခွင့်ပြုရေးကိစ္စရပ်များအတွက် ကနဦးအခြေခံဖြစ်တယ်ဆိုတာကို ဂမ်ဘီယာက အကြိမ်ပေါင်းများစွာ အသိအမှတ်ပြုခဲ့ပါတယ်။ အဲဒါမှန်ကန်ပါတယ်။ အဆိုပါအမိန့်တွင် တရားရုံးက ကြားဖြတ်စီမံဆောင်ရွက်ချက်များ အဆင့်တွင် ၎င်းသည် “အမှု၏ အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ တရားစီရင်ပိုင်ခွင့်ရှိသည်ဟူသော ပုံစံဖြင့် မိမိဘာသာ သေချာနေရန် မလိုအပ်ကြောင်း” အတိအလင်း သိရှိထားပါတယ်၊ တရားစီရင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ကနဦး အခြေခံအဆင့်မျှဖြင့်သာ ကိုင်တွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အမိန့်မှာ ဖော်ပြထားပါတယ်။

၅။ ဒါကြောင့်မို့ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်ရဲ့ စာပိုဒ် ၈၅ မှာ အဆိုပါအမိန့်သည် “တရားရုံး၏ တရားစီရင်ပိုင်ခွင့်နှင့် လျှောက်ထားမှုအား လက်ခံနိုင်မှုကို မည်သည့်နည်းဖြင့်မျှ ကြိုတင်ဆုံးဖြတ်မှာမဟုတ်ကြောင်း” ပြတ်သားစွာ ဖော်ပြထားပြီး “အဲဒီမေးခွန်းများ စပ်လျဉ်း၍ အငြင်းပွားခွင့်များနှင့် အထောက်အထားတင်ပြပိုင်ခွင့်ကို မြန်မာနိုင်ငံ၏ ရပိုင်ခွင့်အား မထိခိုက်စေဘဲ” လည်း အမိန့်မှာပါရှိပါတယ်။ နောက်ဆက်တွဲ ကနဦးကန့်ကွက်မှုအဆင့်တွင် တိကျသောအခြေခံဖြင့် တူညီသော တရားစီရင်ပိုင်ခွင့်နှင့် လျှောက်ထားမှုကို လက်ခံနိုင်မှုဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်ပေးရန် မြန်မာနိုင်ငံ၏ တောင်းဆိုပိုင်ခွင့်ကို တရားရုံးကိုယ်တိုင်က ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုပါတယ်။

၆။ တရားရုံးမှ ဤရှင်းလင်းသည့်ဖော်ပြချက်ရှိသော်လည်း ပထမအကျော့ လျှောက်လဲမှုတွင် ဂမ်ဘီယာနိုင်ငံ၏ တင်ပြချက်များတွင် ကနဦးကန့်ကွက်မှုလေးရပ်ကို ယာယီအစီအမံအဆင့်တွင် တရားရုံးက တစ်နည်းနည်းဖြင့် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းနှင့် ယခုအချိန်တွင် မည်သည့်အရာမျှ မပြောင်းလဲခဲ့သဖြင့် တရားရုံး၏ ဆုံးဖြတ်ချက်မှာလည်း မပြောင်းလဲသင့်ကြောင်း ဖော်ပြထားပါတယ်။

၇။ သို့ရာတွင် ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် အပိုဒ် ၈၅ တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့်အတိုင်း ကနဦးကန့်ကွက်ချက်များကို မည်သည့်နည်းနဲ့မျှ ကြိုတင်ဆုံးဖြတ်ခြင်း မပြုရဟုဆိုလျှင် လက်ရှိတရားစွဲဆိုမှုအဆင့်တွင် နှစ်ဦးနှစ်ဖက်၏ ကျယ်ကျယ်ပြန့်ပြန့် ငြင်းခုံမှုများနှင့် အထောက်အထားများအား ကနဦးကန့်ကွက်ချက်များတွင် အပြည့်အဝ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်သည် အဆုံးအဖြတ်မဟုတ်ရုံသာမက အစပျိုးသည့်အချက်ပင် မဟုတ်ပါ။ ဤအဆင့်တွင် ယခုစဉ်းစားနေသော ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက် လုံးဝမဟုတ်ပါ။

၈။ ဒုတိယကိစ္စက ယခုကဲ့သို့ ဖြစ်ပါတယ်။ ကနဦးကန့်ကွက်ချက်များဟာ အမှုကိစ္စ၏ အကြောင်းအချက်များနဲ့ လုံးဝမသက်ဆိုင်ပါ။ သို့သော်လည်း ပထမအကျော့တွင် ဂမ်ဘီယာ၏ ဥပဒေအကျိုးဆောင်သည် အဆိုပါကိစ္စရပ်တွင် ကနဦးကန့်ကွက်မှုများနှင့် မသက်ဆိုင်သည့် ဂမ်ဘီယာ၏ အခိုင်အမာပြောဆိုချက်သို့မဟုတ် မြန်မာနိုင်ငံရှိ အခြားဖြစ်ရပ်များနှင့် သက်ဆိုင်သည့် ပြောကြားချက်များကို ပြုလုပ်ခဲ့ပါတယ်။ ကနဦးကန့်ကွက်မှုများနှင့်စပ်လျဉ်း၍ လက်ရှိကြားနာမှု အခြေအနေတွင် ဂမ်ဘီယာနိုင်ငံ၏ အဆိုပါပြောကြားချက်များအား လုံးဝအကြောင်းပြန်ခြင်းမရှိကြောင်း ရှင်းရှင်းလင်းလင်း သိသာထင်ရှားပြီး အဆိုပါပြောကြားချက်များအား မြန်မာနိုင်ငံမှ ဖြေရှင်းမှုမပြုခြင်းသည် မည်သည့်နည်းဖြင့်မျှ လိုက်လျောမှုအဖြစ် မယူဆနိုင်ပါ။

၉။ တတိယကိစ္စက ယခုကဲ့သို့ ဖြစ်ပါတယ်။ ကနဦးကန့်ကွက်မှုများအား တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် အမှုများကို လက်ခံနိုင်မှုအား ဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည် ဖြစ်ပါတယ်။ ဤသည်မှာ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သော အချက်သာဖြစ်ပါတယ်။ သို့သော်လည်း၊ ဂမ်ဘီယာက အခြားနည်းဖြင့် အဓိပ္ပာယ်သက်ရောက်နိုင်သော ပြောကြားချက်များ ပြုလုပ်ခဲ့သောကြောင့် ကျွန်တော့်အနေနဲ့ ဖော်ပြခြင်းဖြစ်ပါတယ်။ ပထမအကျော့တွင် ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံအပေါ် တရားရုံးကသာ ဩဇာလွှမ်းမိုးမှုရှိသည်ဟူသော အကျိုးသက်ရောက်မှုရှိကြောင်း၊ တရားရုံးသည် မြန်မာနိုင်ငံအပေါ် စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်းမရှိပါက မြန်မာနိုင်ငံသည် မည်သူ့ကိုမျှ တာဝန်ခံမည်မဟုတ်ကြောင်း၊ လက်ရှိကြားဖြတ်စီမံဆောင်ရွက်ချက်များကို ထိန်းသိမ်းထားရန်မှာ မရှိမဖြစ်လိုအပ်ကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဗင်းရှင်းကို ခိုင်မာစွာထိန်းသိမ်းရန် တရားရုံးတွင် တာဝန်ရှိကြောင်းနှင့် ကနဦးကန့်ကွက်မှုများသည် အဆိုပါကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်များနှင့် ကွဲလွဲမှုရှိနေကြောင်း ပြောကြားခဲ့ပါတယ်။

၁၀။ ကနဦးကန့်ကွက်လွှာသည် အမှု၏ အဓိကအကြောင်းအရာနှင့် သက်ဆိုင်ခြင်းမရှိပါ။ ထို့ကြောင့် စီရင်ပိုင်ခွင့်နှင့် အမှုလက်ခံခွင့်ဆိုင်ရာ ဥပဒေကို တရားရုံးက ဂမ်ဘီယာပြောသည့်အတိုင်း ပြုပြင်ပြောင်းလဲပေးသင့်ကြောင်း ဂမ်ဘီယာက တိုက်တွန်းအကြံပြုနေတာမျိုးသာမဟုတ်ခဲ့လျှင်၊ အမှု၏ လက်ရှိအဆင့်တွင် ဂမ်ဘီယာက အမှုအကြောင်းအရာတွေ ဘာကြောင့် ထည့်သွင်းလျှောက်လဲတင်ပြနေတယ်ဆိုတာ စဉ်းစားရခက်နေမှာဖြစ်ပါတယ်။ ဂမ်ဘီယာရဲ့ ပြောပုံအရဆိုရင် Genocide Convention အမှုကိစ္စမှာ ကနဦး ကန့်ကွက်ချက်ဆိုတာ “ရောသမမွှေထားတဲ့ လုပ်ထုံးလုပ်နည်းတွေ” ဆိုတဲ့ ပုံစံမျိုး ပေါက်သွားမှာဖြစ်ပါတယ်။ ဘယ်အမှုမှာပဲဖြစ်ဖြစ် တရားရုံးက သူ့ရဲ့ စီရင်ပိုင်ခွင့်ကို လိုသလိုချဲ့ထွင်ပိုင်ခွင့်မရှိသလို အမှုလက်ခံပိုင်ခွင့် နယ်ပယ်ကိုလည်း တိုးချဲ့လို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ တရားရုံးအနေနဲ့ အခြေအနေအပေါ် မူတည်ပြီး မီးစင်ကြည့်ကလို့ရတယ်လို့ သွေးဆောင်စည်းရုံးခံရသလိုဖြစ်သွားမှာမို့လို့ပါပဲ။ ဒါကြောင့် ဂမ်ဘီယာရဲ့ ဖော်ပြလျှောက်လဲချက်တွေဟာ ဒီကြားနာမှုနဲ့ စပ်ဆိုင်မှုမရှိသလို မြန်မာဘက်ကလည်း ဒီကိစ္စတွေကို တုံ့ပြန်ဖြေရှင်းဖို့လိုမှာ မဟုတ်ပါဘူး။

၁၁။ ရေးသားတင်သွင်းထားသော ကနဦးကန့်ကွက်ချက်များသည် Genocide Convention ၏ အရေးကြီးမှုကို အသိအမှတ်ပြုပါတယ်။ သို့ရာတွင် မည်မျှအရေးကြီးသည်ဖြစ်စေ တရားရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာနှင့် အမှုများကို လက်ခံနိုင်မှုတို့ဆိုင်ရာ နိုင်ငံတကာဥပဒေများ၏ ယေဘုယျစည်းမျဉ်းများအပေါ်မူတည်သကဲ့သို့ ဥပမာအားဖြင့် စာချုပ်များအား ချွင်းချက်ပြုလုပ်သည့် ဆက်စပ်သော စည်းမျဉ်းများတွင်လည်း မူတည်ပါတယ်။ တရားရုံးသည် အခြေအနေတိုင်းတွင် နိုင်ငံတိုင်းမှ နိုင်ငံတကာဥပဒေများကို ချိုးဖောက်သည်ဟု စွပ်စွဲမှုတိုင်းအတွက် တရားစီရင်ပိုင်ခွင့်မရှိဟူသော အချက်မှာ ဖန်တစ်ရာတေအောင် သုံးစွဲနေပြီးသော ဥပဒေဖြစ်ပါတယ်။ တရားရုံးသည် စီရင်ပိုင်ခွင့်အာဏာရှိ-မရှိနှင့် အမှုကို လက်ခံသင့်-မသင့်ကို ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ အမှုဖြစ်ရန် ဆန္ဒရှိမှုကိုအခြေခံရမည် မဟုတ်ပါ။

**ကနဦးကန့်ကွက်လွှာ ပထမအချက်**

ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများ ခင်ဗျာ၊

၁၂။ ကျွန်တော် ကနဦးကန့်ကွက်လွှာ ပထမအချက်ကို တင်ပြပါမယ်။ ကျွန်တော် ပထမ အကျော့မှာ ရှင်းလင်းခဲ့သလို၊ ဒီမှာ အကြောင်းခြင်းရာ အဓိကပြဿနာတစ်ခုနဲ့ ဥပဒေဆိုင်ရာ အဓိကပြဿနာတစ်ခု ပါဝင်ပါတယ်။

၁၃။ အကြောင်းခြင်းရာ ပြဿနာကတော့ ပထမအကျော့မှာ ဂမ်ဘီယာနိုင်ငံက OIC နဲ့ တခြားအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဆက်ဆံခဲ့တဲ့ အသေးစိတ်အချက်အလက်တွေကို မဖော်ပြခဲ့သလို၊ အဲဒီကိစ္စတွေအတွက် နောက်ထပ်အထောက်အထားလည်း မဖော်ပြခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ်၊ ဂမ်ဘီယာက သက်သေအထောက်အထားမရှိတဲ့ ယေဘုယျလျှောက်လဲချက်တစ်ခုကိုတော့ ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒါကတော့ “ဂမ်ဘီယာက ဦးဆောင်မှုကဏ္ဍကို ရယူခဲ့တယ်” ဆိုတာမျိုးပါ။ ဒါ့အပြင် ဒီအမှုကို စဖွင့်ဖို့ ဂမ်ဘီယာကပဲ အကြံပေးခဲ့တယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ဒီလျှောက်လဲချက်တွေကို အကြောင်းအရာအချက်အလက် (သို့မဟုတ်) သက်သေခံအဖြစ် မှတ်ယူလို့ မရပါဘူး။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၁၄။ ဂမ်ဘီယာနိုင်ငံသည် တရားရုံးရှေ့မှောက်ရှိ သက်သေခံတွေကို "ပေါက်တတ်ကရ ဝက်ဘ်ဆိုဒ်များ၊ ဆောင်းပါးများ၊ တွစ်တာများနှင့် သတင်းထုတ်ပြန်မှု" တွေလို့ နှိမ့်ချဖော်ပြခဲ့ပါတယ်။ သို့သော်လည်း ဤအထောက်အထားများ၏ အရင်းအမြစ်တွေက OIC၊ ကုလသမဂ္ဂ၊ ဂမ်ဘီယာအစိုးရ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များနှင့် အခြားသော OIC အဖွဲ့ဝင်နိုင်ငံများ အပြင် အစိုးရများ၏ ထုတ်ပြန်ချက်ဆိုင်ရာ မီဒီယာအစီရင်ခံစာများဖြစ်ပါတယ်။ ဂမ်ဘီယာသည် အဲဒီအချက်အလက်တွေမှာပါဝင်တဲ့ သီးခြားအကြောင်းအရာတွေကို ငြင်းဆိုမှုမရှိတဲ့အချက်က ပြဿနာအဖြစ် ကျန်ရှိနေပါတယ်။

၁၅။ အမှန်စင်စစ် ဂမ်ဘီယာနိုင်ငံသည် OIC ၏ အဆိုပြုချက်ကို ၎င်းအစိုးရအဖွဲ့မှ အတည်ပြုခဲ့သည့် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင်သာ အမှုစွဲတင်ရန် ၎င်း၏ ၎င်းအစိုးရအဖွဲ့မှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ယခုအတိအလင်း အတည်ပြုလိုက်ပြီဖြစ်ပါတယ်။

၁၆။ ဂမ်ဘီယာနိုင်ငံသည် အမှုကိစ္စအတွက် ငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့် ပတ်သက်သည့် အထောက်အထားများကို ငြင်းဆိုခြင်းမရှိခဲ့သလို တကယ်တမ်းမှာတော့ သွယ်ဝိုက်ပြီး လက်ခံထားခဲ့ပါတယ်။

၁၇။ မြန်မာနိုင်ငံသည် "အရေးကြီးသော သက်သေအထောက်အထားများကို ရှောင်လွှဲသွားခဲ့သည်" ဟု ဂမ်ဘီယာနိုင်ငံက ပြောကြားခဲ့ပါတယ်။ အဆိုပါ "အရေးကြီးသော အထောက်အထားများ" ကို ကြားဖြတ်စီမံဆောင်ရွက်ချက်များ ကြားနာမှုတွင် ဂမ်ဘီယာအေးဂျင့်၏ အဖွင့်မိန့်ခွန်းတွင်ထည့်သွင်းခဲ့ကြောင်း ဆိုထားပါတယ်။ သို့သော်လည်း ဂမ်ဘီယာအေးဂျင့်သည် သက်သေအဖြစ် လာရောက်တာမဟုတ်သလို ၎င်း၏ပြောကြားချက်အား သက်သေအဖြစ် သတ်မှတ်၍မရပါ။ မည်သို့ပင်ဆိုစေကာမူ အဆိုပါ အဖွင့်ပြောကြားချက်များသည် ဂမ်ဘီယာ၊ OIC နှင့် ယင်း၏ အခြားအဖွဲ့ဝင်နိုင်ငံများအကြား ဤအမှုကိစ္စကို ရှေ့ရှုဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ နောက်ထပ် သီးခြားအကြောင်းအရာများကို ဖော်ပြနိုင်ခြင်းမရှိပါ။ OIC ကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင်အနေဖြင့် ၂၀၁၈ ခုနှစ်အစောပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ဂမ်ဘီယာအေးဂျင့်က သွားရောက်ခဲ့သည့် ခရီးစဉ်ကို ဖော်ပြခြင်းမျှသာ ဖြစ်ပါတယ်။

၁၈။ ဂမ်ဘီယာမှ ထုတ်ဖော်ထားသော အခြား "အရေးကြီးသော အထောက်အထား" မှာ အထွေထွေညီလာခံသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဂမ်ဘီယာသမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်စွဲပါ သံတမန်စာ (Note Verbale) တို့ဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံက ဒီအထောက်အထားသည် ဂမ်ဘီယာနိုင်ငံဟာ သူကိုယ်တိုင် အရေးယူဆောင်ရွက်ခဲ့တာတွေ၊ ကိုယ့်အမည်နဲ့ကိုယ် ဆောင်ရွက်ခဲ့ပြီး မိမိဆန္ဒအလျောက် လုပ်ဆောင်ခဲ့တာကို ပြသနေတယ်လို့ ငြင်းဆိုနေပုံရပါတယ်။

၁၉။ သို့သော် ထိုအချက်သည် အရေးမပါလှပါ။ နိုင်ငံတစ်နိုင်ငံသည် တတိယအဖွဲ့အစည်း၏ ကိုယ်စား proxy အဖြစ် ဆောင်ရွက်သည့် ကိစ္စများတွင် proxy သည် ပုံမှန်အားဖြင့် သက်ဆိုင်ရာ လုပ်ငန်းရပ်များကို ၎င်း၏အမည်ဖြင့် ၎င်းကိုယ်တိုင် လုပ်ဆောင်မည်ဖြစ်ပြီး လုပ်ရမည့်လမ်းကြောင်းအတိုင်း မိမိဆန္ဒနဲ့ လုပ်ဆောင်သွားမည်ဖြစ်ပါတယ်။ ၎င်း၏ proxy အဖြစ် တတိယအဖွဲ့အစည်းကိုယ်စား မိမိဆန္ဒအလျောက် လုပ်ဆောင်ရန် အကြောင်းပြချက်များစွာ ရှိနိုင်သော်လည်း ဂမ်ဘီယာက ပြောသည့်အတိုင်း စိတ်ဆန္ဒလှုံ့ဆော်မှုသည် တရားစီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် မသက်ဆိုင်ပါ။ ထို့ကြောင့် လျှောက်ထားသူနိုင်ငံသည် ၎င်း၏အမည်ဖြင့် ဆန္ဒအလျောက် ဆောင်ရွက်ပေးနေခြင်း ရှိ-မရှိမေးရန်မဟုတ်ပါ။ မေးစရာမှာ ၎င်းသည် ၎င်း၏ကိုယ်ပိုင်အမည်ဖြင့် လုပ်ဆောင်နေသော ဆန္ဒအလျောက် လုပ်ဆောင်မှုများသည် အမှန်တကယ်တွင် တတိယအဖွဲ့အစည်း၏ကိုယ်စား တတိယအဖွဲ့အစည်း၏ proxy အဖြစ် ဆောင်ရွက်နေခြင်းရှိ၊ မရှိဖြစ်ပါတယ်။ သက်သေအထောက်အထားအပေါ်မူတည်ပြီး အချက်အလက်မေးခွန်းကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

၂၀။ အတိုချုံးပြောရရင် ဂမ်ဘီယာနိုင်ငံ၏ ပထမအကြိမ် လျှောက်လဲချက်မှာ ဘာမှထူးထူးခြားခြား မတင်သွင်းနိုင်ပါဘူး။ ပြီးခဲ့သည့် အကြိမ်က တရားရုံးသို့ တင်သွင်းခဲ့သည့် အချက်အလက်များ အတိုင်းပဲ ရှိနေပါတယ်။

၂၁။ ဂမ်ဘီယာနိုင်ငံရဲ့ ပြောကြားချက်နဲ့ ဆန့်ကျင်ပြီး ၎င်းတို့အနေနဲ့ အခြားမှ အထောက်အပံ့ရယူပြီး တရားလိုဖြစ်ချင်ရုံ အကြောင်းပြချက်တစ်ခုနဲ့ ဒီကိစ္စဟာ မြန်မာရဲ့အမှုမဟုတ်ပါဘူး။ မြန်မာနိုင်ငံက ယခင်ကတည်းက တင်ပြထားသည့် အခြေအနေ အကြောင်းအရာများကြောင့် OIC ကသာ တရားလိုအမှန်စင်စစ်ဖြစ်တယ်လို့ အခိုင်အမာ ပြောကြားလိုပါတယ်။ အသေးစိတ်တွေ ထပ်မပြောတော့ပါဘူး။ သက်သေအထောက်အထားတွေအရ အစ္စလာမ့်မစ် ထိပ်သီးအစည်းအဝေးမှာ OIC ကိုယ်စား OIC ကော်မတီက အမှုတင်သွင်းပေးဖို့ ဆုံးဖြတ်ခဲ့ပြီးနောက် OIC ရဲ့ နိုင်ငံခြားရေးဝန်ကြီးများကောင်စီ သီးခြားကော်မတီ ဖွဲ့စည်းခဲ့တဲ့ OIC ကော်မတီက ယခုအမှု တင်သွင်းဖို့ အဆိုပြုခဲ့ပါတယ်။ အဲဒီနောက် OIC မှ ဂမ်ဘီယာနိုင်ငံအနေနဲ့ တရားလိုနိုင်ငံအဖြစ် ဆောင်ရွက်ပေးနိုင်ရေး အဆိုပြုပြောကြားခဲ့ပြီး ဂမ်ဘီယာနိုင်ငံမှလည်း သဘောတူ လက်ခံခဲ့ပါတယ်။ ဒီဟာက OIC က ဂမ်ဘီယာကို ကူညီတာထက် ဂမ်ဘီယာက OIC ကို ပံ့ပိုးကူညီတာထက်နဲ့ ပိုတူပါတယ်။

၂၂။ ဥပဒေကြောင်းပြဿနာနဲ့ ပတ်သက်တဲ့အချက်ကို ရှင်းလင်းသွားပါမယ်။ တတိယနိုင်ငံ အဖွဲ့အစည်းကို ကိုယ်စားပြုတရားစွဲဆိုပေးသည့်နိုင်ငံ (proxy States) ကိစ္စမျိုးအရင်က ပေါ်ပေါက်ခဲ့တာ မျိုးမရှိသေးပါဘူး။ အချက် (၂) ချက်နဲ့ ဖြေကြားသွားပါမယ်။

၂၃။ ပထမအချက်အနေနဲ့ ဂမ်ဘီယာ၏ပြောကြားချက်နဲ့ဆန့်ကျင်ပြီး တရားရုံးဥပဒေရဲ့ အပိုဒ် ၃၅၊ အပိုဒ်ခွဲ ၁ ဟာ မြန်မာနိုင်ငံ၏ လျှောက်ထားမှုကို အလဲထိုးစေနိုင်သည့် အချက်မရှိပါဘူး။ ၎င်းအပိုဒ်သည် မြန်မာနိုင်ငံ၏ လျှောက်ထားချက်အပေါ် သက်ရောက်မှု လုံးလုံးလျားလျား မရှိပါဘူး။

၂၄။ ဒီပြဋ္ဌာန်းချက်က တရားရုံးအနေနဲ့ လက်ရှိတည်ဆဲစာချုပ်ဝင်နိုင်ငံများအားလုံးကို ဖွင့်ပေးထားသည်လို့ပဲ ပါပါတယ်။

၂၅။ အခြားကိစ္စများမှလွဲပြီး ဒီအချက်သည် အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့ Statute အပိုဒ် ၃၄၊ အပိုဒ်ခွဲ ၁ ပါ တရားရုံးရှေ့မှောက်သို့ ရောက်ရှိလာသောအမှုများတွင် အမှုရင်ဆိုင်ကြသူများမှာ နိုင်ငံများသာလျှင်ဖြစ်တယ်ဆိုတဲ့အချက်ကို ဘယ်လိုနည်းနဲ့မှ အရည်အချင်းပြည့်မီခြင်း သို့မဟုတ် ခြွင်းချက်တစ်ခု ဖန်တီးနိုင်ခြင်းမရှိပါဘူး။ အပိုဒ် ၃၅၊ အပိုဒ်ခွဲ ၁ မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အခြားသော နိုင်ငံမဟုတ်သည့် အဖွဲ့အစည်းများမှ ရုံးတော်တွင် အမှုလျှောက်ထားနိုင်ကြောင်း မညွှန်းဆိုထားပါဘူး။ ဒ့ါအပြင် အပိုဒ် ၃၅၊ အပိုဒ်ခွဲ ၁ ပါ တရားရုံးက ပြဋ္ဌာန်းထားတဲ့ ဥပဒေအရ အဖွဲ့ဝင်နိုင်ငံဖြစ်ရုံနဲ့ တင်သွင်းလာတဲ့ ဘယ်အမှုကိုမဆို လက်ခံစီရင်နိုင်တယ်လို့ မဆိုလိုပါဘူး။

၂၆။ အပိုဒ် ၃၄၊ အပိုဒ်ခွဲ ၁ နဲ့ပတ်သက်ပြီး အရင်က တင်ပြခဲ့တဲ့ အချက်များသည် အပုဒ် ၃၅၊ အပိုဒ်ခွဲ ၁ ကို အတူတူ အကျုံးဝင်ပြီး နောက်ဆုံးပြဋ္ဌာန်းချက်သည် ပို၍ပြဋ္ဌာန်းဖော်ပြခြင်း မရှိပါဘူး။ ဂမ်ဘီယာနိုင်ငံက အခုအမှုနဲ့ပတ်သက်ပြီး ကိုးကားတဲ့ ပညာရပ်ဆိုင်ရာစာသားများသည် တရားရုံးရှေ့မှောက်ရှိတဲ့ ကိစ္စရပ်ကို ဖြေရှင်းမှုမရှိဘဲ မြန်မာနိုင်ငံရဲ့ တင်ပြချက်တွေနဲ့လည်း ကိုက်ညီမှုမရှိပါဘူး။

၂၇။ ဒုတိယအချက်အနေနဲ့ ဂမ်ဘီယာနိုင်ငံဟာ တစ်ချက်က နိုင်ငံတစ်နိုင်ငံရဲ့ တရားစွဲဆိုလိုတဲ့ အရင်းခံအကြောင်းတရားဆိုတဲ့အချက်နဲ့ တရားလိုနိုင်ငံအနေနဲ့ အခြားတစ်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းကိုယ်စား အမှုတင်သွင်းခြင်း ရှိ-မရှိ မေးခွန်းစတဲ့ မတူညီတဲ့ကိစ္စနှစ်ခု ပေါင်းထားပါတယ်။ ဂမ်ဘီယာနိုင်ငံက တရားလိုအနေနဲ့ အခြားတစ်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းက အမှုတင်သွင်းချင်လို့ အမှုတင်သွင်းခဲ့တယ်ဆိုရင်တောင် ဒီလိုလုပ်တာက တရားလိုနိုင်ငံရဲ့ ဆောင်ရွက်လိုတဲ့ စေ့ဆော်မှုသာဖြစ်ပြီး ဒီစေ့ဆော်မှုဟာ တရားစီရင်ပိုင်ခွင့်နဲ့ မသက်ဆိုင်ကြောင်း ငြင်းဆိုထားပါတယ်။ ဒီလိုပြောကြားမှုဟာ မမှန်ပါဘူး။ နိုင်ငံများ သို့မဟုတ် အမှုတင်သွင်းနိုင်ခြင်းမရှိတဲ့ အဖွဲ့အစည်းများကိုယ်စား အမှုတင်သွင်းသည့် နိုင်ငံ (Proxy states) အသုံးပြု၍ အမှုတင်သွင်းခြင်းသည် အပြန်အလှန်အကျိုးရှိမှုက ရိုးဖြောင့်မှုနဲ့ ထိရောက်မှုဆိုင်ရာ စည်းမျဉ်းများနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်ဆိုတာကို ပြောကြားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လျှောက်လဲပြီးအချက်များကို ထပ်ခါတလဲလဲ ပြောကြားမှာမဟုတ်ပါဘူး။ တတိယအဖွဲ့အစည်းတစ်ခုကိုယ်စား အမှုတင်သွင်းခြင်းဟာ စေ့ဆော်မှုသည် စီရင်ပိုင်ခွင့်အတွက် သက်ဆိုင်မှုမရှိဘူး ဆိုသည့် စည်းမျဉ်းကို ကောင်းကောင်းကျော်လွန်သည့် စည်းမျဉ်းနှင့် ကိစ္စများကို ထိတွေ့စေပါသည်။ ဒီသိသာထင်ရှားမှုသည် "အတုအပ" မှ ဝေးကွာပါတယ်။

## ကနဦး ကန့်ကွက်လွှာ စတုတ္ထအချက်

ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ –

၂၈။ ကနဦးကန့်ကွက်လွှာ စတုတ္ထအချက်ကို ဆက်လက်တင်ပြလျှောက်လဲသွားပါမယ်။

၂၉။ ဥပဒေ အခြေခံစည်းမျဉ်းများနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက စာနဲ့ပေးပို့ထားတဲ့ ကနဦးကန့်ကွက်လွှာမှာ ဖော်ပြထားတဲ့ ဘယ်အချက်ကိုမှ မပစ်ပယ်ထားပါဘူး။

၃၀။ စီရင်တဲ့ဥပဒေမှာပါတဲ့ အငြင်းပွားမှုနဲ့ပတ်သက်တဲ့ ကျွန်တော်မှတ်သားရတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့က အမှန်တကယ်က အငြင်းပွားမှု ရှိ-မရှိ ဆုံးဖြတ်ရန် သက်ဆိုင်မည့် အခြေခံမှုများက အနည်းငယ် ကျယ်ပြန့်လွန်းပါတယ်။ မှန်ကန်သော အခြေခံမှုများဟာ ရေးသားတင်ပြချက်များနဲ့ နှုတ်နဲ့လျှောက်လဲချက်များတွင် ပါပြီးဖြစ်တယ်လို့ မြန်မာက အတည်ပြုပါတယ်။ ကျွန်တော့်အနေနဲ့ တရားလိုနဲ့တရားပြိုင် နှစ်ဖက်လုံးအနေနဲ့ တစ်ဖက်စီရဲ့ ရပ်တည်ချက်ကို အရင်သိအောင်လုပ်ရန် လိုအပ်ချက်ရှိရမည်ဟု Marshall Islands အမှုနဲ့ ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဂမ်ဘီယာရဲ့ စွပ်စွဲတာနဲ့မတူစွာ တရားရုံးရှေ့မှောက်အမှုတင်သွင်းတဲ့အပေါ် အထက်ပါလိုအပ်ချက်က တရားပြိုင်ကို "silent veto" ပေးမထားပါဘူးဆိုတာကို ကျွန်တော့်အနေနဲ့ ရှင်းပြပြီးဖြစ်ပါတယ်။

၃၁။ ဂမ်ဘီယာပြောသလို ကျွန်တော့်အနေနဲ့ တရားယှဉ်ပြိုင်ဘက်တွေဟာ တရားရုံးရှေ့မှောက်အမှုမတင်သွင်းမီ ကြိုတင်ညှိနှိုင်းရမယ်လို့ မပြောခဲ့ပါဘူး။ တရားယှဉ်ပြိုင်ဘက်တွေဟာ တစ်ဖက်ရဲ့ရပ်တည်ချက်ကို တစ်ဖက်မှ သိပြီးသားဖြစ်နေရမယ်လို့သာ ပြောခဲ့ခြင်းဖြစ်ပါတယ်။ နှစ်ဖက်အကြား ညှိနှိုင်းဆွေးနွေးခြင်းမလုပ်ဘဲ ဆန့်ကျင်နေတဲ့ ရပ်တည်ချက်ကို သိနိုင်ပါတယ်။ ဒါက ဖြစ်ရိုးဖြစ်စဉ် အခြေအနေတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားရုံးသို့မရောက်မီ တရားယှဉ်ပြိုင်ဘက်တွေအကြား ခင်မင်ရင်းနှီးစွာဖြေရှင်းနိုင်ရေး ကြိုးပမ်းကြရမယ်လို့ မပြောခဲ့ပါဘူး။ ယင်းအစား တရားရုံးဟာ အငြင်းပွားမှုများကို တိုက်ရိုက်နဲ့ကောင်းမွန်စွာ ဖြေရှင်းနိုင်တဲ့ ရွေးချယ်စရာ အခြားနည်းလမ်းတစ်ခုဖြစ်တယ်လို့သာ ပြောခဲ့ပါတယ်။ ခင်မင်ရင်းနှီးစွာ ဖြေရှင်းနိုင်တဲ့ အငြင်းပွားမှုဖြစ်နိုင်တာကလွဲပြီး တရားစွဲဆိုနိုင်ဖို့ ရည်ရွယ်ချက်များအတွက် အငြင်းပွားမှုဆိုတာ ရှိမှာမဟုတ်ပါ။ ဒီအကြောင်းအချက်တွေကြောင့် တရားလိုနဲ့ တရားပြိုင်နှစ်ဖက်လုံးမှ တစ်ဖက်စီရဲ့အမြင်ကို အရင်သိရှိရန် လိုအပ်ပါတယ်။

၃၂။ ဂမ်ဘီယာနိုင်ငံရဲ့ ထင်မြင်ချက်နဲ့မတူစွာ ကျွန်တော့်အနေနဲ့ တရားလိုဟာ ၎င်းရဲ့ စွပ်စွဲချက်ကို အမှုလျှောက်လွှာ (မူကြမ်း) မျှဝေတာလိုမျိုး အသေးစိတ် ရှင်းရှင်းလင်းလင်း တရားပြိုင်ဖြစ်လာဖွယ်ရှိသူကို ထုတ်ဖော်ပြောဆိုရမယ်လို့ မပြောခဲ့ပါဘူး။ တကယ်က အနိမ့်ဆုံး အချက်အလက်တွေ ရှိဖို့လိုအပ်တယ်လို့သာ ပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

၃၃။ ဂမ်ဘီယာနိုင်ငံက ထင်မြင်ချက်နဲ့ ဆန့်ကျင်ပြီး the Court's case law မှာ တရားပြိုင်အနေနဲ့ တုံ့ပြန်မှုတစ်စုံတစ်ရာမပြုလုပ်ဘဲ တိတ်ဆိတ်နေခြင်းဟာ ဘယ်အချိန် အတိုင်းအတာအထိ ထင်ရှားစွာ ဆန့်ကျင်နေတယ်လို့ သတ်မှတ်ရန်အချက် မဖော်ပြထားပါဘူး။ တုံ့ပြန်ဖြေကြားဖို့တောင်းဆိုခြင်း ရှိ-မရှိ မေးခွန်းအနေနဲ့ကတော့ ကိစ္စတစ်ခုချင်းစီအပေါ် မူတည်ပြီး ဆောင်ရွက်သွားရမယ်ဆိုတာ ရှင်းပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံဟာ တုံ့ပြန်ဖြေကြားဖို့ အချိန်အကန့်အသတ်မရှိ ရခွင့်ရှိတယ်လို့ မဆိုလိုပါဘူး။ အဲဒီသံတမန်စာက တုံ့ပြန်ဖြေကြားဖို့ မတောင်းဆိုခဲ့ဘူး၊ တကယ်လို့ တောင်းဆိုခဲ့တယ်ဆိုရင်တောင် မြန်မာနိုင်ငံဘက်မှ ပြန်လည်ဖြေကြားဖို့ လုံလောက်တဲ့အချိန်က (၁) လထက်တော့ ကျော်ပါလိမ့်မယ်။

၃၄။ ရှေ့မှာစာနဲ့ရော နှုတ်နဲ့လျှောက်လဲချက်မှာရော အကြောင်းပြချက်များနဲ့ ရှင်းပြထားတဲ့အတိုင်း ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် ပေးပို့ခဲ့သော သံတမန်စာမှလွဲပြီး ဂမ်ဘီယာက ဆောင်ရွက်ခဲ့တဲ့ကိစ္စများဟာ အငြင်းပွားမှုဖြစ်ပေါ်စေရန် လုပ်ဆောင်ချက်များဟု ဆိုနိုင်မည်မဟုတ်ပါ။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၃၅။ သံတမန်စာ (Note Verbale) မှာ ဘာအချက်မှ ဖော်ပြမထားတာ အမှန်အကန်ပင် ဖြစ်ပါတယ်။ အဲဒီသံတမန်စာမှာ FFM အစီရင်ခံစာနဲ့ အိုအိုင်စီရဲ့ အဆိုဆုံးဖြတ်ချက်ပါ အချက်အလက်များကိုသာ ကိုးကားဖော်ပြထားတာ ဖြစ်ပါတယ်။ ဒ့ါအပြင်ဂမ်ဘီယာအနေနဲ့ FFM အစီရင်ခံစာမှာပါသော မူလသက်သေအထောက်အထားတွေကို ပံ့ပိုးပေးခဲ့တဲ့ မျက်မြင်သက်သေအဖြစ် ဖြေကြားပေးခဲ့သူများနဲ့ တွေ့ဆုံနိုင်ခဲ့တယ်ဆိုတဲ့ အချက်မရှိတာလဲ အမှန်အကန်ဖြစ်ပါတယ်။ စာနဲ့ရော နှုတ်နဲ့ လျှောက်လဲချက်တွေမှာ ရှင်းပြပြီးဖြစ်တဲ့အတွက် ဒီသံတမန်စာက တုံ့ပြန်ဖြေကြားချက်ပေးရန် တရားဝင်တောင်းဆိုမှု မဟုတ်ပါ။

၃၆။ ဂမ်ဘီယာနိုင်ငံမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲဖြင့် သံတမန်စာကို မပေးပို့မီ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်က ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကြေညာခဲ့တာဟာ ဒီတရားရုံးရှေ့မှောက်မှာ အမှုတင်သွင်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး သံတမန်စာဟာ ကြိုတင်အငြင်းပွားမှု လိုအပ်ချက်အဖြစ် ထည့်သွင်းစဉ်းစားသင့်တယ်လို့ မဆိုလိုပါဘူး။ ဂမ်ဘီယာနိုင်ငံက အမှန်တကယ် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်မှာ တရားရုံးရှေ့မှောက် ဒီအမှုကို တင်သွင်းရန် ရည်ရွယ်ကြောင်း လူသိရှင်ကြား တစ်ကြိမ် ကြေညာခဲ့ပါတယ်။ အဲဒီအချက်ကို သံတမန်စာမှာ ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့မှုဟာ ဥပဒေကြောင်းအရ တောင်းဆိုတဲ့ စာတမ်းအမှတ်အသား မဟုတ်ဘူးဆိုတာကို ပိုမိုခိုင်မာစွာ ကောက်ချက်ချနိုင်ပါတယ်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် နောက်ပိုင်းမှာ သံတမန်စာက ဥပဒေကြောင်းအရ တောင်းဆိုမှုတစ်ခုအဖြစ် တရားရုံးရှေ့သို့ အမှုတင်သွင်းရန် ရည်ရွယ်ချက်ကို ညွှန်းဆိုနိုင်မယ်လို့ မျှော်လင့်ချက်ကြီးကြီးမားမား ရှိခဲ့ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ -

၃၇။ ဒီမှာ ကျွန်တော့်ရဲ့ မြန်မာနိုင်ငံ ကနဦးကန့်ကွက်လွှာရဲ့ ပထမနဲ့ စတုတ္ထ ကန့်ကွက်ချက် ပြီးဆုံးပြီဖြစ်ပါတယ်။ Professor Talmon မှ ဒုတိယကန့်ကွက်ချက် တင်သွင်းသွားနိုင်ရေးအတွက် ဖိတ်ခေါ်ပါတယ်။

*******

# ရွှေလင်ပန်းချောင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မက္ခရာမင်းသားကြီးလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် အမှတ် (၁) မြစ်ထွက်ပေါက်ရေတံခါး၌ Excavator ယန္တရားနှင့် လူအင်အားဖြင့် အမှတ် (၁) ရေမြောင်းနှင့် မြစ်ထွက်ပေါက်မှ အမှိုက်နုန်းနှင့် သဲမြေများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ ရွှေလင်ပန်းစက်မှုဇုန် မြတောင်ဝန်ကြီး ဦးမှိုလမ်းရှိ ရွှေနယားကုမ္ပဏီလီမိတက်သို့ သွားရောက်၍ စက်ရုံမှ ထုတ်လုပ်ဖြန့်ဖြူးနေသည့် မော်တာ၊ ရေစုပ်စက်၊ မြက်ဖြတ်စက်နှင့် စက်မှုသုံး ဆက်စပ်ပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



ယင်းနောက် ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးရုံး ကနေခင်ခန်းမ၌ စက်မှုဇုန်တာဝန်ရှိသူများက အမှတ် (၁) မြောင်းနှင့် အမှတ် (၂) မြောင်း ရေစီးရေလာအခြေအနေနှင့် ဦးအောင်သူလမ်းနှင့် ကျန်စစ်သားလမ်းအကြား မီးသတ်ရေကန် ပြန်လည်ဆယ်ယူရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည့်အပေါ် မြို့တော်ဝန်က သက်ဆိုင်ရာဌာနများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ မင်္ဂလာကန်သို့ သွားရောက်၍ မင်္ဂလာကန်ရေပိုလွှဲ Spill Way ကြမ်းခင်းနှင့် ရေထုတ်မြောင်း မြေထိန်းနံရံပြုပြင်ပြီးစီးမှု၊ ရေထုတ်မြောင်းသို့ ဝင်ရောက်သည့် ဝဲ/ယာရေမြောင်းများ မြေထိန်းနံရံ ပြုလုပ်နေမှု၊ ကန်ပေါင်တစ်လျှောက် မြက်ခင်း၊ အရိပ်ရပင်၊ ပန်းအလှပင်များစိုက်ပျိုး၍ မြေယာရှုခင်း ဆောင်ရွက်နေမှု၊ လူသွားစင်္ကြံလမ်းဘေးတွင် ခုံတန်းများ တပ်ဆင်ထားရှိမှုနှင့် လမ်းမီးတိုင်များ တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာကန်စိမ်းလန်းစိုပြည်ရေးနှင့် ကန်ဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေးအား ရေရှည်ထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံကြေးအား QR Code နှင့် MPU Card ဖြင့် Online မှ မြန်ဆန်ချောမွေ့စွာ ဝန်ဆောင်မှုပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်း၌ အသက်အာမခံ လုပ်ငန်းနှင့် အထွေထွေ အာမခံလုပ်ငန်းနှစ်ရပ်အား ဝန်ဆောင်မှုပေးလျက်ရှိရာ သူတစ်ပါးထိခိုက်မှု အာမခံ ပရီမီယံကြေး ပေးသွင်းရာတွင် ရုံးများသို့ လာရောက်ရန်မလိုဘဲ QR Code နှင့် MPU Card ဖြင့် မိမိနေအိမ်မှ လွယ်ကူမြန်ဆန်စွာ ပေးသွင်းနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ အများပြည်သူအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာရှိ ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် နိုင်ငံတော်ပိုင် အာမခံလုပ်ငန်းများ၌ အသက်အာမခံလုပ်ငန်းများ ကြီးမားကျယ်ပြန့်လေ့ရှိပြီး မြန်မာနိုင်ငံတွင် အထွေထွေ အာမခံလုပ်ငန်းများဖြစ်သော မီးအာမခံ၊ မော်တော်ယာဉ်အာမခံ၊ လေကြောင်းနှင့် ရေကြောင်းအာမခံ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်မှုလုပ်ငန်းအာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှု အာမခံ၊ လုပ်ငန်းရှင်တာဝန်ရှိမှုအာမခံ၊ အင်ဂျင်နီယာလုပ်ငန်း အာမခံ၊ သတ္တုတွင်းတူးဖော်ရေး လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအပါအဝင် အထွေထွေ အာမခံအမျိုးအစားပေါင်း ၂၀ ကျော်နှင့် အသက်အာမခံလုပ်ငန်း အမျိုးအစား ၂၀ ကျော်ဖြင့် အာမခံအမျိုးအစား ၄၀ ကျော်အား မြန်မာ့အာမခံလုပ်ငန်းက ဝန်ဆောင်မှုပေးလျက်ရှိသည်။

"အသက်အာမခံလုပ်ငန်းဟာ နိုင်ငံတကာမှာ အင်မတန်ဖွံ့ဖြိုးတဲ့ လုပ်ငန်းအမျိုးအစား ဖြစ်ပါတယ်။ မတော်တဆ ထိခိုက်မှုကြောင့် ကျန်ရစ်သူမိသားစု အထောက်အပံ့ ဖြစ်စေဖို့ထားရှိတဲ့ အာမခံအမျိုးအစားနဲ့ မိမိငွေစုဆောင်းပြီး ကာလတစ်ခု ရောက်တဲ့အခါ ငွေပြန်ထုတ်ယူနိုင်တဲ့ အမျိုးအစားဆိုပြီးရှိတယ်။ ပြီးတော့ အာမခံထားရှိရာမှာ အသက်အာမခံ လုပ်ငန်းနဲ့ အထွေထွေအာမခံလုပ်ငန်းဆိုပြီး အဲဒီနှစ်မျိုးကို ဝန်ဆောင်မှုပေးနေတာပါ။ မိမိနိုင်ငံရဲ့ ရေမြေနဲ့ လိုက်လျောညီထွေတဲ့ အာမခံထုတ်ကုန်အသစ်တွေ လုပ်ဆောင်ဖို့လည်းလိုပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် တစ်ဦးချင်းဝင်ငွေပေါ်မှာမူတည်ပြီး အသက်အာမခံလုပ်ငန်းဖွံ့ဖြိုးဖို့လိုပြီး အထွေထွေအာမခံလုပ်ငန်းအနေနဲ့ ဝန်ဆောင်မှုပေးရတာများတယ်။ အများပြည်သူ မတော်တဆထိခိုက်နစ်နာမှုမှာ လျော်ကြေးရရှိအောင် မြန်မာ့အာမခံက ဝန်ဆောင်မှုပေးတဲ့အခါမှာ ကိုဗစ်ကာလဖြစ်တဲ့အတွက် မိမိနေအိမ်ကနေ ငွေသွင်းနိုင်တဲ့QR Codeနဲ့ MPU Cardနဲ့မြန်ဆန်လွယ်ကူစွာ ပေးသွင်းနိုင်အောင် ဝန်ဆောင်မှု ပေးထားပါတယ်" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း (ရန်ကုန်) မှ အထွေထွေမန်နေဂျာ ဦးလွင်ဦး ကပြောသည်။

မြန်မာ့ အာမခံလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော Digital Transformation အစီအစဉ်တွင် အာမခံအကာအကွယ်ရလိုသော ပြည်သူများအနေဖြင့် မိမိတို့ရွေးချယ်ဝယ်ယူလိုသည့် အာမခံ Product များကို ခေတ်နှင့်အညီ အဆင်ပြေချောမွေ့စွာ ရွေးချယ်ဝယ်ယူနိုင်ရန် ကိုဗစ်-၁၉ ကာလတွင် သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံကြေး အာမခံထားရှိသူများ ကိုယ်တိုင် လာရောက်ပေးသွင်းရန်မလိုဘဲ Online/Mobile Payment ဖြင့် ပေးသွင်းနိုင်ရန်အတွက် QR Code နှင့် MPU Card ဖြင့် လွယ်ကူမြန်ဆန်စွာ ပေးသွင်းမှုအား မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။




**ညီမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ-မြန်မာ့အာမခံလုပ်ငန်း**

# မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မူဆယ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ လူစည်ကားရာဈေးအနီးရှိ လမ်းစုံမီးပွိုင့်များတွင် ကိုဗစ်-၁၉ ရောဂါ မျိုးဗီဇပြောင်း အိုမီခရွန်(Omicron)ရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းနှင့် အသိပညာပေး ဗီနိုင်းပိုစတာများ၊ နှာခေါင်းစည်း ဖြန့်ဝေခြင်းများကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်သည်။

အသိပညာပေးခြင်းနှင့် ပိုစတာများ၊ နှာခေါင်းစည်းများ ဝေငှရာတွင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ muse red berry အကအဖွဲ့၏ တင်ဆက်မှုနှင့်အတူ မြို့တွင်းပရဟိတလူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# မုံရွာမြို့ ကြိုးကြာကန်ကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီး ကျော်ထွန်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ပေါ်ရှိ မဟာဝံသကျောင်းတိုက်၊ ဇမ္ဗူထိန်လင်းကျောင်းတိုက်၊ ဓမ္မပါလကျောင်းတိုက်၊ ဘုန်းစိုးကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် မုံရွာမြို့ သလ္လာရပ်ကွက်ရှိ ကြိုးကြာကန်ကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများအား ဆက်ကပ်လှူဒါန်းခဲ့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ရှိ ကန်သာယာကျွန်း ရာပြည့်ကပ်ကျော်စေတီတော်ကြီးသို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ဘုရားရင်ပြင်နေပူခံ ကျောက်ပြားခင်းခြင်းနှင့် ရွှေကရဝိတ်ဖောင်တော် အမိုးနှင့် ပန်းဆွဲများ ပြုပြင်နေမှုများ၊ ကန်သာယာကျွန်းပတ်လည် စတီးလက်ရန်းတပ်ဆင်ရန်နှင့် မြေထိန်းအာစီကျောက်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဘုရားရင်ပြင်နေပူခံကျောက်ပြားခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ဆုတောင်းပြည့်စေတီတော်ကြီးအား လှည့်လည်ကြည့်ရှု ကြည်ညိုခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က စေတီတော်ကြီး ရောင်တော်ဖွင့်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးထံ လှူဒါန်းခဲ့သည်။

ဆက်လက်၍ မုံရွာတက္ကသိုလ် မော်ကွန်းပြတိုက်သို့ သွားရောက်၍ ပြတိုက်အတွင်း၌ တိုင်းဒေသကြီးအတွင်းမှ လှူဒါန်းမှုနှင့် စုဆောင်းမှုတို့မှရရှိသည့် ဘာသာရေးနှင့် ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ထိန်းသိမ်းထားရှိရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မပျက်စီး မပျောက်ပျက်စေ ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရှေးခေတ်သုခုမအနုလက်ရာများကို ထူးချွန်ပြောင်မြောက်စွာ တွေ့မြင်နိုင်သည့် စကုမြို့မှ ရုပ်စုံကျောင်းများ

မင်းဘူး ဖေဖော်ဝါရီ ၂၇

**မြန်မာနိုင်ငံတွင် ရုပ်စုံကျောင်းပေါင်း များစွာရှိသည့်အနက် စကုမြို့ရှိ ကန်ဦးရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်း၊ မှန်ကင်းရုပ်စုံကျောင်းများမှာ ထင်ရှားလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ ဝင်ထွက်လေ့လာလျက်ရှိသည်။**

စကုမြို့သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း တည်ရှိပြီး မင်းဘူးမြို့မြောက်ဘက် ၁၀ မိုင်၊ ပွင့်ဖြူမြို့တောင်ဘက် ၁၃ မိုင်အကွာတွင် တည်ရှိကာ နရပတိစည်သူမင်းက သက္ကရာဇ် ၁၂၀ ပြည့်နှစ်တွင် လူ ၄၀၀၊ မြို့တံခါး ကိုးပေါက်ဖြင့် တည်ထားကြောင်း သိရသည်။ ရှေးအခါက ကျေးငှက်ပေါများရာ အရပ်ဖြစ်၍ သကုနအရပ်ဟုခေါ်တွင် ရာကနေ စကုမြို့ဟူ၍ ဖြစ်လာသည်။

စကုမြို့တွင် စေတီပုထိုးပေါင်း ၁၄၄ ဆူရှိပြီး အလွန်ထင်ရှားသည့် နံရံဆေးပန်းချီများကို ထေရ်ကြီးစေတီ၊ ဘိုးနန်းသူစေတီ၊ ကျွဲတဲစေတီ၊ ဆုတောင်းပြည့်ရုပ်စုံစေတီများမှာ သုခုမအနုလက်ရာ ထူးချွန်ပြောင်မြောက်စွာ မြင်တွေ့နိုင်သောကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားရာ နေရာတစ်ခု ဖြစ်လာခဲ့သည်။ ၎င်းထဲမှ စကုသုံးထပ် ရုပ်စုံကျောင်းနှင့် မှန်ကင်း ရုပ်စုံကျောင်းများ၏ ရှေးဟောင်း ပန်းပုလက်ရာများသည် လွန်စွာပြောင်မြောက်လှသည်။

စကု ရုပ်စုံကျောင်းများကို ကျောင်းဒါယကာ စကုမြို့ဝန်မင်းကြီး ဦးဆိုင်၊ ဝန်မင်းကတော် ဒေါ်ငွေ၊ (သား) မြို့အုပ်မင်း ဦးသိုက်၊ မြို့အုပ်မင်းကတော် မရိုး၊ (သမီး) မဝက်တို့က ကောဇာသက္ကရာဇ် ၁၂၆၆ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်နေ့တွင် သုံးထပ်ရုပ်စုံကျောင်း၊ မှန်ကင်းရုပ်စုံကျောင်းနှင့် ကန်ဦးဘုန်းတော်ကြီး ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း ကျောင်းထိုင်ဆရာတော် ဦးဩဘာသ ထံမှ သိရသည်။



စကုသုံးထပ် ရုပ်စုံကျောင်းမှာ နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကာ အလျား ၁၃၁ ပေ၊ အနံ ၆၅ ပေခွဲရှိပြီး တိုင်လုံးပေါင်း ၁၇၂ တိုင်ဖြင့် ဆောက်လုပ်၍ ကျောင်းအပြင်ဘက် တိုင်တစ်တိုင်ချင်းစီ၏ တိုင်ဖုံးများတွင် ရှေးခေတ် နန်းတွင်းသုခုမအနုလက်ရာများဖြင့် ပုဂံခေတ်နှင့် ၅၅၀ ဇာတ်နိပါတ်တော်လာ ဗုဒ္ဓဖြစ်စဉ်များကို လက်ရာမြောက်စွာ ထုဆစ်ထားသည့် ပန်းပုရုပ်ပုံများမှာ ရင်သပ်ရှုမော အံ့ဩမဆုံးအောင် တွေ့မြင်ကြရပေမည်။

မြန်မာနိုင်ငံအတွင်းရှိ များပြားလှသော ဘုန်းတော်ကြီးကျောင်းများအနက် ဗုဒ္ဓဖြစ်စဉ်တော်များ၊ ၅၅၀ ဇာတ်နိပါတ်တော်လာ ဓမ္မပဒကျမ်းများမှ ဇာတ်ဝတ္ထုများကို သရုပ်ဖော် ထုလုပ်ထားသည့် သစ်သားပန်းပုရုပ်များဖြင့် အလှဆင်ထားသော ကျောင်းများကို ရုပ်စုံကျောင်းများဟု ခေါ်သည်။ ထိုရုပ်စုံကျောင်းများ အနက် မန္တလေးရွှေအင်ပင် ရုပ်စုံကျောင်း၊ စစ်ကိုင်းရုပ်စုံကျောင်း၊ စလင်းရုပ်စုံကျောင်း၊ စလေမြို့ရှိ ပန်းပုရုပ်စုံကျောင်းများအပြင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ စကုမြို့ ကန်ဦးရုပ်စုံကျောင်း၊ စကုသုံးထပ် ရုပ်စုံကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်းများမှာ အထင်ရှားဆုံးဖြစ်သည်။

**ဇေယျာထက် (မင်းဘူး)**

# ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးတွင် စက်ဘီးစီးရင်းအပန်းဖြေနိုင်ရန် အငှားစက်ဘီးများ ထားရှိပေးထား

**ပဲခူး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးနန်းစိုက်ရာ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးသို့ နေ့စဉ်လာရောက် လေ့လာကြသူများ စက်ဘီးစီး၍နန်းတော်ဝင်းအတွင်း လှည့်လည်လေ့လာနိုင်ရန် အငှားစက်ဘီးများ ထားရှိပေးထားကြောင်း သိရသည်။



ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးအား စုစည်းတည်ထောင်ခဲ့သူ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ထီးနန်းစိုက်စိုးစံခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်တူးဖော်ရရှိခဲ့သည့် သမိုင်းအမွေအနှစ် ရှေးဟောင်းလက်ရာများကိုလည်း ထိန်းသိမ်းထားရှိထားကာ ဒေသစုံမှ နေ့စဉ်မပြတ် လာရောက်လေ့လာလျက်ရှိသည့် နေရာတစ်ခုလည်းဖြစ်သည်။

နန်းတော်ကြီးသို့ လာရောက်လေ့လာကြသူများ အတွက် အမှတ်တရ ဓာတ်ပုံရိုက်နိုင်သည့် ဘုရင့်နောင် မင်းတရားကြီး၏ ရုပ်တု၊ ဘမရာသနပလ္လင်ဆောင် ရွှေနန်းတော်ကြီး၊ ဆင်ဖြူတော်ရုပ်တုတို့အပြင် ကန်တော်မင်္ဂလာအနီးတွင် ရွှေနန်းတော်ကြီးအား နောက်ခံပြု၍ အမှတ်တရဓာတ်ပုံရိုက်ရန် ပြုလုပ်ပေးထားရာ လာရောက်လေ့လာကြသူများ အလွန်နှစ်သက် သဘောကျလျက်ရှိသည်။

ထို့ပြင် ကမ္ဘောဇသာဒီ ရွှေနန်းတော်ဝင်းအတွင်း စက်ဘီးစီးရင်း အပန်းဖြေလေ့လာနိုင်ရန် စက်ဘီးများလည်း ထားရှိပေးထားကြောင်းနှင့် စက်ဘီးငှားရမ်းခမှာ တစ်နာရီလျှင် ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

“စက်ဘီး အမျိုးအစားတွေကတော့ ကောင်းတယ်၊ ဒါပေမယ့် စက်ဘီးနင်းရတဲ့ နေရာလေးတွေ ခုထက်ပိုပြီး လုပ်ပေးစေချင်တယ်။ နန်းတော်ဝင်းထဲမှာ ခုလို စက်ဘီးနင်းပြီး အပန်းဖြေရတာလည်း ကြိုက်တယ်” ဟု စက်ဘီးလာရောက်စီးနင်းသူ တစ်ဦးက ပြောသည်။ နန်းတော်ဝင်းအတွင်း စက်ဘီးစီးရင်း လှည့်ပတ်ကြည့်ရှုနိုင်သည့် နေရာများ၊ အရိပ်ရသစ်ပင်များအောက်တွင် အမြင်ဆန်းစေသည့် ထိုင်ခုံနေရာများလည်း ပြုလုပ်ပေးစေလိုကြောင်း လာရောက်လေ့လာကြသူများ၏ အကြံပြု စကားသံများကိုလည်း ကြားသိခဲ့ရသည်။

ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးအား နေ့စဉ်ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ စံပြကျေးရွာများ ထူထောင်စို့

ခန့်ဇော်(ကျေးလက်)

ကျေးရွာလို့ဆိုလိုက်တာနဲ့ ကျွန်တော်တို့စိတ်ထဲမှာ အရင်ဆုံးတွေးမြင်မိတာကတော့ နေရာကျယ်ကျယ် ဝန်းဝန်းရှိတဲ့ ကွင်းပြင်ကြီးတွေရယ်၊ လတ်ဆတ်တဲ့ အစားအစာ၊ သန့်ရှင်းသောလေ ခံစားနိုင်တဲ့ သာယာလှပတဲ့ နေရာများပဲ ဖြစ်ပါတယ်။ ဒီလို ရိုးရှင်းသာယာ အေးချမ်းတဲ့ကျေးရွာတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ဘဝ အစဉ်လှပစေဖို့ ၂၁ ရာစု ခေတ်ရေစီးကြောင်းနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသော ကျေးလက်လူနေမှုပုံစံများအဖြစ် ပြောင်းလဲသွားကြဖို့ လိုအပ်လာတာပဲ ဖြစ်ပါတယ်။ ယခုလို ကျေးလက်လူနေမှုပုံစံများ ခေတ်မီတိုးတက်ပြောင်းလဲစေဖို့အတွက် ခေတ်စနစ်နှင့်ကိုက်ညီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်သည့် “ခေတ်မီစံပြကျေးရွာ” များကို ထူထောင်ပေးဖို့ လိုအပ်မှာပဲ ဖြစ်ပါတယ်။ “ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း”ဟု ဆိုရာတွင် ကျေးရွာ၏ ရှိရင်းစွဲ အားသာချက်များ၊ ပိုင်ဆိုင်မှုများနှင့် ဖွံ့ဖြိုးရေးအခွင့်အလမ်းများအပေါ်တွင် အခြေတည်ပြီး တည်ဆောက်ထားရှိတဲ့ ကျေးရွာလူမှုအဖွဲ့အစည်းတွေ၊ ရိုးရာယဉ်ကျေးမှုတွေ၊ ဆက်သွယ်မှုတွေနှင့် ဝန်ဆောင်မှုတွေကို ဒစ်ဂျစ်တယ်နည်းပညာများ၊ ဆန်းသစ်တီထွင်မှုများနှင့် ခေတ်မီအသိပညာများဖြင့် မြှင့်တင်ဆောင်ရွက်ပေးကာ ရေရှည်တည်တံ့သော ကျေးရွာများအဖြစ် တည်ဆောက်ခြင်းပင် ဖြစ်ပါတယ်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်လို့ သူတို့တွေရဲ့ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးသည် ကျေးလက်ဒေသများဖွံ့ဖြိုးမှုအပေါ် များစွာ မူတည်သက်ရောက်လျက်ရှိပါတယ်။ ယခုအချိန်တွင် ကျေးလက်ဒေသများ၌ မိသားစုဝင်ငွေ နည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း၊ မြို့များနှင့် ဆက်သွယ်ချိတ်ဆက်ရာ၌ အလှမ်းကွာဝေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့ရရှိမှု အားနည်းခြင်း၊ ပညာရေးဆိုင်ရာ စာသင်ကျောင်းများ နှင့် ပညာရပ်ကိစ္စရပ်များရွေးချယ်ရာ၌ ကန့်သတ်မှုများ ဖြစ်ပေါ်နေခြင်း၊ လူမှုရေးဆိုင်ရာအခြေခံ အဆောက်အအုံနည်းပါးခြင်း၊ သဘာဝအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မှုနည်းပါးခြင်းတို့ အပြင် အင်တာနက် ချိတ်ဆက်မှု အားနည်းခြင်းတို့သည် ကျေးလက်လူနေမှုဘဝတွင် အကြီးမားဆုံးသော စိန်ခေါ်မှုများပင် ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ၂၀၂၀ ပြည့်နှစ်ဆန်းတွင် စတင်ဖြစ်ပွားခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါ ကိုဗစ်-၁၉ ကြောင့် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေရရှိရေးလုပ်ငန်းများ များစွာထိခိုက်ခဲ့ရပြီး လူမှုစီးပွားဘဝများအပေါ် ကြီးစွာသောဆိုးကျိုးသက်ရောက်မှုများ ကျရောက်လျက်ရှိပါတယ်။ ဒါ့ပြင် ယခု ၂၁ ရာစုတွင် ကျေးရွာများသည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ ပြည့်မီစေရေးအတွက် အရေးကြီးသော အာရုံစိုက်မှုတစ်ခု ဖြစ်လာပါတယ်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းမှာပဲ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်တဲ့ စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍကပါဝင်လာတဲ့ စတုတ္ထစက်မှုတော်လှန်ရေး (4th Industrial Revolution– 4IR) ပေါ်ပေါက်လာပြီး ၎င်းနှင့်အတူ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်များလည်း တစ်ပါတည်း ပေါ်ပေါက်လာပါတယ်။ ကျေးလက်ဒေသများ၌လည်း ခေတ်မီစံပြကျေးရွာ Smart Village စီမံကိန်းများကို အစပြုဆောင်ရွက်လျက် ရှိကြပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော်အစိုးရက ပြည်သူများရဲ့ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေးအတွက် လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဘက်စုံပြုပြင်ပြောင်းလဲမှု မူဝါဒများချမှတ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ အဆိုပါကဏ္ဍတို့နှင့် ချိတ်ဆက်ပြီး တီထွင်ဆန်းသစ်မှုများကို အားပေးမြှင့်တင်သည့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြု၍ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

## ရည်မှန်းချက်

မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန် မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေး ခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာ (Smart Village) များ ထူထောင်နိုင်ရန် ရည်မှန်းပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

● မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန် မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာ (Smart Village) များ ထူထောင်နိုင်ရန် ရည်မှန်းပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိ

## ရည်ရွယ်ချက်

ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နေချင့်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန် ရည်ရွယ်ပါတယ်။

## ဆောင်ရွက်မည့် နည်းလမ်း

ပြည်သူဗဟိုပြုစနစ်ဖြင့် ကျေးရွာ၏ လိုအပ်ချက်များဖော်ထုတ်၍ ကျေးရွာဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အစုအဖွဲ့/သမဝါယမစနစ်ဖြင့် ကျေးလက်စီးပွားရေး မြင့်မားရေးဆောင်ရွက်ခြင်းတို့ဖြင့် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးရာမှာ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ ဝင်ငွေတိုးပွားရေးဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေပြုကုန်ထုတ်လုပ်ငန်းများအပြင် မြို့ပြနှင့် မခြား အစိုးရ၏ဝန်ဆောင်ပေးမှုများကို စုံစုံလင်လင် ပြည့်ပြည့်စုံစုံဖြစ်အောင် ဌာနစုံမှ ပူးပေါင်းဆောင်ရွက်မည့် ပုံစံပဲဖြစ်ပါတယ်။

## ဆောင်ရွက်မည့်နေရာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆိုင်ရာဌာနအလိုက် ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ယခု Pilot အဖြစ် ဆောင်ရွက်မည့် စံပြကျေးရွာစီမံကိန်းကိုတော့ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာ၊ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာနှင့် တပ်ကုန်းမြို့နယ် ဝွေးပင်ကျေးရွာတို့မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှ သုံးရွာစီ ရွေးချယ်ကာ ဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။

## စီမံကိန်းကာလ

စီမံကိန်းကာလမှာ ၂၀၂၁ - ၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ (၂ နှစ် ၆ လ) ဖြစ်ပါတယ်။

## ခေတ်မီစံပြကျေးရွာ ထူထောင်ရေးအဓိကလုပ်ငန်းကဏ္ဍများ

ခေတ်မီစံပြကျေးရွာ ထူထောင်ရေးအဓိက လုပ်ငန်းကဏ္ဍများအနေဖြင့် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေး မြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးတို့ပဲ ဖြစ်ပါတယ်။




ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး ကဏ္ဍတွင် ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လူမှုရေးဆိုင်ရာ အဆောက်အအုံများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှု ကဏ္ဍတွင် ကျေးရွာမတည် ရန်ပုံငွေထူထောင်ခြင်း၊ အသေးစားငွေကြေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစုများ ကူညီထောက်ပံ့ပေးခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများ ထောက်ပံ့ပေးခြင်းနှင့် ပြည်သူဝန်ဆောင်မှုဆိုင်ရာ Digital Services နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းတို့ ပါဝင်မှာဖြစ်ပါတယ်။

ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး မြင့်မားရေးကဏ္ဍအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာလုပ်ငန်းများ၊ အိမ်တွင်းမှု လက်မှုပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းများ၊ စားသောက်ကုန်/လူသုံးကုန်အတွက် Value Added ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ငန်းများ၊ ဈေးကွက်အချက်အလက် စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေရေးကဏ္ဍအတွက် ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ (SHG)အဖွဲ့များ ထူထောင်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေး အသိပညာပေး အမြင်ဖွင့်သင်တန်းများ ပို့ချခြင်း၊ ပြန်လှန်လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်းများ ပါဝင်မှာ ဖြစ်ပါတယ်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ကဏ္ဍတွင် ထိခိုက်လွယ်အုပ်စုများအတွက် Cash for Work အစီအစဉ်များဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးခြင်း၊ ကျား-မရေးရာအသိပညာပေးခြင်းများဆောင်ရွက်ခြင်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးကဏ္ဍအနေဖြင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း၊ ကျေးရွာတွင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို SMART Village စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

### ကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှု

စီမံကိန်း Focal အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူပြီး ကဏ္ဍ (၁) အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းအား ကျေးလက်ဦးစီး၊ ကျေးလက်လမ်းဦးစီး၊ အသေးစားဦးစီး၊ သမဝါယမဦးစီး၊ ကဏ္ဍ(၂) အနေဖြင့် သွင်းအားစုနှင့် ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းအား သမဝါယမဦးစီး၊ ကျေးလက်ဦးစီး၊ အသေးစားဦးစီး၊ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေးဦးစီးနှင့် ပုဂ္ဂလိက၊ ကဏ္ဍ (၃) အနေဖြင့် အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားရေးမြင့်မားရေးလုပ်ငန်းအား သမဝါယမဦးစီး၊ အသေးစားဦးစီး၊ ကျေးလက်ဦးစီး၊ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေးဦးစီး၊ သမတက္ကသိုလ်များနှင့် ပုဂ္ဂလိကများ၊ ကဏ္ဍ (၄) အနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းအား သမဝါယမဦးစီး၊ ကျေးလက်ဦးစီး၊ အသေးစားဦးစီး၊ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေးဦးစီး၊ သမတက္ကသိုလ်များနှင့် ပုဂ္ဂလိကများ၊ ကဏ္ဍ (၅)အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအား ကျေးလက်ဦးစီး၊ လူမှုဝန်ထမ်းဦးစီး၊ ထွေအုပ်ဦးစီး၊ ကျန်းမာရေးဦးစီး၊ သမဝါယမဦးစီး၊ အသေးစားဦးစီးနှင့် လူမှုရေးအသင်းများ၊ ကဏ္ဍ (၆) သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းအား ကျေးလက်ဦးစီး၊ သစ်တောဦးစီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး၊ စိုက်ပျိုးရေးဦးစီး၊ ပြန်/ဆက်ဦးစီး၊ ကျန်းမာရေးဦးစီး၊ လူမှုဝန်ထမ်းဦးစီး၊ သမဝါယမဦးစီး၊ အသေးစားဦးစီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ဆောင်ရွက်မည့် အစီအစဉ်များ

ခေတ်မီစံပြကျေးရွာ ထူထောင်ရာမှာ လုပ်ငန်းစဉ် (၇) ရပ်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး (၁) ကျေးရွာအချက်အလက်များ ကောက်ယူခြင်း၊ (၂) စီမံကိန်းဒီဇိုင်းအပေါ် သက်ဆိုင်ရာဌာနများမှ အကြံဉာဏ်ရယူခြင်းနှင့် ကျေးရွာလူထုထံ အသိပေးမိတ်ဆက်ခြင်း၊ (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း (VDP)၊ (၄) ကျေးရွာမှရေးဆွဲထားသော စီမံချက်အပေါ် ဌာနအလိုက်ဆောင်ရွက်မည့် အသေးစိတ်လုပ်ငန်းစဉ်များနှင့် ငွေကြေးအစီအစဉ်များ ရေးဆွဲခြင်း၊ (၅) လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (၆) စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊ (၇) အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်ရွက်ရန် အသိပညာမျှဝေခြင်း၊ Knowledge Exchange လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အစီအစဉ်အလိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ရေးဆွဲခြင်း

SMART Village ထူထောင်ရာတွင် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ပကတိအခြေအနေများကို ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျ ရေးဆွဲပြုစုထားသော ကဏ္ဍအလိုက်ပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲခြင်းကို အခြေခံ၍ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုသို့ ဆောင်ရွက်ရာမှာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနည်းဖြင့် ကျေးရွာ၏ လိုအပ်ချက်များကို လူမှုစီးပွားဘဝအခြေအနေဆန်းစစ်ခြင်း (PRA) ကို အသုံးပြု၍ ကျေးရွာ၏ အခြေခံအချက်အလက်များဖြစ်တဲ့ လူဦးရေ၊ လုပ်သား၊ သဘာဝအရင်းအမြစ်၊ ထိခိုက်လွယ်မှုနှင့် အိမ်ထောင်စုအလိုက် ဥစ္စာဓနခွဲခြားခြင်းများ ကောက်ယူခြင်း၊ ရရှိလာသော အချက်အလက်များအပေါ် အခြေခံပြီး ကျေးရွာ၏ လက်ရှိကဏ္ဍအသီးသီးရှိ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုအခြေအနေများကို လေ့လာဆန်းစစ်ခြင်း၊ ထိုမှတစ်ဆင့် ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ရရှိမှုများကို အခြေခံ၍ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာရေးဆွဲခြင်းနှင့် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ထုတ်၍ ကဏ္ဍစုံလွှမ်းခြုံသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

✻ **ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကျေးရွာလူထု၏ ပူးပေါင်း ဆောင်ရွက်မှုရရှိရန် စည်းရုံးဆောင်ရွက်ခြင်း၊ လိုအပ်သော အထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းအပြင် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ဖွံ့ဖြိုးရေးကိစ္စများအတွက် ညှိနှိုင်းခြင်းတို့ ဆောင်ရွက်နိုင်စေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာနေပြည်သူများမှ ရွေးကောက်တင်မြှောက်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ကော်မတီဝင်အရေအတွက်ကို ခုနစ်ဦး ထက်မနည်း ၁၁ ဦးထက်မပိုစေဘဲ အမျိုးသား၊ အမျိုးသမီး အချိုးညီစွာ ထည့်သွင်းပါဝင်ဖွဲ့စည်းစေမှာဖြစ်**

### ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခြင်း

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကျေးရွာလူထု၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် စည်းရုံးဆောင်ရွက်ခြင်း၊ လိုအပ်သော အထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းအပြင် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ဖွံ့ဖြိုးရေးကိစ္စများအတွက် ညှိနှိုင်းခြင်းတို့ ဆောင်ရွက်နိုင်စေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာနေပြည်သူများမှ ရွေးကောက်တင်မြှောက်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ကော်မတီဝင်အရေအတွက်ကို ခုနစ်ဦးထက်မနည်း ၁၁ ဦးထက်မပိုစေဘဲ အမျိုးသား၊ အမျိုးသမီး အချိုးညီစွာ ထည့်သွင်းပါဝင်ဖွဲ့စည်းစေမှာ ဖြစ်ပါတယ်။

### ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

ဖွဲ့စည်းထားရှိတဲ့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဦးဆောင်ခြင်း၊ ကျေးရွာရှိ အခြားဖွံ့ဖြိုးရေးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းစနစ် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း၊ ဖော်ထုတ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောအရင်းအမြစ်များ ရှာဖွေနိုင်ရန် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများကို တာဝန်ခွဲဝေသတ်မှတ်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကြီးကြပ်ခြင်း၊ အကဲဖြတ်ခြင်း၊ ကျေးရွာအဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးပုံမှန်ကျင်းပခြင်း၊ လုပ်ငန်းများ ပြုပြင်ထိန်းသိမ်းရေးနှင့် လည်ပတ်ရေးတို့အတွက် ငွေကြေးနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ ချမှတ်ရာတွင် ဦးစီးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

### ကြီးကြပ်စစ်ဆေးခြင်း

စီမံကိန်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress) နှင့် ငွေကြေးပိုင်းဆိုင်ရာတိုးတက်မှု (Financial Progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးသွားပါမယ်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ရေး စီမံဆောင်ရွက်သွားပါမယ်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ထားပါတယ်။ ယင်းအချက်အလက်များကို အသုံးပြု၍ စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်ညွှန်ကိန်း (Indicators) များ ဖော်ထုတ်ပါမယ်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးမှုတွေ့ရှိချက်အစီရင်ခံစာ (Monitoring Report)ကို ကျေးရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြမည်ဖြစ်ပြီး သုံးလပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာတွင် (က)လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress)၊ (ခ)ငွေကြေးဆိုင်ရာတိုးတက်မှု (Financial Progress) တို့ ပါဝင်မှာ ဖြစ်ပါတယ်။

### စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်းနှင့် ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်

စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအနေဖြင့် ကျေးရွာလူထုကိုယ်တိုင်မှ စောင့်ကြည့်စစ်ဆေးခြင်း၊ Social Audit ပြုလုပ်ခြင်း၊ M&E ပုံစံများ ပြုစု၍ လုပ်ငန်းတိုးတက်မှု၊ ဆောင်ရွက်မှုအခြေအနေများအား စောင့်ကြည့်စစ်ဆေးခြင်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ် အနေဖြင့် မကျေနပ်ချက်များ၊ အကြံပြုချက်များရှိခဲ့ပါက (က) အစည်းအဝေးများတွင် တင်ပြအကြံပြုခြင်း၊ (ခ) တယ်လီဖုန်း၊ (ဂ) စာဖြင့် (ဃ) Email၊ social media တို့မှတစ်ဆင့် အကြံပြုတိုင်ကြားရန် စီစဉ်ပါမည်။ ဆက်သွယ်ရန် အမည်၊ ဖုန်းနံပါတ်များ ဖြန့်ဝေထားပါမည်။

အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် Mass Communication ဆောင်ရွက်ပါမယ်။ သတင်းစာ၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာများ၊ Website နှင့် Social Media တို့မှတစ်ဆင့် ထုတ်လွှင့်ခြင်းစသည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### စည်းရုံးဆောင်ရွက်ခြင်း၏ အရေးကြီးပုံ

ဘက်စုံ၊ ကဏ္ဍစုံ ဆောင်ရွက်ရသောစီမံကိန်းများတွင် Focal အဖြစ် ပင်မဆက်သွယ်တာဝန်ခံရန် ဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါတယ်။ စီမံကိန်းတစ်ခုလုံးရဲ့ ရည်မှန်းချက် ပြည့်မြောက်ရန်အတွက် အဖွဲ့အစည်းအသီးသီးရဲ့ ရည်မှန်းချက်နှင့် ကဏ္ဍအလိုက်ဆောင်ရွက်ချက်များ ဟန်ချက်ညီညီ အဆင်ပြေချောမွေ့အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဟာ အနုပညာမြောက်ပြီး စိတ်စေတနာအရင်းခံ၍ စိတ်ရှည်သည်းခံရန် လိုအပ်ပါတယ်။ ငါနှင့်မဆိုင်၊ ငါ့ကဏ္ဍမဟုတ်၊ ငါ့ဌာနအလုပ်မဟုတ် ဟူ၍ စိတ်ထား၍မရပေ။ စီမံကိန်းရည်မှန်းချက် အောင်မြင်အောင် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေရန် လိုအပ်ပါတယ်။

### မျှော်မှန်းရလဒ်များ

မျှော်မှန်းချက်များအနေဖြင့် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရန် နှင့် မိသားစုများဝင်ငွေ တိုးပွားနိုင်ရန်၊

(ခ) မြို့ပြကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ပုံမှန်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊

(ဂ) ကျေးရွာစိတ်ဓာတ်၊ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်များရှင်သန်ပြီး ကျေးရွာရှိ အသင်းအဖွဲ့စနစ်များ ခိုင်မာအားကောင်း၍ တုံ့ပြန်နိုင်စွမ်း အားကောင်းသော လူအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး။

### ကိုယ်တိုင်လုပ်မှရ

ဤစီမံကိန်းမှာ ဌာနဆိုင်ရာများမှ လိုအပ်သည်များ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံပြီး စားနပ်ရိက္ခာဖူလုံရေးမှာ နိုင်ငံတော်အစိုးရများရဲ့ တာဝန်များ ဖြစ်ပါတယ်။ တစ်ဖက်မှလည်း နိုင်ငံသားတိုင်း ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် လုပ်ချင်စိတ်၊ ကြိုးစားလိုစိတ်၊ ဖြစ်ချင်စိတ်ဖြင့် ကျေးရွာစိတ်ဓာတ်အပြည့်ဖြင့် ငါတို့ရွာ၊ ငါတို့စီမံကိန်း၊ ငါတို့မှာ တာဝန်ရှိတယ်ဟူသည့် အသိဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်၊ ရေရှည်ခံမည်၊ ကျေးရွာဦးဆောင်သူ ခေါင်းဆောင်များ အမြော်အမြင်ရှိရှိ စိတ်စေတနာကောင်းဖြင့် ဦးဆောင်ကြမှသာ ဟန်ချက်ညီသော အဖွဲ့အစည်းဖြစ်လာပြီး ဖွံ့ဖြိုးရေးအသီးအပွင့်များကို အတူတူရရှိခံစားနိုင်မည် ဖြစ်ပါတယ်။ ကောက်ရိုးမီးလို တစ်ခဏတာမဟုတ်ဘဲ ရေရှည်ကျေးရွာစိတ်ဓာတ်အပြည့်ဖြင့် နေ့စဉ်နေ့တိုင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ကျေးရွာများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စံပြကျေးရွာများ အဖြစ် အတူတကွ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်း ပြောကြားလိုက်ပါတယ်။ ။

**ကိုးကား**

- **ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံချက်**
- **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲ**

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်းဆက်ပြီးဗဟုသုတဖြစ်ဖွယ်ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ Forming Adjectives (နာမဝိသေသန ဖွဲ့စည်းခြင်း) ကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့တကွ လွယ်ကူရိုးရှင်းစွာ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about food and cooking–4" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idioms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက် များနဲ့တကွ နမူနာဝါကျများနဲ့ပါ ယှဉ်တွဲဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

*ယခုတစ်ပတ်မှာလည်း တခြားစကားလုံး (Other words) တွေက Adjectives (နာမဝိသေသန) များအဖြစ် ပြောင်းလဲဖွဲ့စည်းပုံကို နားလည်သဘောပေါက်စေရန် ဆက်လက် ချြင့်ဖော်ပြလိုက်ပါတယ်။*

| | |
|---|---|
| harm (ထိခိုက်နစ်နာခြင်း၊ အန္တရာယ်) | harmful (အန္တရာယ်ရှိသော) |
| hate (မုန်းတီးခြင်း၊ အမုန်း) | hateful (မုန်းတီးသော) |
| height (အမြင့်၊ မြင့်သောနေရာ) | high (မြင့်သော) |
| help (ကူညီခြင်း၊ အကူအညီ) | helpful (ကူညီဖော်ရသော) |
| hero (လူစွမ်းကောင်း၊ သူရဲကောင်း) | heroic (ရဲစွမ်းသတ္တိရှိသော၊ သူရသတ္တိရှိသော) |
| hope (မျှော်လင့်ချက်) | hopeful (မျှော်လင့်ချက်ရှိသော) |
| imagine (စိတ်ကူးစိတ်သန်းထုတ်သည်) | imaginary (စိတ်ကူးသက်သက်) |
| joy (ပျော်ရွှင်မှု) | joyful (ပျော်ရွှင်အားရသော) |
| law (ဥပဒေ) | lawful (တရားဝင်ဖြစ်သော) |
| length (အရှည်၊ အလျား) | long (ရှည်သော) |
| love (ချစ်ခြင်း၊ မေတ္တာ၊ သံယောဇဉ်) | lovable (ချစ်ဖွယ်ကောင်းသော) |
| man (လူ၊ ယောက်ျားကြီး) | manly (ယောက်ျားပီသသော) |
| mercy (သနား၊ သက်ညှာမှု) | merciful (ကရုဏာရှိသော) |
| mine (ကျွန်တော်၏ဟာ) | my (ကျွန်ုပ်၏) |
| mischief (ဒုက္ခပေးခြင်း၊ ထိခိုက်နစ်နာစေခြင်း) | mischievous (ထိခိုက်နစ်နာစေသော) |
| mountain (တောင်၊ တောင်ပုံရာပုံ) | mountainous (တောင်ထူထပ်သော) |
| music (ဂီတ) | musical (ဂီတနှင့်ဆိုင်သော) |
| nation (လူမျိုး၊ နိုင်ငံ) | national (အမျိုးသား၊ နိုင်ငံတော်နှင့်ဆိုင်သော) |
| nature (သဘာဝ၊ သဘာဝတရား) | natural (သဘာဝအလျောက်ဖြစ်သော) |
| noise (အသံဗလံ၊ ဆူညံသံ) | noisy (ဆူညံသော) |
| north (မြောက်အရပ်) | northern (မြောက်ပိုင်း၊ မြောက်ဘက်ခြမ်း) |
| obey (စကားနားထောင်သည်။ အမိန့်နာခံသည်) | obedient (နာခံသော၊ လိုက်နာသော) |
| parent (မိဘ) | parental (မိဘ၏၊ မိဘနှင့်ဆိုင်သော) |

| | |
|---|---|
| peace (ငြိမ်းချမ်းရေး) | peaceful (ငြိမ်းချမ်းသော) |
| person (လူ၊ ပုဂ္ဂိုလ်) | personal (ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော) |
| pity (သနားခြင်း) | pitiful (သနားချင့်စဖွယ်ကောင်းသော) |
| please (ကျေနပ်စေသည်) | pleasant(နှစ်လိုဖွယ်ကောင်းသော၊သာယာသော) |
| poison (အဆိပ်) | poisonous (အဆိပ်ရှိသော) |
| pride (ဂုဏ်သိက္ခာ၊ ပီတိသောမနဿ) | proud (ဂုဏ်ယူသော) |
| prosper (တိုးတက်ကြီးပွားသည်) | prosperous (ကြီးပွားချမ်းသာသော) |
| quarrel (ခိုက်ရန်ဖြစ်ပွားခြင်း) | quarrelsome (ရန်လိုသော) |
| science (သိပ္ပံပညာ၊ သိပ္ပံဘာသာရပ်) | scientific (သိပ္ပံနည်းကျဖြစ်သော) |
| sense (အာရုံခံစားမှု) | sensible (စဉ်းစားတတ်သော) |
| silk (ပိုးခြည်) | silky (ပိုးသားကဲ့သို့နူးညံ့ချောမွေ့သော) |
| skill (ကျွမ်းကျင်မှု) | skillful (ကျွမ်းကျင်လိမ္မာသော) |
| smoke (မီးခိုး၊ ဆေးလိပ်သောက်ခြင်း) | smoky (မီးခိုးအူသော၊ မီးခိုးနံ့ရသော) |

## VOCABULARY (IDIOMS)

1. to pull up one's/the socks (အခြေအနေတိုးတက်အောင်ကြိုးစားသည်)

She'll have *to pull up her socks* in English if she wants to pass.

2. to call a spade a pade (စိတ်ထဲရှိသည်ကိုမကွယ်မဝှက်ပြောသည်။ ဖြောင့်ပြောသည်)

That dress made her look fat, let's *call a spade a spade* before she goes out wearing it and embarrasses herself.

3. to throw in the sponge (လက်မြှောက်အရှုံးပေးသည်)

The early election returns were heavily against him, but he wasn't ready *to throw in the sponge.*

4. to leave no stone unturned (မရမနေရှာသည်။ လက်ကြောတင်းတင်းလုပ်သည်)

He said he would *leave no stone unturned* in the search for peace.

5. a man of straw (အလုပ်တစ်ခုလုပ်ရန် စွမ်းရည်သတ္တိမရှိသူ)

Either he is a brave and principled national leader or he is *a man of straw* who does not deserve to win the next election.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about food and cooking–4

ဒီတစ်ပတ်မှာလည်း အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လို ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about food and cooking–4" ဆိုပြီး ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။

***Should I …***

***Add/Stir (V–Infinitive) …***

***Need to …***

***How to make …***

၁။ တစ်ခုခုလုပ်သင့်လား၊ လုပ်ရင်ကောင်းမလားဆိုပြီး အကြံတောင်းတဲ့အခါ ပြောလေ့ရှိတဲ့ စကားပြောပုံစံတစ်ခုကတော့ Should I … ပဲဖြစ်ပါတယ်။ ဥပမာ–

- Should I use a low heat?
- Should I play games?
- Should we let them go on or not?

၂။ တစ်ခုခုကို ခိုင်းစေတဲ့အခါ၊ ပြောတဲ့အခါ၊ အကြံပေးပြောကြားတဲ့အခါ၊ လေသံမာမာနဲ့အမိန့်ပေးသလို ပြောတဲ့အခါမှာ သုံးလေ့ရှိတဲ့ စကားပြောပုံစံတစ်မျိုးကတော့ V–infinitive လို့ခေါ်တဲ့ **Imperative** နဲ့ စပြောတာပဲ ဖြစ်ပါတယ်။ ဥပမာ–

- Add the milk very slowly.
- Stir the sauce continuously.
- Go straight.
- Stop talking nonsense.

၃။ တစ်ခုခုကိုလုပ်ဖို့လိုတယ်လို့ ပြောချင်ရင် need to … နဲ့ သုံးပါတယ်။ ဥပမာ–

- We just need to layer all the parts, sprinkle some grated cheese on top, and then bake it for half an hour.
- we need to make the white sauce.

၄။ ဘယ်လိုလုပ်ရမလဲဆိုပြီး မေးရင်၊ ပြောရင် တော့ How to make … ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ –

- How to make white sauce?

Conversation

How to make a dish

**Susan:** So, what do we do first?

**James:** First, we need to fry the aubergine and the potato. While you do that, I'll prepare the meat.

**Susan:** How are you going to do it?

**James:** It's easy: you sauté onion and garlic, then add the meat to brown it. Then you add the tomatoes and simmer it for fifteen minutes or so unitl the sauce thickness.




**Susan:** OK, what now?

**James:** Now we need to make the white sauce. You know how to make white sauce?

**Susan:** I think so, though I've never tried it. It's butter, flour and milk, right?

**James:** Yes, but you need to be careful.

**James:** Add the milk very slowly, and stir the sauce continuously. Otherwise, it can get lumpy.

**Susan:** Should I use a low heat?

**James:** Yes, as low as possible.

**Susan:** So, is that it?

**James:** Pretty much! We just need to layer all the parts, sprinkle some grated cheese on top, and then bake it for half an hour.

**Susa:** What shoud I do, then?

**James:** Get a baking dish. Put the potatoes in the bottom, then the aubergine, then the meat. Add another layer of aubergine on top, then pour in the white sauce.

**Susa:** Is it reay?

**James:** Yeah, I think so. It should be lightly brown on top. Nice work–you made your first moussaka! (famous Greek dish)

**Language Focus Point**

sauté (ဆီပူထိုးထားသော၊ ဆီနှင့်လှိမ့်ထားသော) / fry (ကြော်သည်)

boil (ပွက်ပွက်ဆူသည်) / simmer (တဖြည်းဖြည်းညင်သာစွာဆူသည်)

pour (လောင်းထည့်သည်)/ sprinkle (အနည်းငယ်ဖြန်းသည်၊ ဖြူးသည်)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။



ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီ။

# ယူကရိန်းတပ်ဖွဲ့ဝင်များက ရုရှားတို့ကို ခုခံတိုက်ခိုက်လျက်ရှိဟု ယူကရိန်းသမ္မတဇီလန်စကီပြော

ကီယက်ဗ် ဖေဖော်ဝါရီ ၂၇

ကီယက်ဗ်မြို့ကို ထိုးစစ်ဆင်နေကြသည့် ရုရှားတပ်ဖွဲ့ဝင်များကို ယူကရိန်းတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်လျက်ရှိကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောသည်။

ယူကရိန်းနိုင်ငံအတွင်းရှိ မြို့များစွာနှင့် နေရာပေါင်းများစွာတို့တွင် တိုက်ပွဲများ ဖြစ်ပွားနေသည်။ သို့သော်လည်း ကီယက်ဗ်နှင့် ပတ်ဝန်းကျင်မြို့များမှာမူ ယူကရိန်းတပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင်သာ ရှိနေသေးကြောင်း ၎င်းကဆက်ပြောသည်။

ရုရှားတပ်ဖွဲ့ဝင်များက လူနေအိမ်အဆောက်အအုံများကို တိုက်ခိုက်မှုပြုလုပ်သည်ဟု ယူကရိန်းသမ္မတက စွပ်စွဲထားသည်။ ရုရှားတို့ဘက်မှ တိုက်လေယာဉ်များ အပါအဝင် ဒုံးကျည်များနှင့် လက်နက်မျိုးစုံ အသုံးပြုသည်ဟုလည်း ဇီလန်စကီက ပြောသည်။

ထို့နောက် ရုရှားဦးဆောင်သည့် စစ်ပွဲကို ဆန့်ကျင်နေကြသည့် တာဝန်သိရုရှားပြည်သူများကို ကျေးဇူးတင်ကြောင်း ၎င်းက ရုရှားဘာသာဖြင့် ပြောကြားခဲ့သည်။

စစ်ပွဲကိုရပ်တန့်ရန် လိုအပ်ကြောင်းနှင့် ငြိမ်းချမ်းစွာ အတူတကွနေထိုင်၍ရကြောင်း ယူကရိန်းသမ္မတက ပြောကြားခဲ့သည်။ အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်၌ ငလျင်လှုပ်မှုဖြစ်ပွား

ဂျကာတာ ဖေဖော်ဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်တွင် ဖေဖော်ဝါရီ ၂၅ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူနေအဆောက်အအုံ ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရသည်။

ကယ်ဆယ်ရေးသမားများသည် လူကိုးဦး၏ အလောင်းကို အပျက်အစီးများအောက်တွင် တွေ့ရှိခဲ့ရပြီး နောက်ထပ် ငါးဦးမှာလည်း အပျက်အစီးများအောက်တွင် ရှိနေဆဲဖြစ်သည်ဟု ယူဆရကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောသည်။

ပါဆာမန်ဘာရက်ခရိုင်မှာ ငလျင်ဒဏ်အဆိုးဆုံးခံစားခဲ့ရသည့် ဒေသဖြစ်ပြီး ယင်းခရိုင်တွင်ပင် လူကိုးဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အနောက်ဆူမားတြား ကယ်ဆယ်ရေးနှင့်ရှာဖွေရေးရုံးမှ အကြီးအကဲဖြစ်သူ အော်တစ်မီအန်တိုက ပြောသည်။ ၎င်းတို့၏ အဓိကဦးစားပေးလုပ်ငန်းစဉ်မှာ မလမ်ဖဲ့ကျေးရွာမှ ပျောက်ဆုံးနေသူများကို ရှာဖွေရန်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ငလျင်ကြောင့် တီဂိုနာဂါရီခရိုင်တွင် မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပျောက်ဆုံးနေသူများကို ရှာဖွေရန် ကယ်ဆယ်ရေးလုပ်သား ၅၀ ခန့်နှင့် စက်ယန္တရားကြီးများ အသုံးပြုကာ ရှာဖွေနေကြသည်ဟု သိရသည်။ ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံ၌ နေ့စဉ်ကူးစက်မှု ၃၀၀၀ ကျော်ရှိနေသည်မှာ ငါးရက်ဆက်တိုက်ရှိလာပြီဖြစ်

ဘန်ဒါစီရီဘီဂါဝန် ဖေဖော်ဝါရီ ၂၇

ဘရူနိုင်းနိုင်ငံ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၉၆၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ကူးစက်မှုများပြားသည့် နေ့တစ်နေ့အဖြစ် ထပ်မံ စံချိန်တင်ခဲ့သည်။


တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၅၅၄၈၅ ဦးအထိ ရှိလာခဲ့သည်။ နေ့စဉ် ကူးစက်ခံရသူ ၃၀၀၀ ကျော်လွန်လာသည်မှာလည်း ငါးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

နောက်ထပ် ကူးစက်ခံရသူများမှာ ပြည်တွင်းကူးစက်မှုများဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဘရူနိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ တတိယလှိုင်းနှင့် ရင်ဆိုင်နေရသည်ဟုလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဒုတိယလှိုင်း ရင်ဆိုင်ရစဉ်ကထက် ကူးစက်ခံရသူဦးရေမှာ ပိုမိုများပြားနိုင်သည်ဟုလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဒယ်လ်တာကူးစက်မှုနေရာတွင် အိုမီခရွန်ကူးစက်မှုမှာ အစားထိုးဝင်ရောက်လာသည်ဟုလည်း ပြောသည်။

ဖေဖော်ဝါရီ ၂၅ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးပြီးသူမှာ တိုင်းပြည်လူဦးရေ၏ ၅၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဘရူနိုင်းနိုင်ငံတွင် ဖိုက်ဇာ၊ မော်ဒါနားနှင့် ဆီနိုဖမ်းကာကွယ်ဆေးများကို ထိုးနှံပေးခဲ့သည်။ နိုင်ငံအတွင်း လက်ရှိရောဂါခံစားနေရသူ ၂၇၈၄၁ ဦး ရှိပြီး ပြန်လည်ကျန်းမာလာသူဦးရေမှာ ၂၇၅၂၇ ဦးရှိကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံ၌ နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ကို ယာယီပိတ်ထားခဲ့ပြီး မတ်လ ၁၅ ရက်မတိုင်မီအထိ ပိတ်ထားဦးမည်ဟု သိရသည်။ ဆင်ဟွာ



ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၆၀၀၀ အထိ ရှိလာ

ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၂၇

အာဂျင်တီးနားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၉၀ တိုးလာခဲ့ရာ သေဆုံးသူ စုစုပေါင်းမှာ ၁၂၆၀၀၀ အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ စုစုပေါင်းမှာ ၁၂၆၀၄၈ ဦးရှိပြီဖြစ်သည်။ စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၈၈၉၃၅၆၈ ဦးရှိပြီဖြစ်သည်။

အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ၁၁၇၀ ရှိသည်။ ယခုအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၉၃၄၃၃၄၅၇ လုံးကို ထိုးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြည်သူ့ကာကွယ်ဆေးထိုးပေးရေးအဖွဲ့အစည်းက ပြောသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်ရှိ တက္ကသိုလ်များ ပြန်ဖွင့်

ကဘူးလ် ဖေဖော်ဝါရီ ၂၇

အာဖဂန်နစ္စတန်၌ တက္ကသိုလ်များ အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကာ အမျိုးသမီးများ ပညာရေးအတွက် အပြည်ပြည်ဆိုင်ရာမှ တောင်းဆိုပြီး နောက်တစ်နှစ်ခွဲအကြာတွင် ယခုလို ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

တာလီဘန်တို့သည် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း တိုင်းပြည်ကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် တက္ကသိုလ်များကို ပိတ်ပစ်ခဲ့ပြီး အမျိုးသမီးများ အလယ်တန်းကျောင်းတက်ခွင့်ကိုလည်း ပိတ်ပစ်ခဲ့သည်။

အမျိုးသားနှင့် အမျိုးသမီးများမှာ တစ်နေရာတည်းတွင် အတူတကွ ပညာသင်ရန် မဖြစ်နိုင်ဟု တာလီဘန်တို့က ပြောသည်။



ဖေဖော်ဝါရီ ၂၆ ရက်တွင် တက္ကသိုလ် ၃၁ ခုကို တာလီဘန်တို့က ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ အခြားသော တက္ကသိုလ်ရှစ်ခုမှာ ဖေဖော်ဝါရီလ အစောပိုင်းကတည်းက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် တက္ကသိုလ်ကျောင်းသူများက ပညာရေးတက္ကသိုလ်ဝင်းအတွင်း သွားလာလှုပ်ရှားနေကြသည်။

အဆိုပါတက္ကသိုလ်တွင် အမျိုးသားနှင့် အမျိုးသမီးများကို ခွဲ၍ အတန်းချိန်များ သတ်မှတ်ထားသည်။ အမျိုးသမီးများ၏ စာသင်ချိန်မှာ နံနက် ၆ နာရီခွဲတွင်စပြီး အမျိုးသားများအတွက် စာသင်ချိန်မှာ ညနေလေးနာရီတွင် စသည်။ အပြည်ပြည်ဆိုင်ရာ၏ ဖိအားပေးမှုများကြောင့် တာလီဘန်တို့က တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်နိုင်ကြောင်း ကျောင်းသူတစ်ဦးက ပြောသည်။ အမျိုးသမီးများအတွက် အလယ်တန်းကျောင်းကိုလည်း မတ်လလယ်တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ပန်းတနော်မြို့နယ်၌ သီတင်းသုံး စံပယ်တော်မူမည့် လောကချမ်းသာအဘယလာဘမုနိ နီးဘုရားကြီး လှည့်လည်အပူဇော်ခံ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမတိုက်နယ် တိုက်ကုန်း-ကြံတောကြီးကျေးရွာ မိုးကောင်းသာသနာ့နယ်မြေအတွင်း၌ သီတင်းသုံးစံပယ်တော်မူမည့် နီးဘုရားကြီး လှည့်လည်အပူဇော်ခံလျက်ရှိရာ ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စု ချောင်းဝကျေးရွာ အလှူရှင်အိမ်၌ ညအိပ်ရပ်နားခဲ့ပြီး ယနေ့နံနက်ပိုင်းက ကျောင်းကုန်းမြို့တွင်းသို့ လှည့်လည်၍ အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

အဆိုပါ လောကချမ်းသာအဘယလာဘမုနိ နီးဘုရားကြီး၏ ဥဏှိသျှတော်အမြင့်မှာ ကိုးပေ၊ ကိုးလက်မ၊ ပလ္လင်တော်အမြင့်မှာ နှစ်ပေဖြစ်ပြီး ချောင်းဝကျေးရွာနေ အလှူရှင် ဦးစိုးညွန့်+ဒေါ်ငွေငွေ မိသားစုနှင့် ခုနစ်ရက်သားသမီးများ ကောင်းမှုဖြင့် တည်ထားကိုးကွယ်တော်မူခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ကုန်ကျငွေကျပ် ၃၉ သိန်းဖြစ်ကြောင်း၊ နီး မြန်မာမှုပညာရှင်ဖြစ်သော ဆရာစိန်နှင့် သားများက ရက်လုပ်ပူဇော်ခြင်းဖြစ်ကြောင်း တိုက်ကုန်း-ကြံတောကြီးကျေးရွာ မိုးကောင်းကျောင်းတိုက်မှ နာယကဆရာတော် ဦးဒေဝိန္ဒက ပြောသည်။



ယနေ့နံနက်ပိုင်းတွင် ကျောင်းကုန်းမြို့နယ်အတွင်း လှည့်လည်၍ အပူဇော်ခံပြီး တည်ထားကိုးကွယ်မည့် အင်းမတိုက်နယ် တိုက်ကုန်း-ကြံတောကြီးကျေးရွာရှိ မိုးကောင်းကျောင်းတိုက်သို့ ကြွချီ အပူဇော်ခံထားရှိမည်ဖြစ်သည်။ ရန်ကုန်-ပုသိမ်ကားလမ်းမနှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိပြီး၊ ဘုရားဖူး လာရောက်သူများကိုလည်း သက်သတ်လွတ်ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ နီးဘုရားကြီး သီတင်းသုံးစံပယ်တော်မူမည့် ငြိမ်းချမ်းရေးကျောင်းဆောင်တော်ကြီး တည်ဆောက်ရန်အတွက် ဆက်သွယ်လှူဒါန်းလိုပါက တိုက်ကုန်း-ကြံတောကြီးကျေးရွာ မိုးကောင်းကျောင်းတိုက် နာယကဆရာတော် ဦးဒေဝိန္ဒ ဖုန်း ၀၉-၇၉၈၁၅၀၈၆၁၊ ၀၉-၆၉၆၆၈၄၂၄၅ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး မျိုးစပါးအခမဲ့ဖြန့်ဝေ

**တောင်သာ ဖေဖော်ဝါရီ ၂၇**

တောင်သူလယ်သမားနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နွေစပါးဧက ၁၀၀ တွင် တစ်ဧကထွက်နှုန်း တင်း ၁၂၀ ထွက်ရှိရေး စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား စပါးအထွက်နှုန်းတိုးစေရန် တောင်သူနည်းပညာပေး ဆွေးနွေးခြင်းနှင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး မျိုးစပါးအခမဲ့ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တောင်သာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဖြူမာက နွေစပါးဧက ၁၀၀၊ တစ်ဧကအထွက်နှုန်း တင်း ၁၂၀ ထွက်ရှိရေး စံပြကွက်စိုက်ပျိုးမည့် တောင်သူများအနေဖြင့် စပါးတစ်ဧကအထွက်နှုန်းတိုးစေရေး သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ကျင့်သုံးနိုင်ရန် နည်းပညာများ ဆွေးနွေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး မျိုးစပါးများ အခမဲ့ဖြန့်ဝေခြင်းဖြစ်ကြောင်း၊ နွေစပါး တစ်ဧက တင်း ၁၂၀ ထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သော မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်၊ ပေါင်စနစ်ဖြင့် ပျိုးထောင်ရန်၊ ပျိုးခင်းစနစ်တကျ ပြုစုရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တစ်ဧကလျှင် မနောသုခ (RS) မျိုးသန့်စပါး တစ်တင်းနှုန်းဖြင့် ဧက ၁၀၀ အတွက် မျိုးစပါး တင်း ၁၀၀ ကို တောင်သူ ၆၈ ဦးထံ အခမဲ့ဖြန့်ဝေခဲ့သည်။



တောင်သာမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ကျောဇီမြစ်ရေတင်၊ ကျောက်တလုံးဆည်၊ ဆင်တဲဝဆည်၊ တောင်သာဆည်၊ ဝဲလောင်ဆည်၊ ဝဲလောင်ဆည်ရေသောက် ဒေသများတွင် နွေစပါးဧက ၁၂၀၀ စိုက်ပျိုးနိုင်ရေး လျာထားကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊

ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm



# ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၅၉ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ငါးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၆၅ ရှိ

(၂၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၇၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၉၅၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၉.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၀၀,၄၇၂)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၈၆,၁၉၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၉၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၃၃,၃၉၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၆၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၂-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၃,၅၈၆,၈၂၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၀,၉၁၉,၉၃၃) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၆၆၆,၈၈၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၆-၂-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၄၄,၅၀၆,၇၅၅) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၈၅) ခု | (၁၈၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၂) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၂) ခု | (၂၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၄) ခု | (၁၇၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၀၄၄) ခု | (၁၉၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၀၂) ခု | (၂၉၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၅၆၈) ခု | (၁,၀၈၄) ဦး |
| **စုစုပေါင်း** | (၂၀,၇၂၇) ခု | (၁,၉၅၉) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၂၆-၂-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၆၆၆,၈၈၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၀,၉၁၉,၉၃၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၃,၅၈၆,၈၂၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၄၄,၅၀၆,၇၅၅) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်စီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂၇ - ၂ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၅၆၀၂၉၃ | ၅၃၀၃၇၀၄၅ | ၉၇၂၉၃၀ |
| ၂။ | အိန္ဒိယ | ၄၂၉၁၆၁၁၇ | ၄၂၂၉၀၉၂၁ | ၅၁၃၇၅၆ |
| ၃။ | ဘရာဇီး | ၂၈၇၄၄၀၅၀ | ၂၆၀၈၂၅၁၁ | ၆၄၈၉၈၉ |
| ၄။ | ပြင်သစ် | ၂၂၆၄၆၇၃၂ | ၂၀၆၆၆၃၁၃ | ၁၃၈၀၅၉ |
| ၅။ | ဗြိတိန် | ၁၈၈၀၄၇၆၅ | ၁၇၁၅၃၂၅၃ | ၁၆၁၂၂၄ |
| ၆။ | ရုရှား | ၁၆၂၉၁၁၁၆ | ၁၃၄၅၈၉၁၀ | ၃၅၀၉၂၇ |
| ၇။ | ဂျာမနီ | ၁၄၆၃၃၅၁၁ | ၁၀၈၄၂၃၀၀ | ၁၂၃၂၈၃ |
| ၈။ | တူရကီ | ၁၃၉၇၅၃၈၉ | ၁၃၂၁၉၅၀၇ | ၉၄၀၂၆ |
| ၉။ | အီတလီ | ၁၂၇၃၂၆၈၀ | ၁၁၄၃၇၇၀၆ | ၁၅၄၄၁၆ |
| ၁၀။ | စပိန် | ၁၀၉၇၇၅၂၄ | ၉၁၈၀၇၂၈ | ၉၉၄၁၀ |

## ၂၇-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၃၉၃၉၄ | ၄၈၁၇၄၂၃ | ၁၄၈၀၇၃ |
| ဖိလစ်ပိုင် | ၃၆၆၁၀၄၉ | ၃၅၅၁၆၈၇ | ၅၆၄၀၁ |
| မလေးရှား | ၃၃၉၅၁၇၀ | ၃၀၆၃၅၆၀ | ၃၂၆၃၄ |
| ဗီယက်နမ် | ၃၂၁၉၁၇၇ | ၂၃၇၆၀၄၆ | ၄၀၀၅၀ |
| ထိုင်း | ၂၈၆၉၆၁၆ | ၂၆၃၇၈၇၉ | ၂၂၈၉၄ |
| စင်ကာပူ | ၆၉၆၆၅၂ | ၆၃၁၃၁၈ | ၉၉၉ |
| မြန်မာ | ၅၈၆၁၉၈ | ၅၃၃၃၉၅ | ၁၉၃၆၅ |
| လာအို | ၁၄၂၆၀၉ | ၁၄၀၀၉၉ | ၆၂၁ |
| ကမ္ဘောဒီးယား | ၁၂၉၉၂၀ | ၁၂၃၃၅၃ | ၃၀၃၂ |
| ဘရူနိုင်း | ၅၉၄၄၇ | ၃၁၀၂၂ | ၁၂၁ |

# ကိုဗစ် - ၁၉ အလွန် လူငယ်တို့၏ အနာဂတ်အရေး

*သိန်းထွန်း(IR)*

**ကိုဗစ်-၁၉ ၏ ထိခိုက်မှုများ**

၂၀၁၉ ခုနှစ် နှောင်းပိုင်းမှ စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ သည် နှစ်နှစ်ကျော်လာသည့် ယနေ့ထက်တိုင် ကူးစက်မှုများဆက်လက်ရှိနေဆဲဖြစ်သည်။ ကိုဗစ်-၁၉ မှာ ဗီဇမျိုးကွဲများဖြင့် ဆက်လက်ရှင်သန်နေဆဲဖြစ်ရာ ကူးစက်မှုထိန်းချုပ်ရေး၊ ကာကွယ်ရေးနှင့် ကုသရေးများ ဆောင်ရွက်နေရသဖြင့် အချိန်ကြာလာသည်နှင့်အမျှ ယင်းကြောင့် ဖြစ်ပွားလာသည့် အကျိုးဆက်များသည် ကဏ္ဍအသီးသီးသို့ သက်ရောက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ကျဆင်းနေသည့် စီးပွားရေးများပြန်လည်ထူထောင်ရေး၊ ဝင်ငွေလျော့ကျလာမှု၊ ပညာသင်ကြားရာတွင် ကွဲပြားခြားနားလာမှု၊ ကာကွယ်ဆေးရရှိနိုင်မှုတို့တွင် မညီမျှမှုများကြောင့် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများအပေါ် အချိုးမညီမျှမှုများ ဖြစ်ပေါ်လာကြောင်း ကမ္ဘာ့ဘဏ်၏ ၂၀၂၂ ခုနှစ် ကိုဗစ်-၁၉ သုံးသပ်ချက် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကျဆင်းစေလျက်ရှိသည့်အပြင် အလွန်အမင်းဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုများ လျှော့ချရေးကြိုးပမ်းအားထုတ်မှုများကို အခက်အခဲဖြစ်စေလျက်ရှိကြောင်း ဆိုပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နှစ် ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်က ဆင်းရဲနွမ်းပါးမှု တစ်ဟုန်ထိုးမြင့်တက်လာခဲ့ရာ တစ်နေ့လျှင် ဒေါ်လာ ၁ ဒသမ ၉၀ ခန့်ထက် လျော့နည်းသော ဝင်ငွေဖြင့် နေထိုင်ရပ်တည်နေကြရသည့် လူဦးရေ သန်း ၁၀၀ ခန့်ရှိကြောင်း ကမ္ဘာ့ဘဏ်က ဆိုပါသည်။

ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ လူသားတို့၏ ပြည်သူ့ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ပညာရေးကဏ္ဍတို့တွင်လည်း မကြုံစဖူး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ကိုဗစ်-၁၉ ကြောင့်ဖြစ်လာသည့် ထိုစိန်ခေါ်မှုများတွင် ကမ္ဘာတစ်ဝန်းရှိလူငယ်တို့၏ အနာဂတ်အရေးမှာလည်း အရေးကြီးတုံ့ပြန်ရန် လိုအပ်သည့် အခြေအနေဖြစ်လာပါသည်။

**○ ကုလသမဂ္ဂအပါအဝင် နိုင်ငံတိုင်းလိုလိုသည် လူငယ်ဆိုင်ရာ ဥပဒေများ၊ လူငယ်မူဝါဒများ၊ လူငယ်စီမံကိန်းများ၊ လူငယ်ရေးရာလှုပ်ရှားမှုများ စသည်ဖြင့် လူငယ်တို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်နေသည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂသည် ၂၀၁၅ ခုနှစ်က ချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က အသက်ဝင်လာသော ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ** “Youth 2030: working with and for young people” **မူဘောင်ကို ၂၀၁၈ ခုနှစ်က ချမှတ်အကောင်အထည်ဖော်ခဲ့**

**လူငယ်များအပေါ် သက်ရောက်မှု**

ကိုဗစ်-၁၉ ကပ်ရောဂါသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် အနာဂတ်မျှော်မှန်းချက်များအပေါ် လတ်တလောအခြေအနေ၌ပင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ကိုဗစ်-၁၉ ကြောင့် အာရှနှင့် ပစိဖိတ်ဒေသရှိ လူငယ်များ၏အလုပ်အကိုင်အလားအလာသည် စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရကြောင်း၊ လူငယ်များအနေဖြင့် ယင်းအကျပ်အတည်းများကြောင့် အရွယ်ရောက်ပြီးသူများထက် ပိုမိုပြင်းထန်စွာထိခိုက်ခံစားရလျက်ရှိပြီး ရေရှည်စီးပွားရေးနှင့် လူမှုရေးကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ၏ ကဏ္ဍပေါင်းစုံ အကျိုးသက်ရောက်မှုများသည် ကာလရှည်ကြာခံစားနေရမည်ဖြစ်ပြီး လူငယ်များကို “လော့ခ်ဒေါင်းမျိုးဆက်”များအဖြစ်သို့ ရောက်ရှိစေနိုင်ကြောင်း ADB နှင့် ILO တို့ ပူးပေါင်းထုတ်ပြန်သော Tackling the COVID-19 youth employment crisis in Asia and the Pacific 2020 အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ထို့အပြင် ကပ်ရောဂါမတိုင်မီက အလုပ်လုပ်ကိုင်နေသည့် အသက် ၁၈ မှ ၂၄ နှစ် ကြား လူငယ် ၂၃ ရာခိုင်နှုန်းသည် ယခုအခါ အလုပ်လက်မဲ့ဖြစ်နေကြောင်း၊ အလုပ်လုပ်ချိန်နှင့် ဝင်ငွေလျော့ပါးသွားကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ကျောင်းသားများ၏ အနာဂတ်အသက်မွေးဝမ်းကျောင်း အလားအလာအပေါ် မျှော်မှန်းချက်များမှာ ဝေဝါးလျက်ရှိကြောင်း၊ ၄၀ ရာခိုင်နှုန်းက မသေချာမရေရာသော အနာဂတ်များနှင့် ရင်ဆိုင်နေရကြောင်းနှင့် ၁၄ ရာခိုင်နှုန်းမှာ ကြောက်ရွံ့မှုများနှင့် ရင်ဆိုင်နေရကြောင်း ဆိုပါသည်။

လူမှုရေးလုပ်ဆောင်မှုဆိုင်ရာ အကန့်အသတ်များသည် လူငယ်များ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့အပေါ် ထိခိုက်စေလျက်ရှိပြီး ပညာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့်လည်း လူသားရင်းမြစ်များနှင့် ကျွမ်းကျင်မှုများ သင်ယူလေ့လာနိုင်သည့် လူငယ်တို့၏ အခွင့်အရေးများကို အဟန့်အတားဖြစ်စေလျက်ရှိပါသည်။ ထို့အပြင် ကျောင်းသားများသည် အဝေးမှ သင်ကြားနိုင်သည့် အခွင့်အလမ်းများရှိသည့်တိုင် ကျောင်းသားအများစုသည် ဆရာ/ဆရာမများအကြား ကျွမ်းကျင်မှု ကွာဟချက်များ သို့မဟုတ် မိဘများ၏ ပံ့ပိုးပေးနိုင်မှုအခြေအနေများကြောင့် အခက်အခဲများဖြစ်လျက်ရှိကြပါသည်။ နိုင်ငံများ၏ သုံးပုံတစ်ပုံကျော်တွင် အဝေးမှသင်ကြားနိုင်သည့် အစီအစဉ်များ အသုံးပြုနိုင်ရန် ဆရာ/ဆရာမကို လေ့ကျင့်သင်ကြားမှုမပံ့ပိုးပေးနိုင်ဟု ဆိုပါသည်။ ယင်းသည် ကလေးများ၏သင်ယူမှု အထူးသဖြင့် ကျေးလက်နှင့် သို့မဟုတ် ဆင်းရဲသောမိသားစုများမှ ကလေးများ၏ သင်ယူမှုအပေါ် ထိခိုက်စေလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ် တစ်နှစ်တည်း၌ပင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းသားပေါင်း ၁၆၈ သန်းကျော်မှာ လူကိုယ်တိုင်သင်ကြားခွင့်များ ဆုံးရှုံးခဲ့ရပြီး လူငယ်လေးဦးတွင် တစ်ဦးမှာ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့်အပြင် သန်းနှင့်ချီသော ကလေးသူငယ်များနှင့် လူငယ်များ၏ စိတ်ကျန်းမာရေး ထိခိုက်မှုများ ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres က ဆိုပါသည်။ သို့ဖြစ်ရာ ကိုဗစ်ကူးစက်ရောဂါ၏ အကျိုးသက်ရောက်မှုကြောင့် လူငယ်များရင်ဆိုင်နေရသည့် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စိတ်ပိုင်းဆိုင်ရာများနှင့် အနာဂတ်မျှော်မှန်းချက်များအပေါ် ထိခိုက်ဆုံးရှုံးရမှုများသည် လတ်တလောအတွက်သာမက ရေရှည်ကိုင်တွယ်ဖြေရှင်းရမည့် လုပ်ငန်းများအဖြစ် တွေ့ရပါသည်။



၂၀၂၂ ခုနှစ် နိုဝင်ဘာလက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာ အ.ထ.က ကော့သောင်း၌ ကျောင်းသားများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ မရှိ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။

**ကြီးမားသောလူသားရင်းမြစ်**

ယနေ့ကမ္ဘာကြီးသည် သမိုင်းတစ်လျှောက် ၁ ဒသမ ၈ ဘီလီယံခန့်ရှိ အကြီးမားဆုံးသော လူငယ်မျိုးဆက်များ၏ နေအိမ်ကြီးဖြစ်နေပြီး ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းနီးပါးခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်နေထိုင်လျက်ရှိရာ လူဦးရေ၏ ကြီးမားသော အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်နေကြောင်း ကုလသမဂ္ဂက ဆိုပါသည်။

ကမ္ဘာတွင် အသက် ၁၅ နှစ်အောက် လူငယ်အချိုးအစားအနေဖြင့် ၂၀၂၂ ခုနှစ်က လူဦးရေ၏ ၂၆ ရာခိုင်နှုန်းရှိနေကြောင်း world population စာရင်းများအရ သိရပါသည်။ ထိုစာရင်းများအရ အာဖရိကတွင် ၄၀ ရာခိုင်နှုန်း၊ အာရှတွင် ၂၄ ရာခိုင်နှုန်း၊ မြောက်အမေရိကတွင် ၁၈ ရာခိုင်နှုန်းနှင့် ဥရောပတွင် ၁၆ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများရှိရာ ဒေသတွင် အသက် ၁၈ နှစ်အောက် လူငယ်အချိုးအစား နိမ့်ကျနေသည်ကို တွေ့ရပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိရာဒေသတွင် လူငယ်လူဦးရေအချိုးအစားမြင့်မားနေသည်ကို တွေ့ရပါသည်။ အာရှမှဖွံ့ဖြိုးပြီး ဂျပန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်က အသက် ၁၄ နှစ်အထိ လူဦးရေအချိုးအစား ၁၂ ဒသမ ၄၅ ရာခိုင်နှုန်းရှိပြီး အသက် ၁၅ နှစ်မှ ၆၄ နှစ်အကြားမှာ ၅၉ ဒသမ ၁၅ ရာခိုင်နှုန်းနှင့် ၆၅ နှစ်အထက်အချိုးအစားမှာ ၂၈ ဒသမ ၄ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့် ၃၅ နှစ်အတွင်းကို လူငယ်အဖြစ် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ၁၄ နှစ်အထိ ၂၉ ရာခိုင်နှုန်း၊ ၁၅ နှစ်မှ ၂၄ နှစ်အထိ ၁၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။ လူငယ်အသက်သတ်မှတ်ချက်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြသဖြင့် လူဦးရေနှင့် အချိုးအစားပမာဏအားဖြင့်လည်း ကွဲပြားမှုရှိနိုင်ပါသည်။

အထက်ပါ စာရင်းများအရ လူငယ်များသည် နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားသော လူသားရင်းမြစ်များဟု သတ်မှတ်နိုင်ပါသည်။ လူဦးရေအရ လူငယ်အချိုးအစား ပမာဏကြီးမားသကဲ့သို့ လူငယ်များသည် ထူးခြားသော အရည်အသွေးများ ပိုင်ဆိုင်ထားကြပါသည်။ ထို့အပြင် လူငယ်များသည် အသက်အပိုင်းအခြားအားဖြင့် ငယ်ရွယ်သူများဖြစ်ခြင်း၊ ပြုစုပျိုးထောင်ရန် အချိန်လုံလောက်စွာရှိနေခြင်းတို့သည် လူငယ်များအတွက် ကြီးမားသော အခွင့်အလမ်းများဖြစ်သည်သာမက နိုင်ငံများအတွက်လည်း ကြီးမားသော စွမ်းအားစုကြီးကို ပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။

**လူငယ်ရေးရာစီမံကိန်းများ**

သို့ဖြစ်သောကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတိုင်းလိုလိုသည် လူငယ်ဆိုင်ရာ ဥပဒေများ၊ လူငယ်မူဝါဒများ၊ လူငယ်စီမံကိန်းများ၊ လူငယ်ရေးရာလှုပ်ရှားမှုများ စသည်ဖြင့် လူငယ်တို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်နေသည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂသည် ၂၀၁၅ ခုနှစ်က ချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က အသက်ဝင်လာသော ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ “Youth 2030: working with and for young people” မူဘောင်ကို ၂၀၁၈ ခုနှစ်က ချမှတ်အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရပါသည်။

*စာမျက်နှာ ၁၇ သို့*

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သရက်ကုန်း စာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လေသာကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကံတောရကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေး သာသနဝ္ရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ဥက္ကံဆည်ပေါ်ကျောင်းတိုက်သို့ လည်းကောင်း (ယာပုံ)၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မဟာသီရိမင်္ဂလာရာမပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကသာမြို့၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသိမ်းပွဲ ကျင်းပ

**ကသာ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ကသာမြို့ လျှပ်စစ်ကုန်းရပ်ကွက်ရှိ ဗုဒ္ဓရိပ်သာတောင်ပေါ် ကျောင်းတိုက်၌ ငါးရက်ကြာ ကျင်းပပူဇော်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက အခမ်းအနားသိမ်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား ကသာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသိမ်းပွဲကို ဆက်လက်ကျင်းပသည်။

ယင်းနောက်ဆရာတော်၊သံဃာတော် အရှင်သူမြတ်တို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**လူအောင်(ကသာ)**



## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး နေ့ဆွမ်းများနှင့် ငွေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်နှင့်ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက်နှင့် မဟာဝံသကမ္ဘောဇလောကသရဖူ အောင်တော်မူသိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်ရှိ နန္ဒဝန်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းရှိ ပါရမီဖြည့်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကွက်ပြင်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ကံသာယာထေရဝါဒ ဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဆုထူးပန်ဇေယျသိဒ္ဓိကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ဓမ္မသိင်္ဂီမင်းကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနဝ္ဂနယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ယင်းသည် မည်သည့်လူငယ်မှ နောက်မကျန်ခဲ့စေရ (Leave No Youth Behind) ဆိုသည့် ကုလသမဂ္ဂ၏ အာမခံချက်ကို အကောင်အထည်ဖော်ရန်အတွက်ဖြစ်ကြောင်း သိရပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူငယ်များသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ၊ ရာသီဥတုပြောင်းလဲမှု၊ ရှည်ကြာနေသည့် ပဋိပက္ခများ၊ ကျား မ ခွဲခြားဆက်ဆံခံရမှု၊ လူမျိုးရေးဆိုင်ရာများနှင့် အမြစ်တွယ်နေသည့် မညီမျှမှုများ အပါအဝင် အမျိုးမျိုးသော ပဋိပက္ခများကို မညီမျှစွာ ထိခိုက်ခံစားနေရသဖြင့် လူငယ်ရေးရာစီမံကိန်းများသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသော လုပ်ငန်းတစ်ရပ်အဖြစ် တွေ့ရပါသည်။

အာရှပစိဖိတ်ဒေသတွင်လည်း ကိုဗစ်-၁၉ ကြောင့် လူငယ်များတွင် ရင်ဆိုင်နေရသည့် ပညာသင်ကြားခွင့် ဆုံးရှုံးမှု၊ ကျောင်းနုတ်ထွက်နိုင်မှုအလားအလာများ၊ အများဆုံးထိခိုက်လွယ်သော ပညာရှာသူများအပေါ် မညီမျှမှုကဲ့သို့သော ပညာသင်ကြားမှုစနစ်ဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနက်စကိုအဖွဲ့က အားလုံးအကျုံးဝင်သော စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း ယူနက်စကို၏ ဒေသဆိုင်ရာ ဒါရိုက်တာ Shigeru Aoyagi က ဆိုပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလက လူငယ်ရေးရာမူဝါဒ ရေးဆွဲပြဋ္ဌာန်းထားပြီး ဦးဆောင်ဝန်ကြီးဌာနများအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပါဝင်သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း လာအိုနိုင်ငံတွင် Lao Youth and Adolescent Development Strategy 2021-2030 မဟာဗျူဟာကို ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ရေးဆွဲအကောင်အထည်ဖော်နေသည်ကို တွေ့ရပါသည်။

နိုင်ငံအလိုက် လူငယ်ရေးရာစီမံကိန်းများ၊ မူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြသော်လည်း လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကြောင့် လူငယ်များအပေါ် ထိခိုက်မှုများကို ကုစားနိုင်ရန် လက်ရှိမူဝါဒများမှာ ကိုက်ညီမှုရှိ/မရှိ၊ ပြင်ဆင်ဖြည့်စွက်ရန် ရှိ/မရှိ ပြန်လည်သုံးသပ်ရန် လိုအပ်လာပါသည်။ အချို့သော မူဝါဒများနှင့် စီမံကိန်းများသည် ကိုဗစ်-၁၉ မတိုင်မီ ပုံမှန်အခြေအနေအတွက် ရေးဆွဲထားကြသည်ဖြစ်ရာ လက်ရှိ ကိုဗစ်-၁၉ ဖြစ်ပွားနေဆဲနှင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများနှင့်အညီ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်မှသာ လူငယ်များအတွက် ထိရောက်သောမူဝါဒနှင့် စီမံကိန်းများ ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

**ကိုဗစ်-၁၉ အလွန်**

ကိုဗစ်-၁၉ ကူးစက်မှု နှစ်နှစ်လွန် ကာလအတွင်းမှာပင် ယင်း၏ဂယက်ကြောင့် ပညာရေး၊ အလုပ်အကိုင်နှင့် ရည်မှန်းချက် မရေရာ၊ မသေချာမှုများနှင့် မညီမျှမှုများဖြစ်ပေါ်နေပြီး လူငယ်များ၏ အနာဂတ်ခရီးအပေါ် ပြင်းပြင်းထန်ထန် ရိုက်ခတ်လျက်ရှိပါသည်။ အထူးသဖြင့် ဝင်ငွေနည်းသောနိုင်ငံများတွင် နေထိုင်ကြသော လူငယ်များ၏ အခြေအနေမှာ ပိုမိုဆိုးရွားလာပြီး ပညာရေးတွင် အင်တာနက်သုံးစွဲနိုင်မှုနည်းပါးခြင်း၊ စက်ကိရိယာမရှိခြင်း၊ အဝေးရောက်ပညာရေးပလက်ဖောင်းမရှိခြင်းနှင့် ငွေကြေးမပြည့်စုံခြင်း စသည့် များစွာသော အခက်အခဲတို့ကြောင့် ပညာရေးနောက်ကျမှုများကို ရင်ဆိုင်နေကြရပါသည်။ ထိုထိခိုက်မှုများကို အမြန်ဆုံး ကုစားဖြေရှင်းရန် လိုအပ်နေပါသည်။

“ကပ်ရောဂါက လူငယ်တွေကို ဘက်ပေါင်းစုံကနေ တုန်လှုပ်ချောက်ချားစေလျက်ရှိတယ်။ ဒါဟာ လူငယ်တွေရဲ့ အလုပ်အကိုင်နဲ့ အလုပ်အကိုင်အလားအလာတွေကို ဖျက်ဆီးရုံသာမကဘူး၊ သူတို့ရဲ့ ပညာရေးနဲ့ လေ့ကျင့်ရေးကိုလည်း ထိခိုက်စေပြီး လူငယ်တွေရဲ့စိတ်ပိုင်းဆိုင်ရာကို ဆိုးဆိုးရွားရွား ထိခိုက်စေလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါကို ဒီအတိုင်းပစ်မထားနိုင်ပါဘူး”ဟု ILO ညွှန်ကြားရေးမှူးချုပ် Guy Ryder က ပြောကြားခဲ့ပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ သည် ယနေ့ထက်တိုင် ကူးစက်ပြန့်ပွားလျက်ရှိဆဲဖြစ်ရာ မည်သည့်အချိန်အထိ ကိုဗစ်-၁၉ ဆက်လက်ရှိနေဦးမည်ဆိုသည်မှာ ခန့်မှန်းရန် ခက်ခဲသည့်အခြေအနေ ဖြစ်ပါသည်။ ထိုသို့သောအချိန်တွင် လူငယ်များအတွက် လက်ရှိဖြစ်နေသည့် အခက်အခဲများနှင့် ဆက်လက်ဖြစ်ပွားလာမည့် အကျိုးသက်ရောက်မှုများကို ဖြေရှင်းရန်မှာ ကိုဗစ်- ၁၉ ကြောင့် ဖြစ်လာသည့် ထိခိုက်မှုများနှင့် အညီ ထိရောက်ကျယ်ပြန့်သောမူဝါဒများ၊ စီမံကိန်းများဖြင့် တုံ့ပြန်ခြင်းဖြင့်သာ လူငယ်မျိုးဆက်များ၏ အနာဂတ်ကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။


**ကိုးကား**

*၁။ လူငယ်ရေးရာမူဝါဒ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ*

*၂။ 2014 Myanmar Population and Housing Census*

*၃။ Youth 2030: Progress Report 2021, UN*

*၄။ GUIDE to the Implementation of the World Programme of Action for youth, UN*

*၅။ Tackling the COVID-19 youth employment crisis in Asia and the Pacific 2020, ILO and ADB*

*၆။ COVID-19 and Youth: The Future of Work for Young People, https://www.un.org/ en/academic-impact/covid-19-and-youth-future-work-young-people*

*၇။ Viewpoint: Shigeru Aoyagi, Director, UNESCO Bangkok, The SEAN DOUBLE ISSUE FEBRUARY-MARCH 2021*

*၈။ https://www.statista.com/statistics/270087/age-distribution-in-japan/*

*၉။ https://www.statista.com/statistics/265759/world-population-by-age-and-region/*

*၁၀။ https://reliefweb.int/report/world/youth-covid-19-impacts-jobs-education-rights-and-mental-well-being-endejpptrutrzh*

◆ *ကျောဖုံးမှ*

မိုင်းစထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ကြောင်းနှင့် ၎င်းတို့အနီးမှ ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၉ မမ ကျည် ၁၄ တောင့်၊ လက်လုပ် မိုင်းနှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၅ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက် ရတနာပုံ တက္ကသိုလ်မီးပွိုင့်အနီး ၇၈ လမ်းအတိုင်း တောင်မှ မြောက်သို့ အကြမ်းဖက်သူ အမျိုးသားတစ်ဦးက လက်လုပ်မိုင်းကို ဆိုင်ကယ်တူးဘောက်စ်အတွင်း ထည့်၍ မောင်းနှင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်းအမျိုးသားတွင် ခန္ဓာကိုယ်အောက်ပိုင်း ပြတ်ထွက်ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**သေမှုသေခင်းရေးဖွင့် ဆောင်ရွက်**

အထက်ပါပေါက်ကွဲမှုဖြစ်စဉ်များမှ သေဆုံးသူများအား ရဲလုပ်ငန်းစဉ်များနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ချမ်းမြသာစည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရန် လက်လုပ်မိုင်း ထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးသည့် အကြမ်းဖက်အမျိုးသားနှစ်ဦး**



သေဆုံးသူ အမျိုးသား(စိစစ်ဆဲ)



သေဆုံးသူ အမျိုးသား(စိစစ်ဆဲ)

**ပြည်ကြီးတံခွန်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရန် လက်လုပ်မိုင်း သယ်ဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးသူ အကြမ်းဖက်အမျိုးသားတစ်ဦး**



သေဆုံးသူ အမျိုးသား(စိစစ်ဆဲ)



✪ *ကျောဖုံးမှ*

ကျောက်မောင်နှမစေတီတော်နှင့် မောင်နှမသဏ္ဍာန်ကျောက်ဆောင်နှစ်ခု၊ ကျောက်ထရံစေတီတော်တို့ တည်ရှိပြီး ကမ်းခြေတစ်လျှောက် ရေကူးအပန်းဖြေ၍ရသော နေရာတစ်ခုဖြစ်သည်။ ကမ်းခြေတွင် ဧည့်သည်များအတွက် မြင်းငှားသမားများ၊ သုံးဘီးဆိုင်ကယ်အငှားသမားများရှိပြီး ဒေသထွက်အုန်းရည်နှင့် ပင်လယ်အစားအစာမျိုးစုံကိုလည်း ဝယ်ယူစားသုံး၍ရနိုင်သဖြင့် လာရောက်လည်ပတ်ကြသော ဧည့်သည်များအတွက် စိတ်ရွှင်လန်းစေမည့် အပန်းဖြေကမ်းခြေ တစ်ခုဖြစ်သည်။

**ကိုကိုမောင်**
**ရွှေသောင်ယံ(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တန့်ယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**တန့်ယန်း ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ်လျှံ(ဝမ်မတ်လိုင်)ကျေးရွာနှင့် ပုံဟောင်းခုံကျေးရွာတို့၌ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် ခြောက်လတာကာလတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနတာဝန်ရှိသူထံမှ သိရသည်။

မတ်လျှံ(ဝမ်မတ်လိုင်)ကျေးရွာနှင့် ပုံဟောင်းခုံကျေးရွာတို့တွင် သောက်သုံးရေရရှိရေးအတွက် ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် ခြောက်လတာ ကာလတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံ ငွေကျပ်သိန်း ၆၀ ဖြင့် အရှည်ပေ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်း ပြောပြချက်အရ သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေး အုတ်ရေကန်တည်ဆောက် ခြင်း လုပ်ငန်းနှစ်ခု ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၈၄ အိမ်၊ လူဦးရေ ၄၁၉ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ပရီမီယာလိဂ် ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ဝက်စ်ဟမ်းတို့ တစ်လုံးတည်းသောဂိုးဖြင့် ဝုလ်ဖ်ကို အနိုင်ရ

ပရီမီယာလိဂ် ပွဲစဉ် (၂၇) အဖြစ် ဝက်စ်ဟမ်းနှင့် ဝုလ်ဖ်တို့ ဖေဖော်ဝါရီ ၂၇ ရက်က ယှဉ်ပြိုင်ကစားရာ ဆူခက်၏ သွင်းဂိုးဖြင့် ဝက်စ်ဟမ်းတို့ နိုင်ပွဲရရှိခဲ့သည်။

ဝက်စ်ဟမ်းတို့ ချန်ပီယံလိဂ်ဝင်ခွင့် နေရာအတွက် ယခုပွဲကို အနိုင်ရရှိရေး ကြိုးစားခဲ့ပြီး ဝုလ်ဖ်ကလည်း တန်ပြန်တိုက်စစ်မှ ဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ပွဲချိန် ၅၉ မိနစ်တွင် ဝက်စ်ဟမ်းမှ အန်တိုနီယို၏ပေးပို့မှုမှ ဆူခက်က ဝက်စ်ဟမ်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ယခုပွဲအပြီး ဝက်စ်ဟမ်းတို့ ၂၇ ပွဲကစား ၄၇ မှတ် ရရှိကာ ဝုလ်ဖ်က ၂၆ ပွဲကစား ရမှတ် ၄၀ ရရှိထားသည်။

ဖေဖော်ဝါရီ ၂၇ ရက်က နံနက်အစောပိုင်းတွင် ကစားခဲ့သည့် အဲဗာတန်နှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးက ဖိုဒင်၏ သွင်းဂိုးဖြင့် အဲဗာတန်ကို အနိုင်ရရှိကာ ၂၇ ပွဲကစား ရမှတ် ၆၆ မှတ်ဖြင့် ဇယားထိပ်၌ ရပ်တည်နေသည်။

**အောင်ဇော်**



ဝက်စ်ဟမ်းတိုက်စစ်မှူး အန်တိုနီယို ဂိုးရရှိရေး ကြိုးစားစဉ်။

# ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲများတွင် မြန်မာဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာ့လက်ရွေးစင် ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းသည် ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတကာပွဲအတွက် ပြင်ဆင်**

မြန်မာ့လက်ရွေးစင် ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာအမျိုးသားအသင်းမှာ ဧပြီတွင် အာဆီယံ ဖူဆယ်ပြိုင်ပွဲ၊ မေလတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမျိုးသမီးအသင်းမှာမူ မေလတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းသည် ဇန်နဝါရီမှစ၍ ပဏာမကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသား ဖူဆယ်အသင်းသည် ထိုင်းဖိတ်ခေါ်ပြိုင်ပွဲ အပြီးတွင် ထိုင်းနိုင်ငံ၌ ဆက်လက်နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး ဧပြီတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် အာဆီယံ ဖူဆယ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မောင်ဌေးက ကိုင်တွယ်နေပြီး ပဏာမကစားသမား ၂၀ ကျော်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းအသင်းကို အမျိုးသားအသင်းနည်းပြချုပ် ဘန်လက်ချာယိုဝန်က နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်နေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ နောက်ပိုင်း တစ်ကျော့ပြန် ပြန်လည်ဖွဲ့စည်းခြင်းဖြစ်သည်။

**ဖိတ်ခေါ်ပြိုင်ပွဲပြုလုပ်မည်**

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် ထိုင်းလက်ရွေးစင် ဖူဆယ်အသင်းများ ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဖိတ်ခေါ်ပြိုင်ပွဲပြုလုပ်မည်ဖြစ်ပြီး မြန်မာဖူဆယ်အသင်းများ အနေဖြင့် ပြိုင်ပွဲနှစ်ခုစလုံးတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ထိုင်းဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားပြိုင်ပွဲကျင်းပမည့် ထုတ်ပြန်ပြီးဖြစ်သော်လည်း အမျိုးသမီး ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကိုမူ ဧပြီတွင်ကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ကျင်းပမည့်ရက်တို့ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

ထိုင်းဖိတ်ခေါ် အမျိုးသား ဖူဆယ်ပြိုင်ပွဲကို မတ် ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအပါအဝင် မြန်မာ၊ အိုမန်၊ မော်လ်ဒိုက်၊ တာဂျစ်ကစ္စတန်နှင့် မွန်ဂိုလီးယား လက်ရွေးစင်အသင်းတို့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရဲရင့်လွင်**

# စားသုံးဆီမဟုတ်သော ဝါစေ့ဆီကြမ်း

အိအိချော(စားသုံးသူရေးရာဦးစီးဌာန)

မြန်မာနိုင်ငံတွင် စားသုံးဆီထုတ်ယူရန်အတွက် ဆီထွက်သီးနှံအုပ်စုဟု သတ်မှတ်ထားသော မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း နှင့် ပန်းနှမ်း စသည့်အပင်များမှ ထုတ်လုပ်ရရှိသော စားသုံးဆီများအပြင် ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီ၊ ဖွဲနုဆီ၊ ကနိုလာ(မုန်ညင်း)ဆီနှင့် ပြောင်းဖူးစေ့ဆီများကို ဟင်းချက်ရာတွင်ဖြစ်စေ၊ ဆီစိမ်းအတိုင်း ဖြစ်စေ၊ အိုးကပ်ကြော်၊ နှစ်ကြော်ရန်အတွက်ဖြစ်စေ အမျိုးမျိုးအဖုံဖုံ အသုံးပြုလျက်ရှိကြပါသည်။



ထို့ပြင်မြန်မာနိုင်ငံ၏ အချို့ဒေသများ၌လည်း မိမိတို့ဒေသအတွင်း စိုက်ပျိုးထားသော ဆီထွက်ပင်များဖြစ်သည့် မုန်ညင်း၊ ရှမ်းနှမ်း၊ တမာ၊ အုန်း၊ ကြက်ဆူနှင့် ကမ်းဇော် စသည့်အပင်ထွက်ဆီများကို ဆေးဖက်ဝင်လိမ်းဆေးဆီအဖြစ်လည်းကောင်း၊ ဆပ်ပြာကဲ့သို့ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများတွင်လည်းကောင်း အသုံးပြုကြသော်လည်း ဝါစေ့ဆီကိုမူ အကြော်ခံဆီ အမည်တပ်ကာ စားသုံးဆီအဖြစ် အကြော်အလှော်လုပ်ငန်းများတွင် အသုံးပြုနေကြောင်းကြားသိနေရပါသည်။

မြန်မာနိုင်ငံတွင် ဝါပင်ကို အဝတ်အထည်ရက်လုပ်ရန် ဝါဂွမ်း၊ ချည်မျှင်အတွက် အဓိကထား၍ စက်မှုလုပ်ငန်းသုံးသီးနှံအုပ်စုဝင်အဖြစ် သတ်မှတ်စိုက်ပျိုးကြပါသည်။ ဝါဂွမ်းဆွတ်ယူ၍ ဝါဖန်သည့်အခါ ဘေးထွက်ပစ္စည်းအဖြစ် ဝါစေ့ကို ရရှိခြင်းဖြစ်ပြီး ၎င်းတွင်ဆီပါဝင်မှု ရာခိုင်နှုန်း ၄၀ မှ ၄၅ ရာခိုင်နှုန်းထိရှိပါသည်။

**ဝါစေ့မှဆီထုတ်ယူ**

ကမ္ဘာတွင် ဝါစေ့ဆီသုံးစွဲလာသည့် သမိုင်းကြောင်းကိုပြန်ကြည့်လျှင် စက်မှုတော်လှန်ရေး ဖြစ်ပွားနေသည့်ကာလအတွင်း၌ ဥရောပတွင် လူဦးရေတိုးတက်လာမှုနှုန်းမြင့်တက်လာခြင်းနှင့်အတူ ယင်းကာလတွင် ဖြစ်ပွားသော စစ်ပွဲများ၏ အကျိုးဆက်များကြောင့် ဥရောပတွင် ဆီနှင့်အဆီ (Oils and Fats) ပြတ်လပ်မှုနှင့် ကြုံတွေ့ခဲ့ရပြီး ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့၍ လူအများစုမှာ ချက်ပြုတ်ရန်နှင့် မီးအိမ်အသုံးပြုရန် အခက်ကြုံခဲ့ရပါသည်။ ၎င်းအခက်အခဲကို အမေရိကန်စွန့်ဦးတီထွင် လုပ်ငန်းရှင်များက အခွင့်ကောင်းယူကာ ၁၈၅၇ ခုနှစ်တွင် ဝါစေ့ကို အခွံ (hull) နှင့် အဆန် (kernel) ခွဲခြားပြီး အဆန်ကိုကြိတ်ခြေကာ ဆီထုတ်ယူ၍ မီးအိမ်အတွက် အသုံးပြုရန်ဆီ (illumination purposes in lamps) အဖြစ် ဥရောပသို့ တင်ပို့ရောင်းချခဲ့ပါသည်။ ဤရောင်းချမှုသည် ၁၈၅၉ ခုနှစ်တွင် ဓာတ်ဆီထုတ်လုပ်သောလုပ်ငန်းများ ပေါ်ပေါက်လာသော ကြောင့် အဆုံးသတ်ခဲ့ရပါသည်။

တစ်ဖန်ဝါစေ့ဆီကို အခြားအဆီများနှင့်ရောနှောပြီး ရောင်းချခဲ့သောကြောင့် စည်းမျဉ်းဥပဒေများဖြင့် တားဆီးခဲ့ရပြီး ဆပ်ပြာနှင့် မီးတိုင်လုပ်ငန်းများတွင်သာ ဆက်လက် တွင်ကျယ်နေခဲ့ရပြန်သည်။ လျှပ်စစ်မီးသုံးစွဲမှု ကျယ်ပြန့်လာခြင်းကြောင့် မီးတိုင်လုပ်ငန်းများ ရပ်ဆိုင်းသွားပြန်ရာ ဝါစေ့ဆီထုတ်လုပ်သော လုပ်ငန်းရှင်များ အခက်ကြုံခဲ့ကြရပြန်သည်။ ထို့ကြောင့် ၁၈၇၁ ခုနှစ်မှစ၍ ဝါစေ့ဆီကို စားသုံးဆီအဆင့်အထိ ရောက်ရှိစေရန် နည်းပညာ သုံး၍ တစ်ဆင့်မြင့်တင်ခဲ့ကြရာ နှစ်ပေါင်း ၃၀ ကျော်ကြာပြီး နောက်ပိုင်းတွင် အမေရိကန်၌ စတင်ကျော်ကြားလာခဲ့ရပြန်သည်။ ထို့နောက် ၁၉၄၄ ခုနှစ်မှစတင်၍ အမေရိကန်တွင် ပဲပုပ်စေ့ဆီထုတ်လုပ်လာသောကြောင့် ၂၀ ရာစုနောက်ပိုင်းကာလအထိ ဝါစေ့ဆီထုတ်လုပ်မှု ကျဆင်းလာခဲ့ရပြန်သည်။

**ဝါစေ့ဆီကြမ်းကို နည်းပညာသုံးပြုပြင်**

အဆိုပါသမိုင်းဖြစ်စဉ်အရ ဝါစေ့ဆီကို ကြိတ်ခြေရုံဖြင့် ရရှိသော ဆီကြမ်းကို မီးထွန်းရန်၊ ဆပ်ပြာချက်ရန်တို့၌သာ အသုံးပြုပြီး ၎င်းဆီကြမ်းကို နည်းပညာသုံး၍ ပြန်လည်ပြုပြင်ပြီးသော ဆီချောကိုသာ စားသုံးရန် (edible) အဆင့်သတ်မှတ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဆီကြမ်းအဆင့်မှ စားသုံးဆီအဆင့်သို့ရောက်ရှိစေရန် ဆီသန့်စင်ခြင်းနည်းစဉ် (oil refining process)ကို အသုံးပြုရသည်ဖြစ်ရာ ဆီကြမ်းတွင်ပါရှိလာသည့် အချဉ်ဓာတ်၊ အချွဲဓာတ်၊ အရောင်ဆိုး၊ အနံ့ဆိုးတို့နှင့်အတူ အနည်အနှစ်များနှင့် အငွေ့ပြန်နိုင်သောပစ္စည်းများကို ဖယ်ထုတ်နိုင်မှသာလျှင် သန့်စင်ကြည်လင်သော စားသုံးဆီကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အချွဲချွတ်ခြင်း (Degumming)၊ အချဉ်ချွတ်ခြင်း (Neutralization) နှင့် အအေးခံ၍ အခဲစစ်ထုတ်ခြင်း (Winterization) ဟူသော ဆီသန့်စင်ခြင်းနည်းစဉ်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်မှသာ finished Product ဖြစ်သည့် စားသုံးရန်အဆင့်ကို ရောက်ရှိနိုင်ပါသည်။

စားသုံးဆီအဆင့်သို့ရောက်သည်အထိ သန့်စင်ပြီးသော ဝါစေ့ဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းနှင့် ပြည့်ဝဆီ ၂၆ ရာခိုင်နှုန်းတို့ ပါဝင်ဖွဲ့စည်းထားပြီး ၎င်း၏ မီးလောင်မှတ် (Smoke Point) မှာ ၂၁၆ ဒီဂရီစင်တီဂရိတ် ရှိပါသည်။ မီးလောင်မှတ်မြင့်သော ဆီဖြစ်သည့်အားလျော်စွာ စားသောက်ဖွယ်ရာများ ကြော်လှော်ရန်အတွက် ကောင်းမွန်သည့် ဆီအမျိုးအစားဖြစ်သောကြောင့်လည်း တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘရာဇီး၊ အမေရိကန်၊ တူရကီ၊ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျ နိုင်ငံများ၌ ဝါစေ့ဆီကို စားသုံးဆီအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။

ဝါစေ့တွင် ပိုးသတ်ဆေးကဲ့သို့ အာနိသင်ရှိသည့် အရောင်ပေး ဒြပ်ပေါင်းတစ်ခုဖြစ်သော ဖီနော (phenol) အုပ်စုဝင် ဂေါ်ဆီပေါ (Gossypol) သည် သဘာဝအတိုင်းပါရှိနေရာ ၎င်းသည် ဝါစေ့ဆီကြမ်းအဆင့်တွင်လည်း ပျောက်ပျက်မသွားဘဲ ပမာဏတစ်ခုဖြင့် ပါဝင်နေလေ့ရှိပါသည်။ စားသုံးဆီ အဆင့်ထိရောက်အောင် သန့်စင်ပြီးမှသာလျှင် ၎င်းဓာတ်ပစ္စည်းကို ဖယ်ရှားလျှော့ချနိုင်မည်ဖြစ်ပါသည်။

**ဝါစေ့ဆီကို စားအုန်းဆီ၊ နှမ်းဆီနှင့် ရောစပ်ရောင်းချ**

မြန်မာနိုင်ငံတွင် ဝါစေ့ဆီထွက်ရှိရာ ဒေသများအနက်မှ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တို့မှ ဝါစေ့ဆီနမူနာများကို သုတေသနပြုလုပ်ခဲ့ရာတွင် ထိုဝါစေ့ဆီများသည် Finished Product မဟုတ်ဘဲ အချဉ်ဓာတ်ချွတ်ထားသောဆီ (Neutralized Oil) များသာဖြစ်သောကြောင့် Semi–Product အဆင့်ဖြစ်ပြီး စစ်ဆေးချိန်တွင် ဆီသားပျက်စီးမှုပင် ဖြစ်ပေါ်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့ပြင် မြေပြင်အခြေအနေတွင်လည်း ဝါစေ့ဆီကြမ်းကို တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံထုတ် စက်မှုလုပ်ငန်းသုံးကော့စတစ်ဆိုဒါများဖြင့် အရောင်ချွတ်ကြပြီး ၁၂ နာရီခန့်အနည်ထိုင်စေကာ အပေါ်ယံဆီအကြည်ကိုခပ်ယူ၍ ကုန်ချောအဖြစ် ရောင်းချနေကြောင်း၊ ၎င်းကို စားအုန်းဆီနှင့်လည်းကောင်း၊ နှမ်းဆီနှင့်လည်းကောင်း ရောစပ်၍ ရောင်းချနေကြောင်း၊ နှမ်းဆီရနံ့ထည့်၍လည်း နှမ်းဆီအဖြစ်ရောင်းချနေကြောင်း ကြားသိနေရပါသည်။

ဤကဲ့သို့ စားသုံးရန်အဆင့်မရောက်သေးသော ဝါစေ့ဆီကို စားသုံးဆီအဖြစ် နှစ်ကာလကြာရှည်စွာ စားသုံးနေသူများသည် ဂေါ်ဆီပေါဒြပ်ပေါင်း၏ အာနိသင်ကြောင့် အမျိုးသားများတွင် မျိုးမအောင်ခြင်း (infertile) နှင့် အမျိုးသမီးများတွင် ဓမ္မတာမမှန်ခြင်း (amenorrhea– absence of menstruation) တို့ ဖြစ်ပေါ်လာနိုင်ကြောင်းကို ၁၉၂၉ ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့ပါသည်ဟု မှတ်သားဖူးရာ မည်သည့်ဆီအမျိုးအစားဖြင့် ကြော်လှော်ထားမှန်းမသိသော အသင့်စားအစားအစာများနှင့် ကြွပ်ကြွပ်ရွရွ အကြော်အလှော်များကို နှစ်သက်စွာစားသုံးနေကြသည့် စားသုံးသူပြည်သူများအတွက် များစွာအန္တရာယ်ရှိလှပါသည်။

သို့ပါ၍အရည်အသွေးမပြည့်မီသော စားသုံးရန်အဆင့်မဟုတ်သော အမျိုးအမည်မဖော်ပြနိုင်သည့် အကြော်ခံဆီ(ဆီကြမ်း)များကြောင့် လူဖြစ်ရှုံးရသည့် အန္တရာယ်မှကာကွယ်နိုင်ရန်အတွက် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားပြီး FDA ထောက်ခံ ချက်ပါသော သန့်ရှင်းသပ်ရပ်စွာ ထုပ်ပိုးထားသည့် စားသုံးဆီများကိုသာ သုံးစွဲကြပါရန်နှင့် စားသုံးဆီမဟုတ်သော ဝါစေ့ဆီကြမ်းများကို Finished Product အဖြစ် ဆက်လက်ဆောင်ရွက်ပြီးမှသာ စားသုံးဆီအဖြစ် အသုံးပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**❍ စားသုံးရန်အဆင့်မရောက်သေးသော ဝါစေ့ဆီကို စားသုံးဆီအဖြစ် နှစ်ကာလကြာရှည်စွာ စားသုံးနေသူများသည် ဂေါ်ဆီပေါဒြပ်ပေါင်း၏ အာနိသင်ကြောင့် အမျိုးသားများတွင် မျိုးမအောင်ခြင်း (infertile) နှင့် အမျိုးသမီးများတွင် ဓမ္မတာမမှန်ခြင်း (amenorrhea- absence of menstruation) တို့ ဖြစ်ပေါ်လာနိုင်ကြောင်းကို ၁၉၂၉ ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့ပါသည်ဟု မှတ်သားဖူးရာ မည်သည့်ဆီအမျိုးအစားဖြင့် ကြော်လှော်ထားမှန်း မသိသော အသင့်စား အစားအစာများနှင့် ကြွပ်ကြွပ်ရွရွ အကြော်အလှော်များကို နှစ်သက်စွာ စားသုံးနေကြသည့် စားသုံးသူပြည်သူများအတွက် များစွာအန္တရာယ်ရှိ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပုလောမြို့နယ်ရှိ ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



ကျေးရွာတွင်းလမ်းတစ်ခုကို မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

**ပုလော ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)လုပ်ငန်းများအားလုံး ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလမင်းချစ်ထံမှ သိရသည်။

ပုလောမြို့နယ်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ ရန်ပုံငွေ ကျေးရွာတစ်ရွာလျှင် ကျပ် ၁၀ သန်းစီဖြင့် လှည်ကျွန်း၀၊ မြဒေါင်၊ တော်ဝင်၊ နတ်အိမ်ကမ်း၊ ဥယျာဉ်ကမ်း ကျေးရွာငါးရွာတွင် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် စက်တော်ရာကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ပထမအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးသွားခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သောကြောင့် လှည်ကျွန်း၀၊ မြဒေါင်၊ တော်ဝင်၊ နတ်အိမ်ကမ်း၊ ဥယျာဉ်ကမ်းနှင့် စက်တော်ရာ ကျေးရွာများရှိ အိမ်ခြေ ၅၂၄ အိမ်မှ လူဦးရေ ၂၅၀၀ ကျော်အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောသည်။

ပုလောမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ကာ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၇၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ၇၁ ခုကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ပိုင်ကျုံမြို့နှင့် ကော့ကရိတ်မြို့ ဆက်သွယ်ထားသည့် အာရှလမ်းမကြီးပေါ်တွင် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးလျက်ရှိ

**ပိုင်ကျုံ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သွားလာရေး ပိုမိုအဆင်ပြေစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် ဆက်သွယ်ထားသည့် အာရှလမ်းမကြီးပေါ်တွင် သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားသည် ပိုင်ကျုံမြို့မှ ကော့ကရိတ်မြို့နယ်သို့ ဆက်သွယ်သည့်တံတားဖြစ်ပြီး အရှည် ၃၆ ဒသမ ၅ မီတာ၊ အကျယ် ၉ ဒသမ ၄၅ မီတာရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၁၀ ဖြင့် ၂၀၂၁ နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်းနှင့် သံကူကွန်ကရစ်ကမ်းကပ်ခုံ တည်ဆောက်ခြင်းလုပ်ငန်းများကို တံတားအထူးအဖွဲ့ အမှတ်(၁၄)က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက ဒေသနေပြည်သူများအနေဖြင့် သွားရေးလာရေးတွင် ယခင်ကထက် ပိုမိုအဆင်ပြေလာမည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများအတွက်လည်း ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

**နော်ခူးခူး၊ စောဂျိုးဇက်ဂျူး**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

**သီပေါ ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းစိုးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ တွေ့ဆုံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက လူဦးရေစာရင်းမှန်ကန်မှ အခြေခံ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မည်ဖြစ်ကြောင်းနှင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုင်းမင်းလွင်က ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဖြစ်သည့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက အိမ်ထောင်စုလူဦးရေစာရင်းများနှင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းကလည်း မဲဆန္ဒရှင်စာရင်းများ ကြိုတင်ပြုစုရာတွင် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး အခက်အခဲမရှိကြောင်းနှင့် မြို့နယ်ဆေးရုံအုပ်ဒေါက်တာမျိုးအောင်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းကူညီစေလိုကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး အမှာစကားပြောကြားစဉ်။

# ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆီအုန်းဆီကြိတ်ထုတ်လုပ်ခြင်းသင်တန်းဖွင့်

**မြိတ် ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆီအုန်းဆီကြိတ်ထုတ်လုပ်ခြင်း (Processing) သင်တန်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် မြိတ်မြို့နယ် ကျွဲကူးကျေးရွာရှိ စိုက်ပျိုးရေး နည်းပညာပြန့်ပွားရေးစင်တာ၌ ဖွင့်လှစ်သည်။

သင်တန်းသို့ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အင်ကြင်းခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုး၊ ရွှေဒူးနှင့် ညောင်ပင်ကွင်း ခြံတာဝန်ခံများနှင့် အေးရှားဝေါ၊ ပြည့်ဖြိုးထွန်း၊ ရွှေကမ္ဘောဇ၊ မလေးရှား(MSPP)နှင့် ဗင်းဒွေ့ရ်ကုမ္ပဏီတို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။





ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက သင်တန်းအကြောင်း ရှင်းလင်းပြောကြားစဉ်။

သင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းသုံးဦး၊ ရွှေဒူးခြံနှင့် ညောင်ပင်ကွင်းခြံတို့မှ တာဝန်ခံများက ဆီအုန်းစိုက်ပျိုးမှုသမိုင်း၊ စိုက်ဧကနှင့် ဆီအုန်းခူးဆွတ်မှုအကြောင်း၊ ဆီအုန်းသီးခိုင်ချိန်တွယ်လက်ခံခြင်း၊ ဆီအုန်း ဆီကြိတ်ထုတ်လုပ်ခြင်း၊ စားအုန်းဆီသန့်ထုတ်လုပ်ခြင်း၊ ကြက်၊ ပွေး၊ ဖြူ၊ ရှဉ့်များ ကာကွယ်နှိမ်နင်းနည်းများ စသည့် အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးပို့ချခဲ့သည်။

မြိတ်ခရိုင်အတွင်း ဆီအုန်းစိုက်ပျိုးဧက ၆၈၉၆၀ ခန့်ရှိပြီး ဆီအုန်းခူးဧက ၂၃၇၀၀ ခန့်ရှိကြောင်းနှင့် ခရိုင်အတွင်း စားသုံးနေသော ဆီများမှာ စားအုန်းဆီများဖြစ်ပြီး ပြည်ပမှ ဝယ်ယူတင်သွင်း၍ စားသုံးနေရသလို ယင်းစားအုန်းဆီများကို ရေရှည်စားသုံးခြင်းကြောင့် ကျန်းမာရေးကိုထိခိုက်နိုင်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ကွမ်းရွက်ဈေးနှုန်းများ ဖေဖော်ဝါရီလလယ်မှစတင်၍ မြင့်တက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

သီရိမင်္ဂလာဈေး ကွမ်းရွက်ဈေးကွက်အတွင်း ဖေဖော်ဝါရီလလယ်မှ စတင်၍ ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ ကွမ်းရွက်ဈေးနှုန်းများမှာ အရည်အသွေး အလယ်အလတ်တန်းစား ကွမ်းရွက် ၁၀ ပိဿာဈေး ကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ဝန်းကျင်ရှိကာ အရည်အသွေးမြင့် ကွမ်းချောမှာ ၁၀ ပိဿာဈေး ကျပ် ၉၀၀၀၀ ဝန်းကျင်ရှိနေကြောင်း သီရိမင်္ဂလာဈေး ကွမ်းရွက်ဈေးကွက်မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွှေဒင်္ဂါးကျွန်းကျေးရွာမှ ကွမ်းခြံလုပ်ငန်းလုပ်ကိုင်သူ ကိုကျော်မင်းလှိုင်က "ကျွန်တော်က ကွမ်းပင်ရေ ၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်နေပါတယ်။ မြောင်းမြ/ဂွဒေသက ကွမ်းစိမ်းမျိုးကို စိုက်ပျိုးတာပါ။ လက်ရှိမှာ ဈေးကွက်ကတော့ ရန်ကုန်မြို့က သီရိမင်္ဂလာဈေးကို တင်ပို့ရောင်းချနေပါတယ်။ အခုအပတ်တွေအတွင်း ကွမ်းဈေးပြန်တက်နေပါတယ်။ ကွမ်းဈေးတက်နေတာ ၁၅ ရက်လောက်ရှိနေပါပြီ"ဟု ပြောသည်။

"ကွမ်းစိုက်တာက ပုံမှန်အားဖြင့် တစ်နှစ်လုံး စိုက်ပျိုးလို့ရတယ်။ ကျွန်တော်ကတော့ ဈေးကွက်ကို တွက်ချက်စိုက်တာဖြစ်လို့ ဖေဖော်ဝါရီလကုန်လောက်မှာ တစ်ခေါက်စိုက်တယ်။ စက်တင်ဘာလလောက်မှာ တစ်ခေါက် စိုက်ပျိုးပါတယ်။ စိုက်ပျိုးပြီး နှစ်လခွဲ သုံးလဝန်းကျင်မှာ ကွမ်းစခူးလို့ရပါပြီ"ဟု ၎င်းက ဆက်ပြောသည်။ ယခုနောက်ပိုင်းကာလများတွင် လုပ်သားခနှင့် ဝါးတိုင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ကွမ်းခြံစိုက်ပျိုးကုန်ကျစရိတ်များမှာလည်း အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

နန်းထက်ထက်ချစ်

# ကော့သောင်းမြို့တွင် နိုင်ငံ့ဝန်ထမ်းများအား တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး

**ကော့သောင်း ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီးကော့သောင်းမြို့တွင် နိုင်ငံ့ဝန်ထမ်းများအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၂၇ ရက်က ဆေးထိုးစုရပ်ဖြစ်သည့် ကော့သောင်းမြို့ မဉ္ဇူသကပြည်သူ့ခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးရာတွင် ဒုတိယအကြိမ် ဆေးထိုးနှံထားပြီးသော မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ နိုင်ငံ့ဝန်ထမ်းများကို စတင်ထိုးနှံပေးခြင်းဖြစ်ပြီး ဆက်လက်၍ ဝန်ထမ်းမိသားစုများနှင့် အသက် ၆၀ နှင့်အထက် ရပ်ကွက်နေပြည်သူများကို ယခုရက်ပိုင်းအတွင်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ကော့သောင်းခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကော့သောင်းမြို့ ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးနေခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း ၃၂၅ ဦးအား ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်းသိရသည်။

ကျော်စိုး
(ကော့သောင်း)



# ဗန်းမော်မြို့နယ်အတွင်း ဂျပန်ဖရဲသီးကျားစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ဗန်းမော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသော ဂျပန်ဖရဲသီးကျားများမှာ ယခုအခါ အောင်မြင်ဖြစ်ထွန်းနေ၍ စိုက်ပျိုးသူများ စီးပွားရေးအဆင်ပြေကြကြောင်း သိရသည်။

ဂျပန်ဖရဲကျားကို ဗန်းမော်မြို့ဝန်းကျင်နှင့် ကျေးလက်ဒေသအချို့ရှိ လယ်ယာမြေများနှင့် ချောင်းမြောင်းကမ်းဘေးရှိ ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးခြင်းဖြစ်ပြီး မျိုးစေ့တစ်ထုပ်လျှင် ကျပ် ၁၃၀၀၀ နှုန်းဖြင့် တစ်ဧကလျှင် ခုနစ်ထုပ် စိုက်ပျိုးရကြောင်း၊ တစ်လုံးလျှင် ကျပ် ၃၅၀၀ မှ ၄၀၀၀ ခန့်အထိ ရောင်းရသဖြင့် နှစ်ဧက စိုက်ပျိုးမှုမှ တစ်နှစ်လျှင် ကျပ် ၁၈ သိန်းမှ သိန်း ၂၀ ကျော် ရရှိကြောင်း တစ်နိုင်တစ်ပိုင် ဂျပန်ဖရဲသီးကျားစိုက်ပျိုးနေသူ နားမော်ကျေးရွာမှ ဦးညိုဝင်းက ပြောသည်။

ဗန်းမော်မြို့နယ်ဝန်းကျင်မှ စိုက်ပျိုးထွက်ရှိသည့် ဖရဲသီးများကို မြို့ပေါ်ရပ်ကွက်များ၊ ဈေးများနှင့် ရွှေသတ္တုတူးဖော်ရာ နေရာများသို့ သွားရောက်ရောင်းချရပြီး စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဘွား(ဗန်းမော်)

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဥ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလ နှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေး ကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများ အား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမ များကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်စဥ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူ များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစု များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့ အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေ ကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါ သည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နာမည်ကျော် ပန်းချီဆရာ ဆရာမများ၏လက်ရာ ပန်းချီကားများ အွန်လိုင်းမှပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နာမည်ကျော် ပန်းချီဆရာ ဆရာမများ ပါဝင်ရေးဆွဲသော ပန်းချီကားများကို အနုစ်သာရ စုံလင်ထူးခြားစွာဖြင့် အွန်လိုင်းမှပြသသွားမည်ဖြစ်ကြောင်း သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ်(၅၀) သစ်ယာပင်လမ်းရှိ အနော်ရထာပြခန်း၌ ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်သည့် ရွှေအိုရောင်အလင်းတန်း ပန်းချီပြပွဲမှ သိရသည်။

"ဒီပန်းချီပြပွဲက ပထမဆုံး အုပ်စုဖွဲ့လုပ်ဖြစ်ခဲ့တာပါ။ ကိုဗစ်ရောဂါကာလကြောင့် ပန်းချီဆရာတွေ မွန်းမွန်းကျပ်ကျပ်နဲ့ နေရတယ်။ ဘာပဲဖြစ်ဖြစ် ပန်းချီကားရောင်းရတာ မရောင်းရတာ အသာထား၊ ပန်းချီဆရာတွေ စုပေါင်းပြီး တွေ့ကြ ဆုံကြတယ်။ လှုပ်ရှားမှုတွေနဲ့ ပြပွဲတွေလုပ်ကြတယ်ဆိုတာ စိတ်ချမ်းသာမှုတစ်ခုပေ့ါ။ အဲဒါကိုဦးတည်ပြီး ပန်းချီဆရာတွေက ပြချင်တယ်။ ဒီပြပွဲမှာ လာကြည့်လို့ရသလို အနော်ရထာပန်းချီပြခန်းကနေ အွန်လိုင်းမှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ည ၇ နာရီမှ ၉ နာရီအထိ လွှင့်မယ်။ တစ်ခါလွှင့်ရင် ပန်းချီကား ၂၀ လွှင့်မယ်"ဟု ပန်းချီဆရာ ဌေးအောင်က ပြောသည်။

**ပန်းချီကား ၁၃၆ ကား ပြသ**

အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာ ဆရာမ ၃၅ ဦးတို့က သဘာဝပန်းချီကားများ၊ မြန်မာနိုင်ငံ၏ နယ်မြေဒေသအသီးသီးတို့မှ လှုပ်ရှားမှုများ၊ တိုင်းရင်းသားဓလေ့ထုံးစံများကို ရေးဆွဲထားသည့် ပန်းချီကားပေါင်း ၁၃၆ ကား ပြသထားပြီး ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်များဖြင့် ရေးဆွဲထားကြောင်း၊ ပန်းချီကားဈေးနှုန်းများမှာ ကျပ်နှစ်သိန်းမှ ၂၅ သိန်းအထိ ရှိကြောင်းနှင့် ပြပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂ ရက်အထိ ငါးရက်တိုင် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အာကာလင်း**



## ပူတာအိုမြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ရုံး တိုးချဲ့ဖွင့်လှစ်မည်

**ပူတာအို ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ ပူတာအိုခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးကို ပူတာအိုမြို့ မြို့မရပ်ကွက်၌ မတ် ၂ ရက်တွင် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းထံမှ သိရသည်။

ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူများက ဒေသထွက် စိုက်ပျိုးရေးသီးနှံများ၊ သဘာဝအရ ဒေသတွင် အလျှံပယ်ထွက်ရှိသည့် ကြိမ်၊ ဝါးအမျိုးမျိုးကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ခြင်းဖြင့် သဘာဝသယံဇာတအခြေပြု စီးပွားရေးမှသည် လူသားအရင်းအမြစ်နှင့် နည်းပညာပေါင်းစပ်၍ ဝင်ငွေတိုးတက်ရရှိခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ခိုင်မာအားကောင်း၍ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

အဆိုပါရုံးတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများ၊ မြန်မာ့ရိုးရာပန်း ၁၀ မျိုး သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဦးစီးမှူးထံမှ သိရသည်။

**ဖုန်ကန်**
**(ပူတာအို)**

## ဆင်ပေါင်ဝဲမြို့နယ်၌ ၉၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၇**

ဆင်ပေါင်ဝဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ သံသယလူနာများနှင့် ထိစပ်သူ လူဦးရေ ၂၂၅၀ အား RTD Test ဖြင့် ရောဂါပိုးရှိ/မရှိ ယမန်နေ့က စစ်ဆေးခဲ့ရာ ၉၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိကြောင်း သိရသည်။

အဆိုပါ ပိုးတွေ့လူနာ ၉၄ ဦးအား စနစ်တကျခေါ်ယူ၍ သက်ဆိုင်ရာ ကွာရန်တင်းစင်တာအသီးသီးတွင် ထားရှိကုသလျက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် ဖေဖော်ဝါရီ ၂၆ ရက်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာ စုစုပေါင်း ၁၄၇၇ ဦးရှိကာ ဆေးရုံဆင်း ၁၂၀၄ ဦး၊ သေဆုံးသူ ၅၄ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**

## ဟားခါးမြို့၌ ပြည်သူ ၈၁ ဦးအား ကိုဗစ်စစ်ဆေးရာ ၁၀ ဦးတွင် ရောဂါပိုးတွေ့ရှိ

**ဟားခါး ဖေဖော်ဝါရီ ၂၇**

ဟားခါးမြို့၌ ဖေဖော်ဝါရီလ ၂၆ ရက်က ပြည်သူ ၈၁ ဦးအား Test Kit ဖြင့် ကိုဗစ်-၁၉ စစ်ဆေးရာ ၁၀ ဦးတွင် ရောဂါပိုးတွေ့ရှိကြောင်း သိရသည်။

အလားတူ တီးတိန်မြို့နယ်တွင်လည်း ပြည်သူ ၂၂ ဦးအား Test kit ဖြင့် စစ်ဆေးရာ နှစ်ဦးတွင်လည်းကောင်း၊ ဖလမ်းမြို့နယ်တွင် ပြည်သူ ၇၀ အား စစ်ဆေးရာ တစ်ဦးတွင်လည်းကောင်း၊ မင်းတပ်မြို့တွင် ပြည်သူ ၁၈ ဦးအား စစ်ဆေးရာ တစ်ဦးတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိကြောင်း သိရသည်။

ဟားခါးမြို့နယ်တွင် ၂၀၂၁ မေ ၁၉ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ပိုးတွေ့ လူနာ ၁၆၇၃ ဦး၊ သေဆုံးသူ ၄၇ ဦး၊ ဆေးရုံဆင်းခွင့်ရသူ ၁၅၅၄ ဦးနှင့် ဆေးကုသမှုခံယူဆဲ ၇၂ ဦးရှိကြောင်း သိရသည်။

**မောင်တက်လမ်း**

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူရရှိခြင်းမရှိက တိုင်ကြားနိုင်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီ မှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင်ကုမ္ပဏီ ၁၄ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၀၈ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို အောက်ဖော်ပြပါ မြန်မာရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး၊ နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိနေသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**သတင်းစဉ်**

*ယမန်နေ့မှအဆက်*

## မကွေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP ( PakhoteKuu ) | ချောက်ကန်ကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂ | Kyaw San Co.,Ltd | KS(025) | ကသစ်ကန်ကျေးရွာ၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။ |
| | | KS(009) | ကိုးပင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| | | KS(024) | ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၃ | Khine Khine Phyo Int'l Trading Co Ltd | Lucky 7 | ကံပြားရွာ၊မကွေး-နတ်မောက်မြို့နယ် |
| | | Min Bu Star | ကြာကန်ရွာ၊ မင်းဘူးမြို့နယ် |
| ၄ | Best Oil Co; Ltd | ထိပ်တန်း (အောင်လံ) | ပြည် – မကွေးလမ်း၊ Max Toll Gate အနီး၊ အောင်လံမြို့။ |

## စစ်ကိုင်းတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP ( Sagaing ) | ဦးပိုင်အမှတ်(၇၁-၇၂။F-၁၂၂/၅၁၃)ဇီးချောင်းရပ်ကွက်၊ စစ်ကိုင်းမြို့။ မန္တလေး – မုံရွာ လမ်းဘေး တပ်မ(၃၃)ရှေ့ |
| ၂ | Asia Energy Co., Ltd. | Asia Energy (မုံရွာ) | မန္တလေးမုံရွာလမ်းမကြီး ၊ မုံရွာတိုးဂိတ်အကျော်၊ ထနောင်းတောအုပ်စု၊ မုံရွာမြို့။ |
| ၃ | Best Oil Co; Ltd | BOC (ကံတလူ-စစ်ကိုင်း) | စစ်ကိုင်း-မုံရွာကားလမ်းမကြီးဘေး၊ ကံတလူတိုးဂိတ်အနီး |
| | | BOC (မုံရွာ) | မုံရွာ-ရေဦးကားလမ်းမကြီးဘေး ဖန်ခါးကျင်းကျေးရွာ မုံရွာမြို့ |
| | | BOC (ရွှေဘို) | ရွှေဘို-မန္တလေးကားလမ်းမကြီးဘေး၊ ရွှေဘိုမြို့အဝင်မုခ်ဦးအနီး |

## ဧရာဝတီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP ( ZaLonn ) | အဒါးလမ်းနှင့် ပုပ္ပပါးလမ်းထောင့်၊ လမ်းမတော်မြောက်ရပ်ကွက်၊ ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| | | SBP ( Kyan Khinn ) | တလိုင်းကွင်းကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| | | SBP ( MyanAung ) | အမှတ်(၂) ရပ်ကွက်၊ စာတဲလမ်း၊ မြန်အောင်မြို့ |
| | | SBP ( KyoneMaNgae ) | မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက် |
| | | SBP ( InnGaPu ) | အမှတ်-၁ ရပ်ကွက်၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂ | Kyaw San Co.,Ltd | KS(016) | ဆင်တုန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | KS(023) | ထိပ်ဝကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | KS(020) | မဲဇလီဒလကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃ | Moon Sun Energy | Tharmanya Phyo | မအူပင်-ဖျာပုံကားလမ်းမကြီး၊ ကျိုက်လတ်မြို့။ |
| ၄ | Yadanar Kaung Kin Gems & Jewellery Co.,Ltd | YKK-Maubin | မြို့ရှောင်လမ်းနှင့်ဘုရားလမ်းထောင့်၊(၂)ရပ်ကွက်၊မအူပင်မြို့။ |
| | | YKK-Dedaye | ဒေးဒရဲတံတားအနီး၊ ချဉ်းကပ်လမ်း၊ (၂)ရပ်ကွက်၊ ဒေးဒရဲမြို့။ |
| ၅ | Myint Myat Htut Khaung International Co.,Ltd | MMHK – PT | ကမ်းနားလမ်း၊ ရေပေါ်ဈေးအနီး၊ (၂) ရပ်ကွက်၊ ပုသိမ် မြို့ |
| ၆ | Aye Nyein Thar | Petro K Pathein | ပုသိမ်-မုံရွာ-ရေး အဝေးပြေးလမ်းမကြီး |
| ၇ | Best Oil Co; Ltd | PT Power (ပုသိမ်) | ကိုးဆူကျေးရွာ၊ပုသိမ်-မုံရွာလမ်းမကြီး ပုသိမ်မြို့ |

## တနင်္သာရီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Anawar Hlwam Co.,Ltd | DDPC Petrol Station 1 | ကမြောကင်းလမ်း၊ တိုးချဲ့မြို့သစ်၊ ထိန်သစ်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ |
| | | DDPC Petrol Station 2 | ရင်ပြင်ပတ်လမ်း၊ ဗျောတောဝရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၂ | Shwe Myan Aung | Shwe Myan Aung(Sandawat) | ကျွဲကူးလမ်း၊မြိတ်မြို့နယ် |
| | | Shwe Myan Aung(Kone Pauk) | ကုန်းပေါက်ရွာ၊မြိတ်တောင်မြို့နယ် |

## ကချင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Asia Energy Co., Ltd. | Asia Energy (မြစ်ကြီးနား-မြေမြင့်ဆိုင်) | အမှတ်(၅၃၃)၊ ပြည်ထောင်စုလမ်းမကြီးနှင့်မဟာဗန္ဓုလလမ်းထောင့်၊ မြေမြင့်ရပ်၊ မြစ်ကြီးနားမြို့။ |
| | | Asia Energy(မြစ်ကြီးနား-သီတာ) | ဦးပိုင်အမှတ် (၁၁/၂)၊ အကွက် (၉)၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |
| | | Asia Energy (ရွှေညောင်ပင်) | ဦးပိုင်အမှတ် (၂၀)၊ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ၂ | Best Oil Co; Ltd | BOC (ဗန်းမော်) | ၃မိုင်၊ ရွှေပြည်သာရပ်ကွက်၊ ဗန်းမော် – မြစ်ကြီးနားလမ်း၊ ဗန်းမော်မြို့။ |
| | | BOC (မိုးညှင်း) | မန္တလေး-မြစ်ကြီးနားကားလမ်းမကြီးနှင့်မိုးညှင်းမြို့ရှောင်လမ်းဆုံ၊အင်ကြင်းကုန်းကျေးရွာ မိုးညှင်းမြို့ |

## မွန်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Kyaw San Co.,Ltd | KS(013) | တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့၊ မွန်ပြည်နယ်။ |
| | | KS(028) | ကျုံးဟောင်းရွာသစ်ကျေးရွာ၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| | | KS(015) | ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ သထုံမြို့၊ မွန်ပြည်နယ်။ |
| | | KS(014) | ကျခတ်ငူကျေးရွာအုပ်စု၊ပေါင်မြို့၊ မွန်ပြည်နယ်။ |
| ၂ | Khine Khine Phyo Int'l Trading Co.,Ltd | Ready | တူးမြောင်းရွာ၊ ရေးမြို့နယ် |
| | | KKP (Ahsin) | ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၃ | Anawar Hlwam Co.,Ltd | Yadana Petrol Station (မော်လမြိုင်) | မီးလောင်ပြင်လမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ |
| | | Yadana Petrol Station (သံဖြူဇရပ်) | သံဖြူဇရပ်၊ ဝဲရတ်ကျေးရွာအုပ်စု၊ ဝဲသွန်ချောင်းရွာ၊ မွန်ပြည်နယ်။ |
| | | Yadana Petrol Station (ရေး) | တနင်္သာရီတိုင်းဒေသကြီး၊ အဏ္ဏဝါရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ် |
| ၄ | Best Oil Co; Ltd | PT Power (မုတ္တမ) | မုတ္တမကျေးရွာ ပေါင်မြို့ |
| | | PT Power (မုပွန်) | ကျောက်ပြားစက်ရုံဝင်း၊မုပွန်ရပ်ကွက် မော်လမြိုင်မြို့ |
| | | PT Power (ကျိုက်ထို) | ရန်ကုန်- မော်လမြိုင် အဝေးပြေးလမ်းမကြီး၊ မိုင်တိုင် ၁၁၁မိုင် ၄ဖာလုံ၊ ကျိုက်ထိုမြို့။ |

## ရခိုင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Kyaw San Co.,Ltd | KS(022) | လင်းမူတောင်ကျေးရွာအုပ်စု၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(002) | အံတော်ကွင်း ဒွါရဝတီမြို့သစ်၊သံတွဲမြို့၊ရခိုင်ပြည်နယ်။ |
| | | KS(021) | ကိုင်းရှည်ကျေးရွာ၊ တောင်ကုတ်မြို့ ၊ ရခိုင်ပြည်နယ်။ |
| | | KS(006) | မန်းကျည်မြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(017) | အောက်ကျေးရွာအုပ်စု၊ အမ်းမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(012) | ဂွမြို့မရပ်ကွက်၊ ဂွမြို့၊ ရခိုင်ပြည်နယ်။ |
| ၂ | Anawar Hlwam Co.,Ltd | Yadana Petrol Station (သံတွဲ) | ရွှေကျောင်းပြင်ရပ်ကွက်၊ ရခိုင်ပြည်နယ်။ |

*စာမျက်နှာ ၂၅ သို့*

# ခေါင်းဆောင်မှုနှင့် လူကောင်းလူတော်

ဒေါက်တာခိုင်ခိုင်ဝင်း

ခေါင်းဆောင်မှု (Leadership)၊ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ဖို့ရာ ( To become a good leader) စသည့် အကြောင်းအရာများသည် သင်တန်းအများစုတွင် ပို့ချလေ့ရှိသလို စီမံခန့်ခွဲမှုသင်တန်း ( Management Course) များတွင်လည်း ပါဝင်လေ့ရှိပါသည်။

### လူသားဆန်ဖို့ အရေးကြီး

ခေါင်းဆောင်မှုနှင့် စပ်လျဉ်းပြီး စီမံခန့်ခွဲမှုအပိုင်းသည်လည်း ဆက်စပ်ပါဝင်လာသလို စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းပြီးလည်း လူသားတို့၏ အခြေခံကျင့်ဝတ်စိတ်ထား စသည်တို့သည် တစ်ဆက်တည်း ပါဝင်လာသည်လည်း ဖြစ်ပါသည်။ ခေါင်းဆောင်မှုကိုပြုသူသည် လူသားများဖြစ်ပြီး ခေါင်းဆောင်သူ၊ ဦးဆောင်သူနောက် လိုက်ပါရမည့်သူများသည်လည်း လူသားများပင်ဖြစ်ရာ လူသားဆန်ဖို့ရာသည် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုအပိုင်းတွင် အရေးကြီးလာသည်လည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ အရည်အချင်းပြည့်ဝမှု၊ လူသားဆန်မှု၊ ကျင့်ဝတ်၊ အပြုအမူ၊ စိတ်နေစိတ်ထားတို့သည် တစ်ခုနှင့်တစ်ခု ပုတီးလုံးများပမာ ဆက်စပ်နေသည်လည်း ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် အဖွဲ့အစည်းကောင်းများ၊ အဖွဲ့အစည်းများအတွက်ဝန်ထမ်းကောင်းများထားရှိရေးသည် အလွန်အရေးကြီးပါသည်။ ပို၍ အရေးကြီးသည်မှာ အဖွဲ့အစည်းများတွင် မှန်ကန်တည်ကြည်ဖြောင့်မတ်ပြီး ဝန်ထမ်းများအတွက် စံပြဖြစ်နေသည့် ခေါင်းဆောင်ကောင်းများ ရှိရေးပင် ဖြစ်ပါသည်။

### ခေါင်းဆောင်ကောင်း လိုအပ်

ဤနေရာတွင် ခေါင်းဆောင်ကောင်းတစ်ဦး ရွေးချယ်ရာတွင် မည်သည့်အချက်သည် အရေးကြီးသနည်း၊ မည်သို့သော ခေါင်းဆောင်ကို အလိုရှိသနည်းဟု မေးမြန်းကြည့်မည်ဆိုပါက တချို့က လူကောင်းကိုလိုချင်ပါသည်။ တချို့ကလည်း တော်သည့် လူကိုလိုချင်ပါသည်။ တချို့က တော်လည်းတော် ကောင်းလည်းကောင်းသည့် လူမျိုးကို လိုချင်ပါသည်ဟု ဆိုကြပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံအတွက် ဌာနအဖွဲ့အစည်းအတွက် စွမ်းဆောင်ရည်မြင့်မားသည့် ခေါင်းဆောင်ကောင်းများ အမှန်တကယ်လိုအပ်ပါသည်။ ပို၍ အရေးကြီးသည်မှာ ခေါင်းဆောင်ကောင်းဟူသည် စွမ်းဆောင်ရည်မြင့်နေ၊ တော်နေ၊ တတ်နေရုံနှင့်မပြီး နှလုံးရည်လှ၍ ပင်ကိုစိတ်ကောင်းမွန်ပြီး ကျင့်ဝတ်လည်း ကောင်းမွန်ဖို့ရာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝန်ထမ်းကောင်း၊ ခေါင်းဆောင်ကောင်းဆိုသည်မှာ ဝန်ထမ်းများ (ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း) ၏ ကျင့်ဝတ်သိက္ခာများကို လေးစားလိုက်နာစောင့်ထိန်းသူ၊ မိမိတတ်သိ ကျွမ်းကျင်ရမည့် အရည်အချင်းများကို အမြဲလေ့လာဆည်းပူးဆောင်ရွက်နေသူ ဖြစ်ရမည့်အပြင် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားကို တာဝန်အရမဟုတ်ဘဲ စိတ်ရင်းစေတနာအရင်းခံဖြင့် ဆောင်ရွက်သူများအား ခေါ်ဆိုခြင်း ဖြစ်ပါသည်။

> ■ **နိုင်ငံ့ဝန်ထမ်းများ ကောင်းပါမှ နိုင်ငံကောင်း မည်ဖြစ်သလို ဦးဆောင်မှုကောင်းသည့် ခေါင်းဆောင်ကောင်းရှိမှသာလျှင် ကောင်းမွန်သည့် နောက်လိုက်ဝန်ထမ်းကောင်းများ ရှိလာမည်ဖြစ်ပါသည်။ မည်သည့်အဖွဲ့အစည်းမဆို ဝန်ထမ်းများအထူးသဖြင့် ဝန်ထမ်းကောင်းများမရှိပါဘဲ ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ခေါင်းဆောင်သူကိုယ်တိုင် ဝန်ထမ်းကောင်း အရည်အချင်းများ မရှိပါဘဲ မိမိနောက်လိုက်များအား ဝန်ထမ်းကောင်းဖြစ်အောင် တိုက်တွန်းနှိုးဆော်ရေး အခက်တွေ့မည်သာဖြစ်သည်။ ခေါင်းဆောင်သူ၊ ဦးဆောင်သူကိုယ်တိုင် ဝန်ထမ်းကျင့်ဝတ်သိက္ခာ စောင့်စည်းလေးစားလိုက်နာဖို့ရာ အလွန်အရေးကြီးပါသည်။**

### ခေါင်းဆောင်ကောင်းမှနောက်လိုက်ကောင်းမည်

နိုင်ငံ့ဝန်ထမ်းများ ကောင်းပါမှ နိုင်ငံကောင်း မည်ဖြစ်သလို ဦးဆောင်မှုကောင်းသည့် ခေါင်းဆောင်ကောင်းရှိမှသာလျှင် ကောင်းမွန်သည့် နောက်လိုက်ဝန်ထမ်းကောင်းများ ရှိလာမည်ဖြစ်ပါသည်။ မည်သည့်အဖွဲ့အစည်းမဆို ဝန်ထမ်းများ အထူးသဖြင့် ဝန်ထမ်းကောင်းများမရှိပါဘဲ ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ ခေါင်းဆောင်သူ ကိုယ်တိုင် ဝန်ထမ်းကောင်း အရည်အချင်းများ မရှိပါဘဲ မိမိနောက်လိုက်များအား ဝန်ထမ်းကောင်းဖြစ်အောင် တိုက်တွန်းနှိုးဆော်ရေး အခက်တွေ့မည်သာဖြစ်သည်။ ခေါင်းဆောင်သူ၊ ဦးဆောင်သူကိုယ်တိုင် ဝန်ထမ်းကျင့်ဝတ်သိက္ခာ စောင့်စည်းလေးစား လိုက်နာဖို့ရာ အလွန်အရေးကြီးပါသည်။

အုပ်ချုပ်စီမံခန့်ခွဲမှု အဆင့်ဆင့်ရှိ တာဝန်ရှိလူကြီးများ၏ အုပ်ချုပ်မှုစနစ်ကျခြင်း/ မကျခြင်း၊ တရားမျှတမှုရှိခြင်း/ မရှိခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုရှိခြင်း/ မရှိခြင်း၊ မိမိဝန်ထမ်းများကို အလေးထားခြင်း/ မထားခြင်းများသည် လုပ်ငန်းခွင်ပျော်ရွှင်စေမှုနှင့် လုပ်ငန်းအောင်မြင်စေမှုများအပေါ် များစွာ သက်ရောက်မှုရှိပါသည်။

တရားမျှတစွာ အုပ်ချုပ်စီမံခန့်ခွဲမှုမရှိသည့် ဌာနတွင် အထက်အောက်ဝန်ထမ်းများအကြား လေးစားယုံကြည်မှုလည်း လျော့နည်းနေမည်ဆိုသည်မှာ ယုံမှားဖွယ်မရှိပါ။ ဤနေရာတွင် တရားမျှတမှုရှိသည့် လုပ်ငန်းခွင်ဖြစ်ပေါ်လာရေးနှင့် ဝန်ထမ်းများ ပျော်ရွှင်တက်ကြွစွာ တာဝန်ထမ်းဆောင်သည့် လုပ်ငန်းခွင် ဖြစ်ပေါ်လာရေးတို့သည် အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူ ခေါင်းဆောင်၏ အမြော်အမြင်ကြီးမှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုတွင် ကျွမ်းကျင်မှု၊ သမာသမတ်ရှိမှု၊ ဘက်မလိုက်မှု၊ ခွဲခြားဆက်ဆံခြင်းမရှိမှု၊ ပုဂ္ဂိုလ်ရေးအညှိုးထားအမုန်းမပွားမှု၊ ပညာဉာဏ်ကြီးမြတ်မှု၊ စိတ်နေစိတ်ထားမြင့်မြတ်မှုစသည့် အရည်အချင်းကောင်းများစွာတွင် တည်မှီနေသည်လည်း ဖြစ်ပါသည်။

### အဂတိတရား (၄) ပါး ကင်းစင်ဖို့အရေးကြီး

နီးစပ်သူတွေကို ဘက်မလိုက်ရေးနှင့် အဂတိလိုက်စားမှုမရှိရေးတို့သည် ခေါင်းဆောင်ကောင်းတစ်ဦးအတွက် အမှန်ပင်လိုအပ်ပါသည်။ ခေါင်းဆောင်နေရာတွင် ရှိနေသည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကျင့်ဝတ်နှင့်သက်ဆိုင်ပါသည်။ ဌာနအဖွဲ့အစည်းကို ဦးဆောင်မည့် ခေါင်းဆောင်သည် အဂတိတရား (၄) ပါး ကင်းစင်အောင် ပြုမူကျင့်ကြံဖို့ရာ အရေးကြီးပါသည်။ အဂတိတရား (၄) ပါးရှိနေသည့် ဝန်ထမ်းသည် မည်မျှပင် တော်နေတတ်နေစေကာမူ နိုင်ငံအတွက်၊ ဌာနအတွက် အဖွဲ့အစည်းအတွက်၊ အမှန်တကယ် အားကိုးရသည့် ဝန်ထမ်းကောင်းဟု မခေါ်ဆိုနိုင်ပေ။

ဝန်ထမ်းကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူနေထိုင်ပြောဆိုပြီး ရှိသင့်ရှိထိုက်သည့် အရည်အချင်းစွမ်းဆောင်ရည်များ ပြည့်ဝနေသည့် ခေါင်းဆောင်ကောင်းဝန်ထမ်းများသည်သာ နိုင်ငံတော်နှင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် နိုင်ငံတော်အတွက် အမှန်တစ်ကယ်အားဖြစ်စေမည့် ဝန်ထမ်းကောင်းများဖြစ်ပါသည်။ အမှန်တစ်ကယ် ပြည်သူ၏ အကျိုးစီးပွားဖော်ဆောင်နိုင်မည့်သူ၊ ပြည်သူ၏ ယုံကြည်မှုကို ရယူပေးနိုင်သူသည် တော်နေ တတ်နေ၊ အရည်အသွေးပြည့်မီသည့် ဝန်ထမ်းမဟုတ် တော်နေ တတ်နေ၊ အရည်အသွေးမြင့်ပြီး ဝန်ထမ်းကျင့်ဝတ် သိက္ခာနှင့် ပြည့်စုံသည့် ဝန်ထမ်းသာဖြစ်ပါသည်။ နဂိုမူလ စိတ်ရင်းအခြေခံ၊ ကျင့်ဝတ်ကောင်းများရှိပြီး အရည်အချင်းပြည့်မီသည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံအတွက် အားထားရမည့် ဝန်ထမ်းကောင်းများ၊ လူကောင်းလူတော်များ ထွက်ပေါ်လာရေး ရည်သန်ရေးသားပါသည်။

*စာမျက်နှာ ၂၄ မှ*

### ရှမ်းပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP ( Muse ) | မော်တောင်းကျေးရွာ၊ မော်တောင်းအုပ်စု၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့ |
| ၂ | Kyaw San Co.,Ltd | KS(005) | မိုင်းယုကျေးရွာ၊ (၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(003) | နောင်ဖော့ကျေးရွာအုပ်စု၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(007) | သာမိုင်ခန့်ကျေးရွာ၊ အောင်ပန်းကလောမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| | | KS(029) | ကြိမ်ဂနိုင်ကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(004) | ကိုးနဝင်းတောင်ခြေတံတားကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| | | KS(010) | ခိုမုန်းကျေးရွာအုပ်စု၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(011) | ပန်စောက်မိန်းကျေးရွာအုပ်စု၊ သီပေါမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(018) | အော်ယော်ရပ်ကွက်၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၃ | Asia Energy Co., Ltd. | Asia Energy (မူဆယ်) | တိုးဂိတ်အနီး ၁၀၅ မိုင်ဆီဆိုင်တန်း၊ မိုင်းယုကျေးရွာ |
| ၄ | Myint Myat Htut Khaung International Co.,Ltd | Nilar Yoma (Taungyi) | ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ဂေါက်ကွင်းရှေ့၊ သစ်တောရပ်ကွက် တောင်ကြီး |
| | | Lucky7 Petroleum (AP) | မိတ္ထီလာ တောင်ကြီးလမ်း၊ ကလော အောင်ပန်းလမ်းဆုံ၊ ရှမ်းတောင် |
| | | Lucky7 Petroleum (TLL) | ကလော တောင်ကြီးလမ်း၊ တောင်လေးလုံးကျေးရွာ၊ ရွှေညောင်မြို့ |
| | | Lucky7 Petroleum (LS) | လားရှိုး မူဆယ်လမ်း၊ Old AT gate ၊ ၁၂ ရပ်ကွက်၊ လားရှိုး၊ ရှမ်းမြောက် |
| | | Lucky7 Petroleum (Pdy) | မိတ္ထီလာ ပင်းတယလမ်း၊ အောင်ပန်း၊ ရှမ်းတောင် |
| | | Lucky7 Petroleum (KN) | မန္တလေး လားရှိုးလမ်း၊ ခေးနင်းကျေးရွာ၊ လားရှိုး၊ ရှမ်းမြောက် |
| ၅ | Best Oil Co; Ltd | BOC (လားရှိုး) | မန္တလေး-မူဆယ်ကားလမ်းမကြီးဘေး၊ လားရှိုးမြို့ရှောင်လမ်းဆုံအနီး၊ မယ်ဟန်ကျေးရွာ |
| | | BOC (မူဆယ်) | မန္တလေး – မူဆယ်ကားလမ်းမကြီးဘေး၊ မော်တောင်းကျေးရွာအုပ်စု၊ မူဆယ်မြို့နယ်။ |
| | | BOC (သီပေါ) | မန္တလေး-လားရှိုးကားလမ်းမကြီးဘေး၊ နမ့်လန်လမ်းခွဲ၊ ခိုလုံကျေးရွာ |
| | | BOC (အောင်ပန်း) | အမှတ်(၂၂) ပြည်ထောင်စုလမ်းမကြီးဘေး၊ ကလောတိုးလ်ဂိတ်အနီး၊ ကလောမြို့ |
| | | BOC (တောင်လေးလုံး) | အမှတ် (၉/၂ )ပြည်ထောင်စုလမ်းမကြီးဘေး၊ တောင်လေးလုံးကျေးရွာ၊ |
| | | BOC (နမ့်စန်) | အမှတ်(၇၁)၊(၇၂)၊ (၇၃)၊ (၇၄)တောင်ကြီး-ကျိုင်းတုံလမ်း၊ ထင်းရှူးမြိုင်ကျေးရွာ၊ နမ့်စန်မြို့ |
| | | BOC (ရွှေဇင်ယော်-၅) | အမှတ် ၁၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့ |
| | | BOC (ရွှေဇင်ယော်-၄) | ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ မြကန်သာလမ်းထောင့် ၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့။ |
| | | BOC (ချယ်ရီ) | တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး ၊ တောင်ကြီးမြို့။ |
| | | BOC (ရွာငံ) | ရွာငံ – အောင်ပန်း လမ်းမကြီး၊ ရွာငံမြို့။ |
| ၆ | Gon Yi Soe Trading Co.,Ltd | Black Gold (Nawnghkio) | မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေး။ နောင်ချိုမြို့နယ်ခြေမြစ်ပင်ရွာ။ |

# ကယားပြည်နယ် အစိုးရအဖွဲ့မှ နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အခြေခံစားကုန်များ ဆက်လက်ထောက်ပံ့လှူဒါန်းခြင်းပြုလုပ်



**လွိုင်ကော် ဖေဖော်ဝါရီ ၂၇**

ကယားပြည်နယ် အစိုးရအဖွဲ့မှ နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အခြေခံစားကုန်များ ဆက်လက်ထောက်ပံ့ လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ ခေတ္တနေရပ်စွန့်ခွာ ပြည်သူများအား ကြိုဆိုလက်ခံရေးစခန်းများနှင့် မိုင်းလုံးရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်ကျောင်းတွင် ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကယားပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူတို့က ခေတ္တနေရပ်စွန့်ခွာပြီး ပြည်နယ်အတွင်း ပြန်လည်ဝင်ရောက်လာသော ပြည်သူများအား အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်းသည်။

နယ်မြေအခြေအနေ တည်ငြိမ်လာမှုကြောင့် ပြန်လည်ဝင်ရောက်လာသော ပြည်သူများအား ကြိုဆိုလက်ခံရေးစခန်းတွင် လက်ခံရာ၌ စနစ်တကျ စိစစ်မှတ်တမ်းရေးသွင်းလက်ခံခြင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်ပေးခြင်း ၊ ရောဂါပိုးတွေ့ရှိသူများကို ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခြင်း၊ လွိုင်ကော်မြို့အတွင်းရှိ ရပ်ကွက်အသီးသီးတွင် ပြန်လည်နေထိုင်မည့် မိသားစုများအား အခြေခံစားကုန်များ ထောက်ပံ့ပေးခြင်းတို့ကို ကယားပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဦးဆောင်မှုနှင့် လှူဒါန်းပေးမှုတို့ဖြင့် သက်ဆိုင်ရာဌာနအသီးသီးမှ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# "MRTV CUP 2022" အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ "MRTV CUP 2022" အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) ဘောလုံး အားကစားကွင်းတွင် ကျင်းပသည်။

**ကြည့်ရှုအားပေး**

ပြိုင်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တပ်ကုန်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ MRTV ရှိ ဌာနခွဲအသီးသီးမှ ဝန်ထမ်းများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲမစတင်မီနှင့် အားလပ်ချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဗိုလ်လုပွဲတွင် စီမံဌာနခွဲအသင်းနှင့် တိုင်းရင်းသား လူမျိုးများ ရုပ်သံလိုင်း (NRC) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကြသော်လည်း ဂိုးမသွင်းနိုင်သောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ယှဉ်ပြိုင်ကြရာ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC) အသင်းက လေးဂိုး၊ စီမံဌာနခွဲအသင်းက နှစ်ဂိုးဖြင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC) အသင်းက အနိုင်ရရှိ ဗိုလ်စွဲသည်။

**ဆုများချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ MRTV CUP 2022 အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပါဝင် ကူညီပေးခဲ့ကြသည့် တပ်ကုန်းမြို့နယ် အားကစားဌာနမှ ဒိုင်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ချီးမြှင့်ငွေ ကျပ် ၃၀၀၀၀၀ ကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်မိုးက နှစ်သိမ့်ဆုရရှိသည့် စက်မှုဌာနခွဲ အမျိုးသား ဘောလုံးအသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၅၀၀၀၀ အား လည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ ဌာနချုပ်တပ်ခွဲမှူး၊ ဗိုလ်မှူးအောင်ထွန်းမြင့်က တတိယဆုရရှိသည့် ရုပ်မြင်ဌာနခွဲ အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၂၀၀၀၀၀ အားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးဝင်းသူက ဒုတိယဆု ရရှိသည့် စီမံဌာနခွဲအသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၂၅၀၀၀၀ ကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပထမဆုရရှိသည့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC) အသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၃၀၀၀၀၀ ကို လည်းကောင်း(**အပေါ်ပုံ**) ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ၊ ဖျော်ဖြေပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

# သန်လျင်အမိုးနီသုသာန်ပြုပြင်ရေး အလှူငွေများပေးအပ်

**သန်လျင် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ အမိုးနီသုသာန်ကြီး ရေရှည် အသုံးပြုနိုင်ရေး၊ နာရေးရှင်များအဆင်ပြေချောမွေ့စွာ နောက်ဆုံးခရီး ဆောင်ရွက်နိုင်ရေးတို့အတွက် သုသာန်ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

သန်လျင်အမိုးနီသုသာန်ကြီးတွင် အသုံးပြုလျက်ရှိသော မီးသင်္ဂြိုဟ် စက်ကြီးများသည် ကိုဗစ်ကာလများပြားလှသော နာရေးများ၊ နေ့စဉ် ကွယ်လွန်လျက်ရှိကြသော နာရေးများအား ဆောင်ရွက်ပေးရသဖြင့် စက်စွမ်းအားပြည့် ကူညီနိုင်ရေးအကြီးစား ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကွယ်လွန်သူ ဒေါ်နန်းခမ်းဟောင်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးဌေးဝင်း+ဒေါ်ဝင်းကြိုင် (နီလာမင်းရွှေဆိုင်)က ငွေကျပ် ငါးသိန်း၊ ဦးအောင်ကျော်ကျော်ဦး + ဒေါ်ဆွေဇင်ထိုက်က ငွေကျပ် တစ်သိန်း၊ ဦးအောင်ကျော်မိုး+ ဒေါ်ကြည်သန်းထွန်းက ငွေကျပ် တစ်သိန်း၊ ဒေါ်ခင်ဌေး (တောင်ဒဂုံ)က ငွေကျပ် ငါးသောင်းတို့ကို ယနေ့ နံနက်တွင် အလှူရှင်မိသားစုများက ပေးအပ်လှူဒါန်းကြရာ အမိုးနီသုသာန် ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီဝင်များက လက်ခံရယူကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သန်လျင်မြို့ အမိုးနီသုသာန်ကြီး ဘက်စုံပြုပြင်နိုင်ရေးအတွက် စေတနာရှင် အလှူရှင်များအနေဖြင့် ဖုန်း- ၀၉- ၅၀၁၄၇၀၇ ၊ ၀၉-၅၀၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ပညာရေးဝန်ထမ်းများအား လုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများအား လုပ်ငန်းတာဝန်များ ကျေပွန်စွာ အခမ်းအနားတွင် ဇမ္ဗူသီရိ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုသင်တန်းကို ယနေ့နံနက် ၉ နာရီက အ.ထ.က(၁၄)တွင် ကျင်းပသည်။



မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး စီမံဘာသာရပ်ကို သင်ကြားပို့ချကာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးမင်းက ဘဏ္ဍာရေး အကြောင်းအရာကို လည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းက ပညာရေး အကြောင်းအရာကို လည်းကောင်း သင်ကြားပို့ချရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ ထက၊ လယ၊ မူ ကျောင်းအုပ်ကြီး ၂၀၊ ကျောင်း/ရုံးများရှိ စာရေး ၁၈ ဦး စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**

# နွားထိုးကြီးတွင် ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၃၀၀ အထိ ဈေးကျဆင်းနေ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ခရမ်းချဉ်သီးချက်ခေါ် ပြည်တော်သာချက်မှာ အညာသားတို့၏ ထမင်းဝိုင်းတွင် မပါမဖြစ် ဟင်းတစ်ခွက်ဖြစ်သည်။

ခရမ်းချဉ်သီးကို စားသောက်ဖွယ် အမျိုးမျိုး စားနေကြရာ နွားထိုးကြီးစည်ပင်ဈေးတွင် ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၃၀၀ အထိ ဈေးကျဆင်းနေ၍ စားသုံးသူ အညာသားတို့ အကြိုက်ဖြစ်နေသည်။

ရှမ်းသီး၊ တိုင်ထောင်သီး၊ ထွက်တိုးသီး စသဖြင့် ဒေသရော ၊ ပြင်ပမြို့နယ်တို့ပါ အပြိုင်ဈေးကွက်ဝင်နေ၍ ဈေးကျဆင်းခြင်းဟု ခရမ်းချဉ်သီးရောင်းသူတို့က ဆိုသည်။ မြန်မာသီးလည်း ဈေးတောင့်မခံနိုင်ဘဲ ကျဆင်းနေသည်။

ဆောင်းပြောင်းနွေဦးရာသီတွင် မကြုံစဖူးခရမ်းချဉ်သီးဈေး ကျဆင်းနေခြင်းဖြစ်သည်။ တောင်သာ၊ မလှိုင်၊ မြင်းခြံ၊ မန္တလေး ၊ မိတ္ထီလာ ၊ နယ်ခံနွားထိုးကြီး ခရမ်းချဉ်သီးတောင်သူတွေ အရှုံးပေါ်နေသည်။

**ဌေးမြင့်မောင်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမ်းမြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်း တရားမဝင်သစ်မျိုးစုံ (၅ ဒသမ ၈၃၄၆)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁,၈၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**

အလားတူ ဖေဖော်ဝါရီ ၂၆ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် (၁၂)ဘီး ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားသည့် ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ဖိနပ်မျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့နှင့် အကောက်ခွန်အဖွဲ့များမှ စစ်ဆေးမှုများဆောင်ရွက်ရာ ကော့သောင်းမြို့နယ် ပဲ့ချိတ်ဆိပ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော



ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး။

စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း လိုင်စင်မဲ့ YAMAHA DT 125 မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၀၀၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၈၀၁၈၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# သာစည်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီတွင် သာစည်မြို့နယ် ဘုရားငါးဆူ(တောင်)ကျေးရွာ တောင်ကြီး–မိတ္ထီလာသွားကားလမ်းတွင် စန်းလွင်(ခ)ကာကာ မောင်းနှင်ပြီး စိုးမိုးအောင်(ခ)ကုလားကြီး(ခ)သွာစင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ ကို လည်းကောင်း၊



မနန်းမိုခမ်း(ခ)မိုလင်း အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လုံခုတ်ကျေးရွာအုပ်စု ဟိုနမ့်ကျေးရွာအနီး ဟိုပုံး–လွိုင်လင်သွားကားလမ်း၊ မိုင်တိုင်အမှတ်(၁၃၄/၀) တွင် ပရိုဘောက်အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မနန်းမိုခမ်း(ခ)မိုလင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့် အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ – လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း – ၀၁–၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# ရခိုင်ပြည်နယ် မောင်တောမြို့၌ တောဆင်ရိုင်းနင်း၍ လူတစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိ

**မောင်တော ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၄)မိုင်ရပ်ကွက် ရွှေတောင်ကျေးရွာအနီးတွင် ယနေ့ နံနက် ၁၁ နာရီခန့်က တောဆင်ရိုင်းနင်းမိ၍ တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် (၄)မိုင်ရပ်ကွက် ရွှေတောင်ကျေးရွာ နေသူများဖြစ်သော ဒေါ်ဦးညွန့်စိန်(၃၀ နှစ်)နှင့် ဒေါ်သာအေးစိန် (၆၂ နှစ်)တို့ နှစ်ဦးသည် ရွှေတောင်ကျေးရွာ အရှေ့ဘက်သို့ ငါးဖမ်းရန်သွားရောက်စဉ် တောဆင်ရိုင်းမှ ရန်ပြုရာ ဒေါ်ဦးညွန့်စိန်(၃၀ နှစ်)မှာ တောဆင်ရိုင်းနင်းမိသဖြင့် အခင်းဖြစ်နေရာတွင် ကုပ်ကျိုးဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဒေါ်သာအေးစိန်(၆၂ နှစ်)မှာ နံရိုးကျိုးဒဏ်ရာ (စိုးရိမ်ရ)ရရှိသဖြင့် ကရုဏာကွန်ရက် လူမှုကူညီရေးအသင်းမှ မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာရရှိသူမှာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဝေလ(မောင်တော)

# လဟယ်မြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်း ၆ ဒသမ ၅ ဧက ဖျက်ဆီး

**လဟယ် ဖေဖော်ဝါရီ ၂၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသ၊ လဟယ်မြို့နယ်အတွင်းရှိကျေးရွာအချို့တွင် ဘိန်းများ စိုက်ပျိုးနေကြောင်း သတင်းရရှိသဖြင့် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူ၊ လဟယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်း ဦးဆောင်သော ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဘိန်းစိုက်ခင်း ၆ ဒသမ ၅ ဧက ဖျက်ဆီးခဲ့ကြောင်း သိရသည်။ (ယာပုံ)



အဆိုပါ ဘိန်းစိုက်ခင်းများ ဖျက်စီးရာတွင် လန်ထိန်ကျေးရွာနှင့် လောင်ဂီးကျေးရွာကြားရှိ တောင်ယာတွင် ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧကခန့်နှင့် တွေးထွေနောက်ကုန်းကျေးရွာနှင့်လောင်ဂီးကျေးရွာကြား တောင်ယာမှ ဘိန်းစိုက်ခင်း သုံးဧကခန့် စုစုပေါင်း ၄ ဒသမ ၅ ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ လဟယ်မြို့နယ် ဝုထကျေးရွာအနီး ဝုထ တောင်ကျောရှိ ဘိန်းစိုက်ခင်း နှစ်ဧကခန့်ကို သွားရောက်ဖျက်ဆီးခဲ့သည့်အတွက် စုစုပေါင်း ဘိန်းစိုက်ခင်း ၆ ဒသမ ၅ ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းထံမှ သိရသည်။

ယွန်း(မုံရွာ၊ ကိုယ်ပွား)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၇၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၇၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လှူ | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လှူ | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၁၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၈၂၅၂၁၆**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၈ ရက်)

၁။ ၂၀၂၂ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၂၅၅၇၃၅) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၂၅၅၇.၃၅၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၇၉၀.၁၄၅) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | |
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | |
| (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၈) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၉) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၂) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၂) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | |
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၈၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | |
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ် ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၆)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၃-၂၀၂၂) ရက်နေ့ (အင်္ဂါနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။


**မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**
MYANMAR SEAFARERS FEDERATION

**နာယကအဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် အမည်စာရင်းတင်သွင်းရန် ဖိတ်ခေါ်ခြင်း**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (MSF)အနေဖြင့် ပဥ္စမအကြိမ်မြောက် ရွေးကောက်တင်မြှောက်ပွဲကျင်းပပြီးချိန်တွင် နာယကအဖွဲ့အား ဖွဲ့စည်းတင်မြှောက်နိုင်ရန်အတွက် အဖွဲ့ချုပ်၏ အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်များအနေဖြင့် နာယကဖြစ်သင့်ဖြစ်ထိုက်သူ အမည်စာရင်းအား အောက်ဖော်ပြပါသို့ လိပ်မူ၍ အဆိုပြုတင်သွင်းပါရန်ဖိတ်ခေါ်အပ်ပါသည်-

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**
**အမှတ် ၅၃၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ (မြေညီထပ်)**
ရုံးဖုန်း။ (၉၅)(၁၁)၈၃၇၅၈၂၀၊ (၉၅)(၁၁)၈၃၉၂၀၇၆၊ (၉၅)(၀၉)၆၆၆၀၅၈၈၈၆၈၊
အီးမေးလ်။ info@myanmarseafarers.org
အထက်ဖော်ပြပါလိပ်စာတွင် နာယကအမည်အဆိုပြုတင်သွင်းရန်ပုံစံ (Form-Admin- Patron-02/2022)အား ရယူနိုင်ပါသည်။



## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၇၅၄၊ မြေကွက်တည်နေရာအမှတ် ၇၅၄၊ မြရတနာလမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှမြင့် ၁၂/မဂတ(နိုင်)၀၁၂၇၉၀၊ ဒေါ်ခင်မျိုးထွေး(TME-၀၁၁၄၅၅)၊ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးလှမြင့်၊ ဒေါ်ခင်မျိုးထွေးတို့ထံမှ SP အမှတ် ၇၄၇၅/၂၀၀၂ (၁၁-၁၁-၂၀၀၂) ရသူ ဦးဇာနည်မင်း ၁၂/ရကန(နိုင်)၀၀၂၀၀၀ မှ SP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် SP မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်၂ စုံ (၄ ပုံ ၂ ချုပ်)နှင့် မြေကွက်ခွဲစိတ်ရန် ၁ စုံ (၂ ပုံ ၁ချုပ်)မြေပုံကူး လျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ ၁၉၉၈ ခုနှစ်တွင် ဦးလှမြင့်၊ ဒေါ်ခင်မျိုးထွေးတို့မှ ဘဏ်ငွေချေးရန် မြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ အထက်ပါမြေကွက်၏အကျိုးခံစားခွင့်တို့အား အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး ဝယ်ယူခဲ့သည့် ၂၀၀၂ ခုနှစ်မှစ၍ ယနေ့အထိ ဂရန်မူရင်းနှင့်တကွ ၎င်းမြေကွက်ပေါ်တွင် နေထိုင်လျက်ရှိပါကြောင်း၊ ၎င်းမြေကွက်အား အခြားသူသို့ ရောင်းချ၊ ပေါင်နှံပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းပါကြောင်း အမည်ပေါက်များမှ ဘဏ်ချေးမြေပုံကူးခဲ့ခြင်းအား မသိရှိခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် မြေကွက်ခွဲစိတ်မြေပုံကူးဆောင်ရွက်ခြင်းအား ဆက်လက်၍ ခွင့်ပြုပေးပါရန် လျှောက်ထားသူ ဦးဇာနည်မင်းမှ ၂၁-၁-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာအဖြစ် ရှင်းလင်းတင်ပြလာပါသဖြင့် SP ဦးဇာနည်မင်း၏အရောင်းအဝယ်စာချုပ်ရန် ၂စုံ(၄ ပုံ ၂ ချုပ်) နှင့် မြေပုံခွဲစိတ်ရန် ၁ စုံ (၂ ပုံ ၁ ချုပ်)မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၂)၊ ကွင်းအမှတ်(၄၆၆)၊ ဧရိယာ ၂ ဒသမ ၁၃၉ ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးစန်းဝေ ၁၁/မတန(နိုင်)၀၀၆၅၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၀၂၉၃၀**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/8818 Mitsubishi Canter Truck ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်အောင် ၇/ပတတ(နိုင်)၀၀၀၈၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၄၀၆၉ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်မိုး ၇/ပတန(နိုင်)၁၂၈၆၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**



## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ် (၁၀၇+၁၀၈)ဟုခေါ်တွင်သော အကျယ်ပေ (၈၀x၆၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော် ၁၂/သကတ(နိုင်)၁၆၃၈၆၇ ထံမှ ၂၅-၂-၂၀၂၂ ရက်က "မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေက အရှုပ်အရှင်းကင်းစွာ တရားဝင်လက်ရှိပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နန်းလှမီ**
**၁၃/တယန(နိုင်)၁၀၄၆၅၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်မောင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)**
**ဒေါ်အိဖြိုးပိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၃)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/7663 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၆၆၃ ၊ မြေကွက်တည်နေရာအမှတ်(၆၆၃)၊ ဧရာမင်းလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးတင်အောင် ၁၂/ဗဟန (နိုင်)၀၂၅၂၁၄အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား (ဖခင်) ဦးစိုးတင့်နှင့်(မိခင်) ဒေါ်တင်အေးတို့သည် ကြီးစဉ်ငယ်လိုက်အားဖြင့် ၁။ ဦးမြင့်သိန်း၊ ၂။ ဒေါ်နှင်းကျင်(ကွယ်လွန်) ၊ ၃။ ဦးတင်အောင် (ကွယ်လွန်) ၄။ ဦးသိန်းနိုင် သားသမီး (၄)ဦး မွေးဖွားခဲ့ပါကြောင်း၊ ဖခင်ဦးစိုးတင့်၊ မိခင် ဒေါ်တင်အေး၊ အစ်မဖြစ်သူ ဒေါ်နှင်းကျင်သည် (အပျိုကြီးဘဝဖြင့်)၊ အစ်ကိုဖြစ်သူ ဦးတင်အောင် သည်(လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်ခဲ့ကြပါကြောင်း၊ မြေအမည်ပေါက် ဦးတင်အောင်သည်ကွယ်လွန်စဉ် အချိန်အထိ လူပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးမွေးစားထားခဲ့ခြင်းလည်းမရှိခဲ့ပါကြောင်း၊ မိဘနှစ်ပါးနှင့်အစ်ကို/အစ်မတို့ကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေသည် အထက်သို့ ဆန်တက်ရိုးထုံးစံမရှိ အောက်သို့ သာစုန်ဆင်းရသည့် သဘောသာရှိသဖြင့် ကျန်ရစ်သူ ညီအစ်ကို(၂)ဦးအနက်မှ ညီအရင်းဖြစ်သူ ဦးသိန်းနိုင် တစ်ဦးတည်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဦးသိန်းနိုင်၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်း လမ်းမအမှတ် (၁၆၅၇)နေ ဦးဇော်လင်း-ဒေါ်မာမာအေးတို့၏သမီး မချစ်ဆုဇော် ၇/ပခန (နိုင်)၃၀၅၉၄၆ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ ၎င်းနှင့်မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးဇော်လင်း-ဒေါ်မာမာအေး**

## ဒုတိယဗိုလ်မှူးကြီး အောင်ကြွယ်
## (တပ်မတော်ရေ-ငြိမ်း)၊ ရေ-၃၁၉၂
## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂/၆၁)
## ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ (ဦးဘတင်-ဒေါ်အေးဟန်)တို့၏သား၊ (ဒေါ်အေးအေးသန်း)၏ခင်ပွန်း၊ ဒေါ်မိမိနိုင်၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၇-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၂:၂၇နာရီတွင် (၈၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၂ရက်(သောကြာနေ့) နံနက်တွင် ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်( ၃၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၁၂)လမ်း၊ အမှတ်(၉၇၉)၊ အခန်းအမှတ်(1D)၊ အကျယ်အဝန်း(၄၃'x၃၀'၆")ရှိ Mini Condo တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား Sun Myat Tun Construction Co.,Ltd က ပိုင်ဆိုင်ပြီး ၎င်းကုမ္ပဏီ၏အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးနေလင်းထွန်း ၁၃/တကန(နိုင်)၁၄၉၆၀၇ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၎င်းကုမ္ပဏီသို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း (စာရွက်စာတမ်းမူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်ခင်မာနွယ် | ဒေါ်နန်းစုမြတ်နိုးထွဋ် | ဒေါ်ချောရူပါဝင်း |
| (LL.B,D.B.L) | (LL.B) | (LL.B) |
| (စဉ်-၁၄၂၆၂) | (စဉ်-၁၇၅၉၀) | (စဉ်-၅၂၅၉၃) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊
ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၀၂၂၁၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းသန်းမိုး၊ စက်ခန်းအုပ်လက်မှတ် စမဒ-၅၂၉/၂၀၁၈၊ ၁-၈-၂၀၁၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၉၀၃၂၁၁၆**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ အထက(ခွဲ) ဒသမတန်း သင်ရိုးဟောင်းမှ မခင်မို့မို့အောင်၏ ဖခင် ဦးအောင်ပု၏အမည်မှန်မှာ ဦးအေးသောင်း ၈/မဘန(နိုင်) ၁၀၀၉၇၄ ဖြစ်ပါကြောင်း။ **ဦးအေးသောင်း**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(နတ်စင်ကုန်း) အဋ္ဌမတန်း(ဂ)မှ မောင်ပြည့်ဖြိုးကျော်(ကျောင်းဝင် အမှတ်-၀၁၄၉/၂၁)၏ မိဘအမည်မှန်မှာ ဦးစောပီတာ ၁၂/သဃက(နိုင်)၀၁၁၄၉၂ နှင့် ဒေါ်မြင့်မြင့်အေး ၁၂/သဃက(နိုင်)၀၁၁၄၉၄ဖြစ်ပါကြောင်း။ **ဦးစောပီတာနှင့်ဒေါ်မြင့်မြင့်အေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/၁၅၇၅၀ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၉/ပသက(နိုင်)၀၃၁၅၈၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/75541 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုမြင့် ၁၄/ဟသတ(နိုင်)၃၀၆၆၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/B၊ မြေကွက်အမှတ် ၁၅၇၊ မြေကွက်တည်နေရာအမှတ် ၁၅၇၊ ၁၆/Bရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမင်းသိန်း ၁၃/နခတ(နိုင်)၀၄၈၁၆၆ အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးမင်းသိန်း ၁၃/နခတ(နိုင်)၀၄၈၁၆၆ ထံမှ ၃၁-၇-၂၀၁၇ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးရွှေနု ၁၂/ဒဂန(နိုင်)၀၂၀၀၅၀မှ လည်းကောင်း၊ ဦးရွှေနုထံမှ ၁၁-၁၀-၂၀၁၇ ရက်စွဲပါအရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဦးလှမြိုင် ၁၂/ဥကတ(နိုင်)၀၇၆၁၆၂ ၊ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်)၀၇၅၉၉၉ မှလည်းကောင်း၊ ဦးလှမြိုင်ထံမှ ၃-၄-၂၀၁၈ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဗိုလ်မှူးကြီးစံလင်း(ငြိမ်း) ၁၀/ရမန(နိုင်)၀၁၅၀၇၄ မှလည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ဗိုလ်မှူးကြီးစံလင်း(ငြိမ်း)မှ အဆိုပါ အရောင်းအဝယ်အရပ်ကတိများနှင့် ပါမစ်မူရင်းတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## မကွေးတိုင်းဒေသကြီး
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပခုက္ကူခရိုင်
## ကတ္တရာပေပါခွံ လေလံရောင်းချရန် ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပခုက္ကူခရိုင်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ ဆောင်ရွက်ခဲ့သော ကတ္တရာလုပ်ငန်းများမှ ကတ္တရာပေပါခွံများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ မြန်မာကျပ်ငွေဖြင့် လေလံတင်ရောင်းချလိုပါသဖြင့် အဆိုပြုလွှာတင်သွင်း ဝယ်ယူနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | (က) လေလံလျှောက်လွှာပုံစံ စတင်ရောင်းချမည့် ရက်/အချိန် | - | ၁-၃-၂၀၂၂ရက် (ရုံးချိန်အတွင်း) |
| | (ခ) လေလံလျှောက်လွှာပုံစံ အရောင်းပိတ်မည့် ရက်/အချိန် | - | ၁၄-၃-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ |
| | (ဂ) လေလံစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ | - | ပြန်လည်အကြောင်းကြားပါမည်။ |

၃။ လေလံဆွဲဝယ်ယူရမည့် လျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပခုက္ကူခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး (ရုံးဖုန်း-၀၆၂-၂၄၀၄၄၊ ၀၉-၈၉၈၆၈၀၃၀၇)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၁၂၃၆)၊ ဒေါ်ရီရီတင်(KMYI-၀၀၁၇၆၂)အမည်ပေါက်ပါမစ်မြေ အမျိုးအစား မြေကွက်၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ x ၆၀)ပေ၊ ခြေရင်းဘက်/မိတ္တူခြမ်း၊ အမှတ်(၁၂၃၆/ခ)၊ ပဒုမ္မာ(၁)လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇာခြည်ဝင်း ၁၂/မဘန(နိုင်) ၁၁၀၄၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆွေဆွေမာ** | **ဒေါ်ယဉ်ယဉ်သူ(LL.B)** |
| **၁၂/စခန(နိုင်) ၀၀၂၅၀၉** | **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** |
| | **ဒေါ်တင်ဇာအေးကို(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)** |
| | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆** |

## ဒေါ်သူဇာထွေး ၁၃/ကလန(နိုင်)၁၃၆၆၄၅ နှင့် အများသိစေရန်ကြေညာခြင်း

ဟဲဟိုးမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးပြည့်ဖြိုးအောင် ၁၃/ကလန(နိုင်)၁၂၂၅၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဦးပြည့်ဖြိုးအောင်နှင့် ဒေါ်သူဇာထွေးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ၁၀-၅-၂၀၁၇ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ထို့နောက် ဒေါ်သူဇာထွေးသည် ဦးပြည့်ဖြိုးအောင်အား ၅-၃-၂၀၁၉ ရက်တွင် အကြောင်းမဲ့စွန့်ပစ်ခဲ့ပြီး (၂)နှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ လင်မယားအဖြစ် လာရောက်ပေါင်း သင်းနေထိုင်ခြင်း၊ မယားဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်းများ လုံးဝမရှိပါ။ ထို့ကြောင့် စွန့်ပစ်ခံရသူ ဦးပြည့်ဖြိုးအောင် အနေဖြင့် စွန့်ပစ်သူ ဒေါ်သူဇာထွေးအား မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် လင်ခန်း၊ မယားခန်း ပြတ်စဲကြောင်းကို ဒေါ်သူဇာထွေးနှင့် အများသိစေရန်ကြေညာခြင်းဖြစ်ပါသည်။ ထိုသို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဒေါ်သူဇာထွေးနှင့်ပတ်သက်သည့်ကိစ္စများမှာ ဦးပြည့်ဖြိုးအောင်နှင့် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နှင်းသစ် B.A(IR), HGP, PGDL, MPA, PCT & IP(WIPO Swiss)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၆)**
**အခန်း(၁၁)၊ တိုက်(၂၀၀၁)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၄၂၃၆၆၀၁၉၃**

## ဦးစံသိန်း
## အသက်(၉၁)နှစ်

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်း(၂၀၁)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ (ဦးသိန်း စိုး)-ဒေါ်ခင်ခင်ညို၊ ဦးရဲလတ်-ဒေါ်သန္တာဦး၊ ဒေါ်သီတာထွေး(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ကိုယ်ပွားသတင်းစာတိုက်-မုံရွာ)တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မခြူးဝင့်ယမုံလတ်၊ မချစ်ပန်းယမုံလတ်၊ မချစ်ရတီစိုး၊ မောင်မြတ်ဘုန်းပြည့်စုံခန့်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၆-၂-၂၀၂၂ရက် ည ၇:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၂ရက်တွင် မုံရွာမြို့မ ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အများသိစေရန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်၊ ၁၆လမ်း၊ ၈၁x၈၂လမ်းကြားနေ အဒေါ်ဖြစ်သူ ဒေါ်လှိုင်လှိုင်ဝင်း(ဘ) ဦးလှဖေ ၉/မနမ(နိုင်)၀၀၆၃၇၈ နှင့်အစ်မဖြစ်သူ မရီလှိုင်ဦး (ဘ)ဦးဘိုဘို ၉/အမဇ(နိုင်)၀၁၉၁၀၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးမြို့ ၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်၊ ၁၆လမ်း၊ ၈၁x၈၂လမ်းကြားနေ အဒေါ်ဖြစ်သူ ဒေါ်လှိုင်လှိုင်ဝင်းနှင့်အစ်မဖြစ်သူ မရီလှိုင်ဦးတို့၏ တူ/မောင်ဖြစ်သူ မောင်ဇော်ဇော်ဦးသည် အဒေါ်ဖြစ်သူနှင့် အစ်မဖြစ်သူတို့၏ ဆိုဆုံးမမှုကို လက်မခံဘဲ ၃-၉-၂၀၁၉ ရက်တွင် နေအိမ်မှ ဆင်းသွားခဲ့ပြီးနောက်ပိုင်း ၎င်းအားတူနှင့်မောင်အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ မောင်ဇော်ဇော်ဦးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို အဒေါ်နှင့်အစ်မဖြစ်သူတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **အဒေါ်-ဒေါ်လှိုင်လှိုင်ဝင်း** | **ဦးအောင်ချမ်းငြိမ်း(LL.B)** |
| **အစ်မ- မရီလှိုင်ဦး** | **အထက်တန်းရှေ့နေ** |
| | **စဉ်-၃၄၂၀၄(၁၅-၉-၂၀၁၀)** |
| | **ဖုန်း-၀၉-၇၉၉၉၉၄၃၉၂** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ လမ်းမတော်ကွန်ဒိုစင်တာ(B)ဆောင်၊ တိုက်ခန်းအမှတ်(၀၅-၀၃) အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဝင်း ၁၂/လသန(နိုင်)၀၀၈၅၅၃ က ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်မ ဒေါ်တင်တင်နွယ် ၇/ဖမန(နိုင်)၀၉၀၇၇၂ က ဝယ်ယူရန်အတွက် စရန်ငွေအချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း အထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်တင်တင်နွယ် ၇/ဖမန(နိုင်)၀၉၀၇၇၂**
**အမှတ်(၁၉၈)၊ ၅လမ်း၊ ဖြူးမြို့**

## ဝရမ်းစွဲကပ်သူ တရားနိုင်သို့ပေးရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၅၈)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၁
## ၂၀၂၁ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

| | | |
|---|---|---|
| ဦးကျော်လှိုင် | နှင့် | ၁။ ဒေါ်ချောစုမြင့် |
| | | ၂။ ဒေါ်ချိုချိုဦး |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ဒေါင်းဇရပ်၊ မော်လမြိုင်-ကျိုက္ခမီလမ်းမကြီး၊ ချန်လုံဆံပင်ညှပ်ဆိုင်နေ (၂)လျှောက်ထားခံရသူ ဒေါ်ချိုချိုဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မော်လမြိုင်ခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၁တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် သင်က လျှောက်ထားချက်အရ လျှောက်ထားသူ ဦးကျော်လှိုင်အပေါ်တွင် စွဲကပ်ထားသည့်ဝရမ်းကို ခွာပေးပါမည့်အကြောင်းနှင့် ဤအကြောင်းကြားစာနှင့် ပူးတွဲပါသည့်လျှောက်လွှာလက်ခံနှင့် ကျမ်းကျိန်လွှာအတိုင်း ဦးကျော်လှိုင်က ဤရုံးတွင် လျှောက်ထားသည်ဖြစ်၍ ဝရမ်းစွဲကပ်သူတရားနိုင်အနေနှင့် သင်က ဝရမ်းစွဲကပ်ပိုင်ကြောင်းကို လျှောက်လဲချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ လျှောက်လဲချေဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မတ်လ ၂၄ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီ တွင် ဤရုံးတော်ရှေ့ လာရောက်စေရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က)ရပ်ကွက်၊ (က-၄)လမ်း၊ မြေကွက်အမှတ်(၂၉၇)တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၂၃၉)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄ လွှာ)ခေါင်းရင်းခန်း တိုက်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဦးလှငွေ ၁၂/အစန(နိုင်)၀၄၇၈၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးငြိမ်းချမ်းလင်း ၈/ခမန(နိုင်) ၁၀၉၈၃၀ နှင့် ဒေါ်မေဖြူဖြူအောင် ၈/ခမန(နိုင်)၁၂၆၄၄၁ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ယနေ့မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်(B-6)၊ အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ဝက်ချုပ်ကုန်း(တောင်)ကျေးရွာ၊ မူလတန်း(လွန်)ကျောင်း၊ Grade(6)မှ မအေးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးညီတင် (LKW ၀၈၆၈၅၅) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ဦးကျော်ဟိန်း၏ သမီးဖြစ်သူ မယဉ်မီမီကျော် စတုတ္ထတန်း၊ အထက (၈)၊ ဇမ္ဗူသီရိ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉- ၂၀၁၀ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ အိမ်အမှတ်(၂၁၂)နေ ဒေါ်မင်းမင်းအေး ၉/မကန(နိုင်)၀၈၄၀၀၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)၊ ကွင်းအမှတ်(၆၇၃)၊ အကျယ်အလျား ၁၀၀ပေxအနံ ၁၀၀ပေရှိမြေကွက်မှာ ဒေါ်မင်းမင်းအေးတရားဝင်ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။ ယင်းမြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအား အာမခံပေး၍ ငွေချေးသည့်အပေါ် ၁၄-၁၂-၂၀၁၃ ရက်စွဲပါ ဟန်ဆောင်အရောင်းအဝယ်စာချုပ်၍ ငွေကျပ်သိန်း(၅၀)အား ဦးထွန်းရီထံမှ ငွေကျပ် ၁၀၀ိ/-လျှင် ၆%(ရာခိုင်နှုန်း) အတိုးဖြင့် ချေးယူခဲ့ပါသည်။ လစဉ် အတိုးများကို ဦးထွန်းရီ၏ချွေးမ မခိုင်မီမီလွင်တို့မှ လက်ခံရယူခဲ့ပါသည်။ ဦးထွန်းရီ ကွယ်လွန်ပြီးနောက် ချေးငွေအားပြန်လည်ပေးဆပ်မည့်အထက်ပါမြေကွက်၏အာမခံပေးထားသောစာရွက်အား ပြန်လည်ပေးရန် ၎င်း၏ချွေးမထံပြန်လည်ရွေးနုတ်ရာ ယနေ့အချိန်ထိပြန်ရွေးမခံပါ။

ထို့ကြောင့် အထက်ပါမြေကွက်မှာ ဒေါ်မင်းမင်းအေး၏ လက်ဝယ်တွင်ရှိပြီး ဒေါ်မင်းမင်းအေးမှသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသောကြောင့် ဦးထွန်းရီ၏ အမွေစားအမွေခံများ တရားဝင်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မင်းမင်းအေး** | **ဒေါ်သီတာထူးကြွယ်(LL.B, D.B.L)** |
| **၉/မကန(နိုင်)၀၈၄၀၀၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၄၀၄၄** |
| | **ဖုန်း-၀၉-၄၂၈၃၁၉၈၉၀** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် -၆၇၈

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် | နှင့် | ၁။ ဒေါ်သင်းလှိုင် |
| မန္တလေးဘဏ်ခွဲ(၃)၊ ဘူတာကြီး | | ၂။ ဦးရန်နိုင်ထူး |
| ဘဏ်ခွဲ(၎င်း၏ကိုယ်စားဘဏ်ခွဲတာဝန်ခံ/ | | ၃။ ဒေါ်နီနီအောင် |
| မန်နေဂျာဒေါ်ပြုံးပြုံးစိုး) | | |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂ဆ)၊ မြချမ်းသာ ၇၇၇ကုမ္ပဏီလီမိတက်ပိုင်ရှင်၊ ၁၉လမ်း၊ ၅၇x၅၈လမ်းကြား၊ အကွက်(၄၈)၊ အနိုပ်တော်ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်က ဘဏ်ပေါင်ချေးငွေ (၂၃၄၀၄၉၇၃၂ ကျပ် ၈၀ပြား) အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၁၈ရက် (၁၃၈၃ ခုနှစ် တန်ပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ (၇)လမ်း၊ အိမ်အမှတ်(၆၄)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာန်ဦး ၁၂/သကတ(နိုင်) ၁၇၃၄၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ဟေမာန်ဦးသည် ၂၇-၂-၂၀၂၀ ရက်တွင် ဦးဇော်ထွန်း ၁၂/မဂဒ(နိုင်) ၀၇၈၉၇၅ ထံမှ မော်တော်ယာဉ်အမှတ် 7N/4127, NISSAN CLIPPER U71V, DELIVERY VAN(4x2)R, WHITE အား ဝယ်ယူခဲ့၍ အဆိုပါမော်တော်ယာဉ်နှင့် ယာဉ်မှတ်ပုံတင်စာအုပ်တို့အား လက်ဝယ်ပိုင်ဆိုင်ထားသူ ယာဉ်ပိုင်ရှင်(Owner)ဖြစ်ပါသည်။ ထို့ပြင် ဒေါ်ဟေမာန်ဦးသည် ၈-၉-၂၀၂၀ ရက်တွင် သာကေတမြို့နယ် မြို့နယ်အခွန်ဦးစီးဌာန၌ အဆိုပါ မော်တော်ယာဉ်အတွက် အခွန်ထမ်းဆောင်ထားသူလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမော်တော်ယာဉ်၏ ပိုင်ရှင်ဖြစ်သူ ဒေါ်ဟေမာန်ဦး၏ သဘောတူညီမှုမရှိဘဲ အဆိုပါမော်တော်ယာဉ်အား မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း (လုံးဝ)မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချိုချိုပြုံး(LL.B)** | **ဒေါ်စုမြတ်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၀)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၃၇၈)** |

**ရုံးခန်း-အမှတ်(၅၂၉)၊ နွယ်သာကီ(၄)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၇၇၈၇၄၈၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဒေါင်းလည်ကျေးရွာအုပ်စု၊ ဒေါင်းလည်ကျေးရွာနေ ဦးညဏ်တင်-ဒေါ်သန်းနု တို့၏သားဖြစ်သူ မောင်မိုးဇော်လင်း ၉/ကပတ(နိုင်)၁၇၈၁၆၉ သည်မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ၊ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးညဏ်တင်-ဒေါ်သန်းနု**
**ဒေါင်းလည်ကျေးရွာ၊ကျောက်ပန်းတောင်းမြို့**

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❖ နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်း များစွာရှိနေပါတယ်။

❖ တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်းမဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန် ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

❖ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက် အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီး ပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကျောက်မောင်နှမကမ်းခြေတွင် ရုံးပိတ်ရက်အတွင်း အပန်းဖြေကြသူများဖြင့် စည်ကား

ရွှေသောင်ယံ ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကျောက်မောင်နှမကမ်းခြေတွင် စနေ၊ တနင်္ဂနွေနေ့ရုံးပိတ်ရက်များ၌ အပန်းဖြေဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ကျောက်မောင်နှမကမ်းခြေသည် ချောင်းသာကမ်းခြေနှင့် နီးကပ်ပြီး ချောင်းသာ၊ ရွှေသောင်ယံကားလမ်းဘေး၌တည်ရှိကာ ချောင်းသာ၊ ရွှေသောင်ယံသို့ လာရောက်အပန်းဖြေကြသောဧည့်သည်များ မဖြစ်မနေ ဝင်ရောက်လည်ပတ်ကြသည့် ကမ်းခြေတစ်ခုဖြစ်သည်။

အဆိုပါကမ်းခြေသည် ကျောက်မောင်နှမမှ ကျောက်ထရံစေတီတော်ထိ အလျားဆန့်လျှင် ပေ ၁၂၀၀ သာရှည်လျားပြီး၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များနှင့် နေ့ထူးနေ့မြတ်ပွဲတော်ရက်များတွင် စည်ကားသော နေရာတစ်ခုဖြစ်သည်။ ကမ်းခြေတွင် လည်ပတ်စရာနေရာများမှာ

*စာမျက်နှာ ၁၈ ကော်လံ ၁* ❂



ယနေ့ သ တင်း အ ညွှန်း

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာ - ၁၂

ယူကရိန်းတပ်ဖွဲ့ဝင်များက ရုရှားတို့ကို ခုခံတိုက်ခိုက်လျက်ရှိဟု ယူကရိန်းသမ္မတဇီလန်စကီပြော

စာ - ၁၃

နာမည်ကျော် ပန်းချီဆရာ ဆရာမများ၏လက်ရာ ပန်းချီကားများ အွန်လိုင်းမှပြသသွားမည်

စာ - ၂၃

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သမားများ သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူ အမျိုးသားနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် ၇၃ လမ်းနှင့် ၁၀၇ လမ်းထောင့်၌ အကြမ်းဖက်သူအမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားနှစ်ဦးတွင်

*စာမျက်နှာ ၁၈ ကော်လံ ၁* ◆